

www.burmeseclassic.com
မောင်သိုမှိုင်း (သန်လျင်)
စီစဉ်သော
အနိစ္စသဒါရ
အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ
မိုးကြယ်
မောင်သိုမှိုင်း (သန်လျင်)
မောင်မျိုးကြီးသိန်းဝင်း
နှသိင်တာ
ဝင်းစိုး
လှဦး
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၆၃၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၂၀၉၀၂၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ မေလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

၈၉၅ . ၈၃
ညီမှိုင်း၊ မောင်၊ သန့်လျှင်
အနိစ္စသင်္ခါရအပါအဝင်ဂန္ထိရဝတ္ထုတိုများ /
မောင်ညီမှိုင်း(သန့်လျှင်)၊ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၃၁ – စာ ၊ ၂၁၆ စင်တီ။
(၁)အနိစ္စသင်္ခါရအပါအဝင်ဂန္ထိရဝတ္ထုတိုများ

# မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ထောင်ချခံရသောသစ်ကားကြီး | ၁ |
| | *ထောင်မှူးကြီးသိန်းဝင်း* | |
| ၂။ | အမှုရပြီထင်ပါသည် | ၄၅ |
| | *နန္ဒာမိုးကြယ်* | |
| ၃။ | ဖဝါးခြေထပ်လိုက်ခဲ့တယ် | ၆၂ |
| | *ခိုင်ခန့်သိင်စာ* | |
| ၄။ | ကနားစီးမစံနှင့်အပျိုခေါင်းမသုန် | ၈၃ |
| | *နတ်လူဦး* | |
| ၅။ | ကျိန်စာသင့်မှုဆိုး | ၁၀၉ |
| | *အောင်ခင်စိုး* | |
| ၆။ | ထို့ကြောင့် အနိစ္စသင်္ခါရဟု ခေါ်ကြလေကုန်သတည်း | ၁၃၄ |
| | *မောင်ညီမှိုင်း (သန့်လျှင်)* | |

❖

www.burmeseclassic.com



# ထောင်ချခံရသော သစ်ကားကြီး

ကျွန်ုပ် သစ်တောအရေးပိုင်အဖြစ် စစ်ကိုင်းတိုင်းတွင် တာဝန်ကျစဉ်ကဖြစ်သည်။ ကျွန်ုပ်အုပ်ချုပ်ရသောနယ်မြေမှာ အတော်ကျယ်ပြန့်သည်။ အင်းတော်၊ ဗန်းမောက်၊ ဖောင်းပြင်၊ ပင်ဘယ်ဘူး၊ မော်လိုက်၊ ကျွန်းလှ၊ ကလေးဝ၊ တန့်ဆည်မြို့နယ်များထိ ရှိသည်။ တစ်လ နှစ်ကြိမ် ကွင်းဆင်းစစ်ဆေးရရာ တစ်လလုံးနီးနီး တောထဲတွင် အနေများသည်။ ထို့ကြောင့်လည်း တောစာတောင်စာစားပြီး အမဲလိုက်မုဆိုး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

တစ်ခါတွင် ဗန်းမောက်တိုက်နယ် ဖန်ခါးကုန်းဘိုတဲ သစ်ကွက်တွင် ကားတိုက်၍ လူသေမှုဖြစ်၍ ကွင်းဆင်းစစ်ဆေးရသည်။ ကျွန်ုပ်စခန်း





ချရာ ကျွန်းလှမြို့မှ ဗန်းမောက်အထိ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် သွားရသည်။ ဗန်းမောက်ရောက်သော်လည်း တောတွင်းရှိ ဖန်ခါးကုန်းဘိုတဲသို့ သစ်ကားကြီးစီး၍ သွားရပြန်သည်။ ဖန်ခါးကုန်းစခန်းမှာ သစ်ထုတ်လုပ်ရေးစခန်းရှိသဖြင့် စခန်းကြီးဖြစ်သည်။ ဝန်ထမ်းအင်အား ငါးဆယ်ခန့်ရှိသည်။ သစ်တောအုပ်၊ ချောင်းအုပ်၊ ဆင်ခေါင်းနှင့် သစ်တိုက်ကားများရှိသည်။ ထိုစဉ်က သစ်ကားများမှာ FORD ကုမ္ပဏီထုတ် ခေါင်းတိုသစ်တိုက်ကားများဖြစ်သည်။

ခရီးပန်းသော်လည်း မနားဘဲ အမှုဖြစ်စဉ်အား စစ်ဆေးကြ၏။

သစ်တိုက်ကားဝင်လာစဉ် ဝင်းတံခါးဖွင့်ပေးသော ဝန်ထမ်းအားဝင်တိုက်မိခြင်းဖြစ်သည်။ သစ်သားဖြင့် အခိုင်အမာလုပ်ထားသော ဝင်းတံခါးကြီးလည်း ကျိုးပဲ့ကြေမွသွားသည်။ ကျွန်ုပ် ကားမောင်းသူဒရိုင်ဘာနှင့် မျက်မြင်သက်သေများအား စစ်ဆေးရသည်။ ကျွန်ုပ် ကားမောင်းသမားအား စစ်ဆေးရာ..

"မောင်မင်း ကားမောင်းတုန်းက အရက်သောက်ထားလား"

"မသောက်ရသေးပါဘူး အရေးပိုင်မင်း"

"အရက်တော့ သောက်တတ်တယ်ပေါ့.. ဟုတ်သလား"

"ဟုတ်ပါတယ် အရေးပိုင်မင်း..။ အလုပ်သိမ်းချိန် ညပိုင်းမှာ သောက်လေ့ရှိပါတယ်။ ကျွန်တော် တာဝန်ချိန်မှာ သောက်လေ့မရှိပါဘူး"

"ဘယ်အချိန်က အမှုဖြစ်တာလဲ"

"တစ်နေ့က ညနေပိုင်း အလုပ်သိမ်းပြီးပြန်အဝင် ညနေ (၇) နာရီလောက်က ဖြစ်တာပါ"

"မောင်မင်း ဒီစခန်းမှာ အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ပဲ ရှိပါသေးတယ်ခင်ဗျာ။ အရင်နေ့တွေက

www.burmeseclassic.com



စောစောပြန်ရောက်တတ်လို့ ပြဿနာမဖြစ်ပါဘူး။ တစ်နေ့ကတော့ မိုးချုပ်သွားလို့ ဖြစ်တာပါ”

“ကားက မီးလုံးတွေ မကောင်းဘူးလား”

“ဟုတ်ကဲ့..။ ကျွမ်းနေတာလား၊ ဝါယာပြတ်နေတာလား မသိ။ မီးမလင်းပါဘူးခင်ဗျား။ မီးမကောင်းလို့ ကျွန်တော် စောစောအလုပ်သိမ်းလေ့ရှိပါတယ်။ နောက်ပြီး..”

“နောက်ပြီး ဘာဖြစ်သလဲ၊ ဆက်ပြောပါ”

“ဒီတားကြီးက သရဲစီးနေတဲ့ ကားကြီးခင်ဗျ။ မိုးချုပ်ရင် သူက ဖောက်လာတတ်တယ်။ အရင်ကလည်း လူသေမှုဖြစ်ဖူးတယ်၊ အရင်လက ဗန်းမော်မြို့ကအပြန် ခရီးကြုံလိုက်လာတဲ့ ဆင်စခန်းအနီးရွာက လူတစ်ယောက်လည်း ဖန်ခါးကုန်းဘိုတဲနားမှာ ပြုတ်ကျလို့ ကားနောက်ဘီးနဲ့ ကြိတ်ပြီး သုံးဖူးပါတယ်၊ အဲဒါကြောင့် ဒရိုင်ဘာကို အရေးယူပြီး ကားပေါ်က ချ။ ကျွန်တော့်ကို တင်တာပါ”

“လူသေမှုဖြစ်တာ ကားနဲ့ဘာဆိုင်သလဲ။ ဒရိုင်ဘာပေါ့လျော့လို့ ဖြစ်တာပေါ့။ မီးမကောင်းရင် မော်တော်ယာဉ်မှူးကို သတင်းပို့ပြီး ပြင်ပေါ့။ ဝါယာကြိုးပြတ်တာလောက်ကိုတော့ ဒရိုင်ဘာလုပ်သူက စစ်ဆေးပြီး ပြင်ပေါ့။ တောထဲတောင်ထဲ သွားရလာရတာ မီးမရှိလို့ ဘယ်ဖြစ်မလဲ။ လမ်းမှာ ကားပျက်ရင် ဘယ်လိုလုပ်မလဲ၊ ဒီကားကြီးက မိုးချုပ်ရင် ဖောက်လာတတ်တယ်၊ သရဲစီးနေတယ်ပြောတာ ဘာအတွက်လဲ”

“ဒီလိုပါခင်ဗျာ..။ ကျွန်တော်တို့က သစ်ရာပင်သစ်ကွက်ကနေ ဗန်းမော်သစ်စခန်းကို သစ်လုံးတွေပို့ရပါတယ်။ ညနေစောင်းလို့ မိုးချုပ်မယ်ထင်ရင်တော့ ဗန်းမော်ကိုမသွားတော့ဘဲ ဒီစခန်း(ဖန်ခါးကုန်းစခန်း) မှာပဲ သစ်လုံးတွေချရပါတယ်။ ကျွန်တော် ဒီကားကို စမောင်းပြီး တစ်လ





အတွင်းမှာပဲ နှစ်ကြိမ်သုံးကြိမ် ကြုံဖူးပါတယ်၊ ညမိုးချုပ်တာနဲ့ ကားနောက်ခန်းက အပုပ်နံ့ရပြီး ညည်းသံကြီးကြားရပါတယ်။ အဲဒီအချိန်မှာ ကားစတီရာတိုင်က အရမ်းလေးလာပြီး သွားလိုရာ ဆွဲလို့မရတော့ဘူး။ သူသွားချင်ရာ သွားတော့တာပဲ။ ဘရိတ်ကလည်း မကောင်းတော့ ရပ်မရဘူး။ နောက်ဆုံး ချောက်ထဲမကျအောင် ကားစက်ရပ်ပစ်ရတော့တာပါပဲ”

“မောင်မင်းပြောတာ အမှန်တွေပဲလား။ မနက်ဖြန်ကျရင် ကားကို အသေးစိတ်စစ်ကြည့်မယ်။ မှန်ရင်တော့ မောင်မင်းသက်သာမယ်။ မမှန်ကန်ဘဲ လိမ်ပြောရင်တော့ ဥပဒေအရ အရေးယူမယ်”

“စစ်ဆေးကြည့်ပါ အရေးပိုင်မင်းခင်ဗျား။ ကျွန်တော်လိမ်ပြောတာဆိုရင် ကျွန်တော့်ကို ကြိုက်သလိုအရေးယူပါခင်ဗျား”

“ကောင်းပြီ..မောင်ရင်နားတော့၊ ကျန်သက်သေတွေကို ဆက်စစ်ဆေးမယ်”

ထို့နောက် ကျွန်ုပ်တို့အဖွဲ့ စခန်းတွင် မျက်မြင်သက်သေအဖြစ်ရှိနေကြသော မော်တော်ယာဉ်မှူး၊ ဆင်ခေါင်းနှင့် ချောင်းအုပ်များအား ဆက်စစ်ဆေးရာ ကားကြီးမှာ သရဲစီးနေသည်ဆိုခြင်းမှာ မှန်ကန်ကြောင်း၊ ညဘက်တွင် သူ့အလိုလို စက်နိုးနေတတ်၍ ညဘက် ကားသိမ်းလျှင် ဂျမ်းတုံးများခုထားရလေ့ရှိကြောင်း၊ ဒရိုင်ဘာလည်း မမြဲကြောင်း ထွက်ဆိုကြပါသည်။ ထိုညက မိုးအတော်ချုပ်မှ စစ်ဆေးမှုပြီးစီးသည်။ ကျွန်ုပ်တို့ ညစာစားကြပြီး အိပ်ရာဝင်ကြ၏။ တောထဲတောင်ထဲလည်းဖြစ်၊ ဆောင်းရာသီလည်းဖြစ်၍ အတော်အေးလှသည်။ ထိုညက ခရီးကလည်းပန်း၊ ညစာလည်း တောစာတောင်စာစားရ၍ ကျွန်ုပ် နှစ်ခြိုက်စွာအိပ်ပျော်သွားရာ မနက် လင်းကြက်တွန်မှ တစ်ရေးနိုးတော့သည်။ မကြာမီ လုပ်ငန်းခွင်ဝင်ကြရန်အတွက် ကားသံ၊ ဆင်သံ၊ လူသံများအား ဆူညံစွာကြားရ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကျွန်ုပ်၏ထုံးစံအတိုင်း အရှေ့ဘက်ဦးတွင် အိပ်ရာမှထ၍ သွားတိုက်၊ မျက်နှာသစ်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်သည်။ ကျွန်ုပ်၏တပည့်ကျော် အောင်ဘုကတော့ Breakfast စားကြရန်အတွက် ပြင်ဆင်နေပြီဖြစ်သည်။ အရှေ့ဘက်ဦးတွင် နိုးထလာကြသော တောငှက်များတွန်ကျူးသံ၊ ချေဟောက်သံများကို အဝေးဆီမှ ကြားနေရသည်။ တောသဘာဝ တေးဂီတသံများ ဖြစ်ပေသည်။

❋ ❋ ❋

ကျွန်ုပ်တို့အဖွဲ့ မနက် (၆) နာရီခန့်တွင် မနက်စာ စားကြသည်။ တပည့်ကျော်အောင်ဘု စီစဉ်ပေးသော ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီမျှသာဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ဟုဆိုရာ၌လည်း ကျွန်ုပ်နှင့် ကျွန်ုပ်၏လက်ထောက် တောအုပ်ဖော်မင်းနှင့် လက်နှိပ်စက်စာရေး ကျော်စိန်ဝင်းတို့သာ ဖြစ်သည်။

ကျွန်ုပ်တို့ စားသောက်ပြီး ဖန်ခါးကုန်းဘိုတဲမှ စခန်းသို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ဘိုတဲနှင့် သစ်စခန်းမှာ ကိုက် (၂၀၀) ခန့်သာ ဝေးသည်။ တပည့်ကျော် အောင်ဘုကတော့ နေလယ်စာချက်ပြုတ်ရန် ဘိုတဲတွင် ကျန်ခဲ့သည်။ နံနက် (၇) နာရီခန့်ရှိပြီဖြစ်သော်လည်း တောတွင်း





စခန်းဖြစ်၍ နှင်းမကွဲသေး။ တောရိပ်တောင်ရိပ်ကြောင့် အေးစိမ့်ချမ်းအေးနေသဖြင့် အနွေးထည်ထူထူဝတ်ခဲ့သော်လည်း လက်ဖျား၊ ခြေဖျားနှင့် မျက်နှာ၊ နားရွက်ဖျားတို့က နှင်းငွေ့ရိုက်သဖြင့် အေးစက်နေသည်။ ပြင်းပြင်းကလေးလမ်းလျှောက်လိုက်မှ နွေးထွေးသွားသည်။

စခန်းရောက်တော့ မော်တော်ယာဉ်မှူးက ဆတ်သားခြောက်ဖုတ်၊ ရေနွေးကြမ်းကျကျတို့ဖြင့် ဧည့်ခံသဖြင့် စားသောက်ကြရင်း သစ်ကားကြီးအကြောင်း မေးမြန်းရသည်။

ကျွန်ုပ်. .

"မော်တော်ယာဉ်မှူး ဦးလှသောင်းရေ၊ ဒီသစ်ကားကြီးက ခင်ဗျားတို့စခန်းရောက်တာ ကြာပြီမို့လား"

ဦးလှသောင်း. .

"ကြာပါပြီ ဆရာ။ ငါးနှစ်ကျော်ပါပြီ"

"အရင်ကရော ဘာဖြစ်သေးသလဲ"

"အရင်နှစ်တွေက ဘာမှမဖြစ်ပါဘူး ဆရာ၊ ပုံမှန်ပါပဲ။ စက်ကလည်း ကောင်းတယ်။ ဒရိုင်ဘာလည်း မြဲပါတယ်"

"အခုလို ပြဿနာဖြစ်လာတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လသုံးလပဲ ရှိဦးမယ် ဆရာ"

"ဘာတွေ အမှားအယွင်းရှိလို့လဲ"

"အမှားအယွင်းတော့ မရှိပါဘူး-ဆရာ။ ဒီနှစ်လသုံးလအတွင်းမှာ ဒီကားရဲ့ သစ်လုံးတင်တဲ့ 'ဖရိမ်တန်း' တွေ မကောင်းတော့လို့ လဲထားတာပဲ ရှိပါတယ်"

မှတ်ချက်။ ။ ဖရိမ်တန်းခင်းသစ်လုံးများကို ဖင်တုံး (ဆင့်ထုံး) ဟုလည်း ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖရိမ်တန်းက ဘာသစ်သားနဲ့ လုပ်တာလဲ"

"ဖန်ခါးသားဆရာ..။ ဖန်ခါးသားက ပျဉ်းတွဲတွဲမို့ အထိအခိုက်၊ အပွန်းအပဲ့ ခံနိုင်တယ်။ ကျွန်းသားက ပွတယ်။ အသုံးမခံဘူး။ ပျဉ်းကတိုးကျတော့ လေးပြီး ဆတ်တယ်။ သစ်တင်ကားဖရိမ်လုပ်တာတော့ ကျွန်တော်တို့ဆီမှာ ဖန်ခါးသားပဲ အသုံးများတယ်။ စခန်းမှာ သစ်ခွဲစက်လည်း ရှိတော့ လိုတဲ့ဆိုက်ကို ဝိုင်းဆရာက ခွဲပေးပြီး ဖရိမ်တင်တာပါပဲ ဆရာ"

"အဲဒါ ဘယ်လောက်ကြာပြီလဲ"

"နှစ်လသုံးလပဲ ရှိသေးတယ် ဆရာ"

"အဲဒါဆို အခုပြဿနာဖြစ်တာလည်း နှစ်လသုံးလအတွင်းဆိုတော့ တိုက်ဆိုင်နေတာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လည်း အခုမှ တိုက်ဆိုင်နေတာကို စဉ်းစားမိတော့တယ်"

"အဲဒီဖန်ခါးပင်ကြီးက ဘယ်နားက ခုတ်တာလဲ"

"ပိန္နဲကုန်း ယာယီစခန်းနားကပါ ဆရာ။ ကျွန်တော်တို့ ဒီစခန်းနားမှာ ဖန်ခါးပင်တွေပေါ်လို့ ဖန်ခါးကုန်းစခန်းခေါ်ပေမယ့် သစ်ခွဲဖို့ ဖြောင့်ဖြောင့်ကျတော့ ဒီအနီးပတ်ဝန်းကျင်မှာ မရှိဘူးဆရာ။ ဒါကြောင့် လိုက်ရှာရင်းနဲ့ ပိန္နဲကုန်းစခန်းနားက ရတာပါ"

"ပိန္နဲကုန်းစခန်းက ဒီဖန်ခါးကုန်းစခန်းနဲ့ ဘယ်လောက်ဝေးသလဲ"

"နှစ်မိုင်ကျော်ကျော်လောက် ဝေးမယ်ထင်တယ် ဆရာ။ ပိန္နဲကုန်းရွာနဲ့လည်းနီးတယ်။ ရိုးမတောင်ခြေရင်းမို့ သားကောင်လည်း အလွန်ပေါတယ်"

"ဒါဆို ဒီက ကိစ္စတွေပြီးရင် ပိန္နဲကုန်းစခန်းမှာ ညအိပ်သွားပြီး





တောပစ်ကြရအောင်။ ခင်ဗျားစီစဉ်ပေးဗျာ"

"ဟုတ်ကဲ့..စီစဉ်ပေးပါ့မယ်။ ဒါပေမဲ့ အဲဒီစခန်းက မြေကြမ်းပြီး ရေနဲ့ဝေးပြီး ရှားလို့ ကျွန်တော်တို့ စခန်းဟောင်းဖျက်လိုက်ပြီးပါပြီ။ ဆရာတို့ ညအိပ်အမဲလည်ချင်ရင်တော့ စခန်းမှာ ယာယီတဲထိုးဖို့အတွက် ရှက်ဖျင်တွေရှိပါတယ်။ ကျွန်တော် မနက်ဖြန်နံ့ပဲ သွားထိုးထားလိုက်ပါ့မယ်"

"အေးဗျာ..ကောင်းသလို စီစဉ်ပါ။ အခုတော့ သစ်ကားကြီးကို စစ်ဆေးကြရအောင်"

"ဟုတ်ကဲ့ဆရာ..အဆင်သင့်ပါပဲ"

ကျွန်ုပ်တို့အဖွဲ့ မော်တော်ယာဉ်ဝင်းဘက်သွားပြီး သစ်ကားကြီးကို စစ်ဆေးကြသည်။ ကားကြီးမှာ FORD အမျိုးအစား ခေါင်းတိုဖြစ်၍ တောင့်တင်းသည်။ ဖရိမ်သစ်များမှာလည်း အသစ်လဲထားသဖြင့် နိုင်မာသည်။ ဖန်ခါးသားဖြစ်၍ အဝါရောင်ပြေးနေသည်။ စက်နှိုးကြည့်ရာ အင်ဂျင်လည်း ကောင်းသေးသည်။ စတီးရာတိုင်ကတော့ တောကားပီပီ Clearance များသည်။ မီးလိုင်းများအား စစ်ဆေးရာ ဝါယာကြိုးပြတ်နေခြင်းဖြစ်သဖြင့် အသစ်လဲလှယ်တပ်ဆိုင်းရာ မီးကြီးပြန်လင်းသည်။ ဘရိတ်ကတော့ သိပ်မကောင်း။ နှစ်ချက်သုံးချက်တော့မှ မိသည်။ ဘရိတ်ဆုံဝါရှာများ အသစ်လဲရန်လိုပေလိမ့်မည်။ စခန်းမော်တော်ယာဉ်တွင် အသင့်မရှိ။ ဗန်းမောက်သို့ သွားဝယ်မှ ရပေလိမ့်မည်။ ကားအပြစ်က သိပ်မရှိတော့ ဒရိုင်ဘာကိုသာ အရေးယူရတော့မည်ဖြစ်သည်။ သို့သော် ကျွန်ုပ် ဒရိုင်ဘာကို သနားသဖြင့် ခေတ္တဆိုင်းငံ့ထားလိုက်သည်။

ကျွန်ုပ်က..

"မော်တော်ယာဉ်မှူး ဦးလှသောင်းရေ..။ ဒီပတ်ဝန်းကျင်မှာ ဘာကောင်တွေပေါသလဲ။ ညကျရင် ဒီကားကြီးနဲ့ ညမီးလည်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . ဒီပတ်ဝန်းကျင်မှာ ဆတ်တွေ၊ ချေတွေ၊ တောဝက်တွေ ပေါပါတယ်။ ညမီးလည့်ရင် မရ မရှိပါဘူး။ ဒါပေမဲ့ ဒီကားကြီးကို မသုံးပါနဲ့။ တခြားကားတွေ ရှိပါတယ်။ ဒီကားကြီးကို မောင်းရဲတဲ့သူ မရှိဘူး ဆရာ"

"ထားပါဗျာ. . ။ မပူပါနဲ့. . ။ ကျွန်တော်ကိုယ်တိုင်လည်း လိုက်မယ်။ ကျွန်တော့်တပည့် အောင်ဘုက Expert ပါ။ သရဲ တစ္ဆေလည်း မကြောက်တတ်ဘူး"

"ဆရာသဘောပါပဲ။ အန္တရာယ်ရှိမှာ စိုးလို့ပါ"

ထိုနေ့က ကျွန်ုပ်တို့အဖွဲ့ နေလယ်စာစားပြီးသည်နှင့် အိပ်စက်အနားယူကြသည်။ ညမီးလည့်လျှင် အိပ်ရေးပျက်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ညနေ အိပ်ရာထတော့ တပည့်ကျော်အောင်ဘုစီစဉ်ပေးသော ညနေစာအား စောစောစားကြ၏။ ညမီးလည့်ရန် Eveready Hunter Light (၈) ခဲထိုးဓာတ်မီးနှင့် လက်နက်များ ပြင်ဆင်ရတော့သည်။ ကျွန်ုပ်တွင် ဒသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီး ပါသလို ကျွန်ုပ်၏လက်ထောက်တောအုပ်ဖော်မင်းတွင် ဒသမ ၅၀၀ ဝင်ချက်စတာအမျိုးအစား နှစ်လုံးပြူးသေနတ်ကြီး ပါသည်။ လက်နှိပ်စက်စာရေး ကျော်စိန်ဝင်းကတော့ မီးကစားရာတွင် ကျွမ်းကျင်လှသည်။

ည (၇) နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့ သရဲစီးနေသည်ဆိုသော သစ်ကားကြီးဖြင့် သစ်ရာပင်စခန်းဘက်သို့ သစ်တိုက်ကားလမ်းအတိုင်း ထွက်ခဲ့ကြသည်။ မီးကြီးများ ကောင်းသဖြင့် လမ်းကို အတိုင်းသားမြင်ရသည်။ တောတွင်း မီးအလင်းရောင်ကြောင့် တောယုန်တစ်အုပ် ကားနှင့်ယှဉ်ပြေးလိုက်လာသည်ကို မြင်ရသော်လည်း ကျွန်ုပ်တို့ မပစ်ပါ။ ခရီးတစ်ဝက်ခန့် တောင်ကုန်းအဆင်း စမ်းချောင်းတစ်ခုတွင် တောဝက်အုပ်





ရေသောက်ဆင်းနေရာ ကားမီးရောင်အား ကြောင်ကြည့်နေသဖြင့် တောအုပ်ဖော်မင်းက သူ၏နှစ်လုံးပြူးသေနတ်ကြီးဖြင့် ဘယ်ပြောင်း၊ ညာပြောင်း ဆွဲ၍ပစ်လိုက်ရာ. .

"ဒိန်း. . ဒိန်း. ."

တောဝက်မနှစ်ကောင် စမ်းချောင်းထဲပြုတ်ကျ၍ ငြိမ်သွားတော့သည်။ ကားနောက် သစ်တင်ဘော်ဒီပေါ်တွင် မတ်တတ်ရပ်၍ လိုက်လာကြသော မော်တော်ယာဉ်မှူးဦးလှသောင်းနှင့် ကျွန်ုပ်၏တပည့် ကျော်စိန်ဝင်းတို့က အပြေးဆင်းကောက်ကြသည်။ အချိန်လေးဆယ်ခန့် ဝက်ပျိုမနှစ်ကောင်ဖြစ်သည်။ သစ်ကားကြီးနောက်ဖရိမ်ပေါ်တင်၍ အသင့်ရှိနေသော ကြိုးများဖြင့် ချည်နှောင်ပြီး ကျွန်ုပ်တို့လည်း ကားပေါ်ကဆင်း၍ ဝက်အုပ်နောက်သို့ လိုက်ကြသည်။ စမ်းချောင်းအတိုင်း လိုက်ကြရာ နှစ်လုံးပြူးသေနတ်ကြောင့် ဒဏ်ရာရသွားသော ဝက်အုပ်ကို မီသည်။ ဝက်သိုးကြီးမပါသဖြင့် ကျွန်ုပ်နှင့်ဖော်မင်းတို့ ပစ်ကြရာ ဝက်မနှစ်ကောင် ထပ်ရ၏။

"ဒိုင်း. . ဒိန်း. ."

ကျွန်ုပ်တို့ မီးထိုး၍ ဝက်များအားကောက်နေကြစဉ် ကားစက်နိုးသံကို ကြားရပြီး ကားကြီးရွေ့လျားလာသံကို ကြားကြရသည်။ မီးရောင်တော့ မမြင်ရ။

ကျွန်ုပ်. .

"အောင်ဘု. . မင်း ကားသော့ကို ယူမလာခဲ့ဘူးလား။ တစ်ယောက်ယောက်များ တက်မောင်းနေသလား။ မီးလည်း မဖွင့်ဘဲနဲ့"

"ဆရာ. . သော့က ကျွန်တော့်ဆီမှာ ပါလာတယ်။ နံပါတ်ဝင်း ဒီယာတိုးပြီး တောင်ကုန်းပေါ်မှာ ရပ်ထားခဲ့တာ ဘယ့်နဲ့ကြောင့် ကားစက်နိုးပါလိမ့် ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် 'ဒုန်း' ဟူသော ဘိုက်သံကြီးအား ကြားရပြီး ကားစက်သံ ရပ်သွားသဖြင့် ကျွန်ုပ်တို့ ကားဆီသို့ပြေးကြသည်။ အောင်ဘုက မီးထိုးပြရာ စမ်းချောင်းအနီးရှိ သပြေပင်ကြီးအား ကားခေါင်းနှင့်ဝင်တိုက်မိပြီး ကား စက်ရပ်သွားခြင်းဖြစ်သည်။ ကားအနီးရောက်သည်နှင့် အပုပ်နံ့မှာ လှိုင်နေ သည်။

ကားကိုစစ်ဆေးကြည့်ရာ သပြေပင်မှာ ထွာဆိုင်ခန့်သာရှိသဖြင့် နွဲ့ပြီးခံနေ၍ ကားအင်ဂျင်မထိခိုက်။ ဘန်ဘာသာ အနည်းငယ်ပွန်းသွား၏။ တပည့်ကျော်အောင်ဘုက ကားပေါ်တက်၍ စက်နှိုးကြည့်ရာ အကောင်း အတိုင်းပင်။ စမ်းချောင်းထဲ ရှေ့ဘီးကျနေ၍ နောက်ဆုတ်ရာ မရသဖြင့် လူအားနှင့် ဝိုင်းတွန်းမှ နောက်ဆုတ်၍ရသည်။ ဆောင်းညခင်း ကျွန်ုပ်တို့ အဖွဲ့မှာ ချွေးဒီးဒီးကျတော့သည်။ မောပန်းလွန်း၍ အသက်ပြင်းပြင်းရှူမိ တော့ နံလိုက်သည့်အပုပ်နံ့။ အော့အန်ချင်၍ တံတွေးပင် ထွေးပစ်ရသေး သည်။

"ထွီ..ဝေါ့..အော့.."

ကျွန်ုပ်..

"ဘယ်လိုဖြစ်တာလဲ အောင်ဘုရေ..။ သော့ပိတ်ထားတဲ့ကား သူ့အလိုလို စက်နှိုးနိုင်သလား။ နံလိုက်တာကလည်း အလွန်ပဲ။ ဒီနားမှာ တိရစ္ဆာန်တစ်ကောင်ကောင် သေပြီး ပုပ်ပွနေတယ်ထင်တယ်။ ငါတို့ပစ် ထားတဲ့ ဝက်သေကတော့ လတ်လတ်ဆတ်ဆတ်မို့ မနံလောက်ပါဘူးနော်"

အောင်ဘု..

"ကျွန်တော်လည်း အဲဒါစဉ်းစားနေတာဆရာ။ နံပါတ်တစ်ဂီယာ ကြီး ထိုးထားတဲ့ကား မလိမ့်နိုင်ဘူးဆရာ။ ကုန်းဆင်းဆိုရင်တော့ မပြော တတ်ဘူး။ ဂီယာကြီးထည့်ထားတော့ ကားဟောင်းကြီးတွေဖြစ်လို့ လိမ့်ကျ





ရင်တော့ စက်နှိုးနိုင်တယ် ဆရာ။ သော့အိမ်တွေက စိတ်မချရဘူးလေ။ အဲဒါ ထား..။ ဒီအပုပ်နံ့ကြီးက ဘယ်ကလာတယ် မသိဘူး။ အော်ဂလီ ဆန်စရာကြီး ဆရာရယ်။ ဝက်တွေဆီကတော့ မဖြစ်နိုင်ဘူးဆရာ။ ကဲ.. တက်ကြတော့။ ရှေ့နားကို မောင်းမယ်။ ထပ်ပစ်ထားတဲ့ ဝက်တွေကို တင်ရဦးမယ်"

ကျွန်ုပ်တို့ ကားရှေ့ကိုရွှေ့တော့ အပုပ်နံ့ကြီး ပျောက်သွားသည်။ နောက်ကလိုက်သော မော်တော်ယာဉ်မှူးဦးလှသောင်းနှင့် စာရေးကျော် စိန်ဝင်းတို့ကတော့ အတော်ကြောက်နေကြဟန်တူသည်။ ရှေ့ကွေ့ရောက် တော့ ပစ်ထားသော တောဝက်နှစ်ကောင်အား ဆင်းကောက်ရပြန်သည်။ အောင်ဘုက ကားနောက်ခန်းဖရိမ်ပေါ်တွင် ပြုတ်မကျစေရန် ကြိုးနှင့်ချည် နေစဉ် အပုပ်နံ့ကြီး နံလာပြန်သည်။ ကားကြီးအား သစ်ရာပင်စခန်းတွင်း ဝင်၍ခေါင်းလှည့်တော့လည်း အပုပ်နံ့ကြီး ပျောက်သွားပြန်သည်။ ဤ အပုပ်နံ့မှာ ဝက်သေများကထွက်သော အနံ့မဟုတ်ကြောင်း သေချာနေပြီ ဖြစ်သည်။ ဝက်ဖျိုမလေးကောင် ရပြီဖြစ်၍ ကျွန်ုပ်တို့ကားကြီး ဖန်ခါးကုန်း စခန်းသို့ ပြန်လှည့်လာစဉ် အလာက ကားတိုက်ထားသည့်သပြေပင်အနီး ရောက်သည်နှင့် အပုပ်နံ့မှာ နံလာပြန်သည်။ ကျွန်ုပ်လည်း အမြင်ကတ် ကတ်ဖြင့် သပြေပင်ဘက်သို့လှည့်၍ မဂ္ဂနမ်ရိုင်ဖယ်ကြီးဖြင့် တစ်ချက်ပစ် ထည့်လိုက်သည်။

"ဒိုင်း.."

သေနတ်သံဆုံးသည်နှင့် အပုပ်နံ့မှာ ချက်ချင်းပျောက်သွားပြီး ကော်ဒိုက်ယမ်းညှော်နံ့သာ ကျန်ခဲ့သည်။ ကားမောင်းရင်း တပည့်ကျော် အောင်ဘုက..

"ဘယ်လိုလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့"

အချင်းချင်းနားလည်သော ဘာသာစကားဖြစ်သည်။ စခန်းအဝင်နားရောက်တော့ အပုပ်နံ့မှာ ပြန်နံလာပြီး အောင်ဘုက..

"ဆရာရေ.. ကားစတီယာတိုင်ကြီးမှာ အရမ်းလေးလာတယ်။ တစ်ပတ်လည်နေတဲ့ စတီယာတိုင် စခန်းဝရောက်တော့မှ လှည့်လို့တောင် မရချင်တော့ဘူး"

ထိုစဉ်တွင် ကားမီးကြီး ငြိမ်းသွားသည်။ ကျွန်ုပ်က ချက်ချင်းပင်..

"အောင်ဘုရေ.. ဂီယာဖြုတ်ပြီး စက်သတ်လိုက်တော့ကွာ။ အန္တရာယ်ရှိတယ်'

အောင်ဘုကလည်း ကျွန်ုပ်၏အမိန့်အတိုင်း ချက်ချင်းလုပ်သည်။ သို့သော် ကားစက်က မရပ်။

ကျွန်ုပ်တို့ ကားပေါ်မှဆင်း၍ နီးစပ်ရာသစ်ချောင်းများဆွဲ၍ ဂျမ်းတုံးခုကြသည်။ ကားစက် မရပ်သေး။

အောင်ဘုက ကားနောက်ပိုင်းတက်၍ ကြိုးချည်ထားသော တောဝက်သေများအား ကြိုးဖြေ၍ ကန်ချသည်။ ဝက်သေများ မြေကြီးပေါ်ရောက်မှ ကားစက် အလိုလိုရပ်သွားပြီး အပုပ်နံ့ကြီးလည်း ပျောက်ကွယ်သွားတော့သည်။

အောင်ဘု..

"ဆရာ.. ကားကြီးကို ဘယ်လိုလုပ်ရမလဲ"

"ဒီအတိုင်း ထားလိုက်။ မနက်မှ ကြည့်လုပ်မယ်'

ကျွန်ုပ်တို့ စခန်းအတွင်း ဝင်ခဲ့ကြပြီး မော်တော်ယာဉ်မှူးအိမ်ရှေ့ အမိုးအောက်တွင် ညလယ်စာချက်ပြုတ်စားရင်း အရက်သောက်ကြသည်။





စားရင်းသောက်ရင်း ကားကြီးအကြောင်း အဖြေရှာကြသည်။ လက်ခံနိုင်သောအဖြေကို ရှာမတွေ့။ တိုက်ဆိုင်ဆက်နွယ်နေသော အကြောင်းအရာတစ်ခုခုတော့ ရှိမည်ဟု ကျွန်ုပ်ခေါင်းထဲတွင် တွေးထားလိုက်သည်။

* * *

ထိုညက ကျွန်ုပ်တို့ ဘိုတဲပြန်ရောက်ပြီး ညအိပ်တော့ မနက် (၃) နာရီခန့်ရှိပြီဖြစ်သည်။ မောမောပန်းပန်းဖြင့် အိပ်လိုက်ရာ မနက် (၈) နာရီထိုးမှ တစ်ရေးနိုးတော့သည်။ တပည့်ကျော်အောင်ဘု စီစဉ်ပေးသော မနက်စာကို စားကြပြီးနောက် ဖန်ခါးကုန်းစခန်းသို့ လမ်းလျှောက်ခဲ့ကြသည်။ စခန်းအဝင်ဝတွင် သစ်ကားကြီးမှာ နေရာမရွေ့။ ညက ရပ်ထားသည့်အတိုင်းပင်။ မော်တော်ယာဉ်မှူးဦးလှသောင်းကိုခေါ်၍ သော့တောင်းပြီး ဂျမ်းတုံးများဖယ်ကာ၊ အောင်ဘုက တက်မောင်းသည်။ စတီယာတိုင်သည်း ကောင်းသွားသည်။ ရှေ့မီးကြီးကို ဖွင့်ကြည့်ရာ၌လည်း လင်းသည်။ ဘယ်လိုဖြစ်မှန်း ကျွန်ုပ်တို့ မသိပါ။ အန္တရာယ်ရှိသော သစ်ကားကြီးဖြစ်သည်မှာ ကျွန်ုပ်လက်တွေ့ဖြစ်သည်။ အများသူငါ ပြောနေကြသလို သရဲစီးနေသော သစ်ကားကြီးအဖြစ်တော့ ကျွန်ုပ်လက်မခံနိုင်သေးပါ။ ထို့ကြောင့် မော်တော်ယာဉ်မှူးဦးလှသောင်းအား ကျွန်ုပ်အမိန့်ပေးရတော့သည်။

"ဦးလှသောင်း.. ဒီသစ်ကားကြီးကို မသုံးနဲ့တော့။ သီးခြားခွဲ



www.burmeseclassic.com

www.burmeseclassic.com



တားပါ။ သစ်တောဌာနဥပဒေအရ လူသတ်တဲ့ဆင်တွေကို ပစ်သတ်ပြီး သေမိန့်ပေးသလို ဒီကားကြီးကိုလည်း ထောင်ချထားသလို လေးနှစ် (၄"×၂") တန်းတွေ အခိုင်အမာကာရံပြီး သီးခြားထားလိုက်တော့။ ဒါ.. အစိုးရအမိန့်ပဲ။ ဒီကားအရိုင်ဘာကိုတော့ ဗန်းမောက်သစ်စခန်းကို ပြောင်းရွှေ့တာဝန်ပေးလိုက်တော့။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ အရေးပိုင်မင်း။ ကျွန်တော် အမြန်ဆုံးဆောင်ရွက်ပါ့မယ် ခင်ဗျား"

"ကဲ.. ကျုပ်တို့လာရင်းကိစ္စတော့ ပြတ်ပြီ၊ ဒီညနေ အမဲလည်ရအောင်၊ ပိန္နဲကုန်းစခန်းမှာ ယာယီရွက်ဖျင်တဲ ထိုးပြီးပြီလား"

"ဟုတ်ကဲ့.. ပြီးလောက်ပါပြီခင်ဗျား။ တဲသွားထိုးတဲ့ အလုပ်သမားတွေကို မနက်အစောကြီးကတည်းက လွှတ်လိုက်တာပါ။ ဒါနဲ့ အရေးပိုင်မင်းတို့ ဘယ်အချိန်သွားကြမှာပါလဲခင်ဗျား"

"ယာဉ်တိုက် လူသေမှုအတွက် အမှုပိတ်သိမ်းပြီးကြောင်း အစီရင်ခံစာ ရိုက်ရဦးမယ်။ ပြီးရင် တရားခံနဲ့ သက်သေတွေ လက်မှတ်ထိုးရမယ်။ နေ့လယ်စာ စားပြီးမှ စခန်းပြောင်းမယ်"

"ဟုတ်ကဲ့ပါခင်ဗျား"

ကျွန်ုပ်တို့ နေ့လယ်စာစားအပြီး နေ့လယ် (၁၂) နာရီခန့်တွင် မော်တော်ယာဉ်မှူးဦးလှသောင်း စီစဉ်ပေးသော သစ်ကားကြီးပေါ်သို့ ဝန်စည်စလယ်များတင်ဆောင်ပြီး ဖန်ခါးကုန်းစခန်းဘိုတဲမှ ပိန္နဲကုန်းယာယီစခန်းတဲသို့ ပြောင်းရွှေ့ကြသည်။ နှစ်မိုင်ကျော်ခန့်သာဝေးသော်လည်း သစ်ထုတ်လမ်းဖြစ်၍ လမ်းကြမ်းလှသောကြောင့် နာရီဝက်ခန့် မောင်းရသည်။ ပိန္နဲကုန်းစခန်းလေးမှာ ရိုးမတောင်စွယ် ကုန်းမြင့်ကလေးပေါ်တွင် ရှိသည်။ သစ်မာပင်ကြီးများ ဝိုင်းရံပေါက်နေသဖြင့် တောအုပ်ကလေးဖြစ်





နေလို ဖြစ်နေသည်။

ကျွန်ုပ်တို့ရောက်ရှိတော့ ယာယီဘိုတဲမှာ ပြီးစီးနေပြီဖြစ်သည်။ အလုပ်သမားများက ယာယီဝါးခုတင်များနှင့် ဝါးကွပ်ပျစ်၊ ဝါးစားပွဲတို့ကိုပင် အသင့်လုပ်ထားကြသည်။ ကျွန်ုပ်သဘောကျသဖြင့် အလုပ်သမားများအား ဘောက်ဆူးပေးပြီး အပြန်ကားကြုံနှင့် ဖန်ခါးကုန်းစခန်းသို့ ပြန်လွှတ်လိုက်သည်။ ကျွန်ုပ်တို့ ဤစခန်းတွင် နှစ်ရက်သုံးရက်နေကြမည်ဖြစ်သည်။ အလုပ်သမားများက တဲစခန်းပတ်ဝန်းကျင် ချုံဖုတ်များကိုလည်း ရှင်းလင်းထားသဖြင့် စခန်းသစ်ကလေးမှာ နေချင်စဖွယ်ဖြစ်နေသည်။ အမိုးမှာ တောင်ထန်းလက်များတင်ထားသဖြင့် သစ်စိမ်းနံ့သင်းနေပြီး လတ်ဆတ်၍ တောနံ့တောင်နံ့သင်းသောလေကို ရှူရသဖြင့် စိတ်ရွှင်လန်းမိသည်။ စခန်းကုန်းလေးအောက် တစ်မိုင်ခန့်အကွာတွင် ပိန္နဲကုန်းရွာကလေးကို မြင်နေရသည်။ အိမ်ခြေနှစ်ဆယ်ခန့်သာ ရှိမည်ဖြစ်သည်။ သစ်ပေါသော တောအတွင်းဖြစ်သော်လည်း အိမ်ကြီးအိမ်ကောင်းနည်းလှသည်။ သွပ်မိုးပြောင်ပြောင်နှင့် အိမ်တစ်လုံးသာ ထီးထီးကြီးတွေ့ရသည်။ ကျန်အိမ်များမှာ တောင်ထန်းမိုး၊ ဝါးထရံကာ ဝါးအိမ်ကလေးများသာ ဖြစ်ကြသည်။

ပစ္စည်းများအား ဘိုတဲအတွင်း နေရာချပြီးသည်နှင့် ကျွန်ုပ်တောအုပ်ဖော်မင်းကိုခေါ်ကာ ပိန္နဲကုန်းရွာကလေးဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့တဲစခန်းနှင့် ရွာသွားလမ်းမှာ မဆိုးလှသာသာရှိသာဖြစ်သည်။ ကျွန်ုပ်တို့နေသော တောင်ကုန်းမှော်သို့ ရွာသူရွာသားများ အရောက်အပေါက်နည်းကြဟန်တူသည်။

ကုန်းဆင်းဖြစ်၍ မိနစ်နှစ်ဆယ်ခန့်လမ်းလျှောက်သည်နှင့် ရွာထိပ်သို့ ရောက်သည်။ တောတွင်းရွာလေးဖြစ်သည်နှင့်အညီ ရွာစည်းရိုးနှင့် ရွာတံခါးနှင့် ဖြစ်သည်။ ရွာသူရွာသားများနှင့် ကလေးများက ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအား ဝိုင်းကြည့်နေကြသည်။

ကျွန်ုပ်က..

"ဟဲ့..ကလေး။ သူကြီးအိမ် ဘယ်နားမှာလဲကွ"

ဟု မေးရာ ရွာလယ်ရှိ တစ်လုံးတည်းသော သွပ်မိုးအိမ်ကြီးအား ညွှန်ပြသည်။ ကျွန်ုပ်တို့ လျှောက်လှမ်းလာကြရာ သူကြီးအိမ်ခြံဝင်းရှေ့ ရောက်သည်နှင့် နှုတ်ခမ်းမွေးကားကား၊ ပင်နီအင်္ကျီနှင့် အညာပုဆိုးကြမ်း ကွက်တုံးကြီးကို ဝတ်ထားသော လူကြီးတစ်ဦး ထွက်လာပြီး..

"ကြွပါ ဆရာတို့..။ ကျွန်တော်က ဒီပိန္နဲကုန်းရွာက သူကြီး ဘအောင်ပါ။ ခုံရှည်စားပွဲပေါ်မှာ ထိုင်ပါခင်ဗျား။ လက်ဖက်သုပ်နဲ့ အခါး ရည် အဆင်သင့်ရှိပါတယ်ခင်ဗျ"

သစ်တောအုပ် ဇော်မင်းက..

"ကျွန်တော်တို့ သစ်တောဌာနကပါ။ ဒီက အရေးပိုင် ဦးနေ အောင်ပါ။ ကျွန်တော်က တောအုပ်ဇော်မင်းပါ"

"ဟုတ်ကဲ့..ဟုတ်ကဲ့..။ တွေ့ရတာ အလွန်ဝမ်းမြောက်ပါတယ် ခင်ဗျား။ ကြွပါ..ကြွပါခင်ဗျာ"

သူကြီးက လိုက်လှဲပျူငှာစွာ ဖိတ်ခေါ်သဖြင့် ကျွန်ုပ်တို့ ခုံတန်း ရှည်ပေါ်တွင် ဝင်ထိုင်ကြသည်။

သူကြီး..

"ကိစ္စများ ရှိပါသလား အရေးပိုင်မင်းခင်ဗျား။ ကျွန်တော်တို့ရွာ မှာတော့ သစ်ခိုးသမားလည်း မရှိပါဘူး။ ဓားပြလည်း မရှိပါဘူး။ အေး ချမ်းပါတယ်ခင်ဗျာ"

ကျွန်ုပ်..

"အဲဒီကိစ္စတွေကြောင့် လာတာမဟုတ်ပါဘူး သူကြီး။ ကျုပ်တို့





လာတာ အမဲလိုက်ဖို့ သက်သက်ပါ"

သူကြီး..

"အို..အဲဒီလိုဆိုရင် ကျွန်တော်မျိုးကြီးတို့အိမ်မှာ တည်းခိုနိုင်ပါ တယ်ခင်ဗျာ။ အဆင်ပြေအောင် အကုန်စီစဉ်ပေးပါ့မယ်"

ကျွန်ုပ်..

"ကိစ္စမရှိပါဘူး သူကြီး။ ကျုပ်တို့ ရွာထိပ်က ပိန္နဲကုန်းစခန်း ဟောင်း တောင်ကုန်းပေါ်မှာ ယာယီတဲဆောက်ပြီး တည်းမှာပါ"

သူကြီး..

"အဲဒါဆိုရင် ကျွန်တော်မျိုးကြီးတို့ရွာက ထမင်းပို့ပေးပါရစေ"

ကျွန်ုပ်..

"မလိုပါဘူး သူကြီး။ ကျုပ်တို့မှာ ထမင်းချက်ပါပါတယ်။ သား ကောင်ရရင်သာ ထမ်းဖို့ အလုပ်သမားနှစ်ယောက်နဲ့ လမ်းပြတစ်ယောက် လောက်ပဲ ရှာပေးပါ။ နေ့တွက်ခလည်း ပေးပါ့မယ်။ နောက်ပြီး အမဲကောင် များများရရင်လည်း ရွာကို ဝေပေးမှာပါ။ ကျုပ်တို့က အပျော်တမ်းမုဆိုး တွေပါ"

သူကြီး..

"ရပေါ့ အရေးပိုင်မင်း။ ကျွန်တော်မျိုးကြီးရှာပေးပါ့မယ်။ သတ္တိ ကောင်းပြီး တောကျွမ်းတဲ့မုဆိုးတွေ ရွာမှာ ပေါပါတယ်။ ဒါနဲ့ အရေးပိုင်မင်း ခင်ဗျား၊ ကျွန်တော်မျိုးကြီး တင်ပြပါရစေ။ အရေးပိုင်မင်းတို့ ယခုတည်းနေ တဲ့နေရာက မကောင်းပါဘူး။ ရွာသင်္ချိုင်းကုန်းပါ။ မြေကြမ်းပြီး ရေလည်း ရှားပါတယ်။ ကျွန်တော်မျိုးကြီးတို့ ရွာထဲဖြစ်စေ၊ ရွာထိပ်မှာဖြစ်စေ တည်းခို နိုင် ယာယီတဲ ဆောက်ပေးပါရစေ"

ကျွန်ုပ်..



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် သူကြီး။ ကျုပ်တို့ နှစ်ရက်သုံးရက်ပဲ နေမှာပါ။ ကိစ္စမရှိပါဘူး။ ကျေးဇူးတင်ပါတယ်"

သူကြီး..

"အရေးပိုင်မင်းခင်ဗျား..။ ကျွန်တော်မျိုးကြီး တစ်ခုတင်ပြပါရစေဦး။ ဟိုတလောက သစ်တောဌာနကပဲ ဝိန္ဒကုန်းသချိုင်းစောင့်နေတဲ့ ဖန်ခါးပင်ကြီးကို ခုတ်ယူသွားပါတယ်။ အဲဒါ ရွာမှာ ခဏခဏ ပြောနေပါတယ်။ သင့်လျော်သလို ဆောင်ရွက်ပေးပါဦးခင်ဗျား"

ကျွန်ုပ်..

"ဩော်.. သစ်တိုက်ကားကြီး ဖရိမ်လုပ်ဖို့ ခုတ်သွားတဲ့အပင်ထင်တယ်။ ကျုပ်တို့ ဘာလုပ်ပေးရမလဲ။ ပြောပါ"

သူကြီး..

"အစောင့်ကြီးက သူ့ပစ္စည်းကို ပြန်တောင်းနေတာပါ။ အဲဒါ ပြန်လာပို့ပြီး သူ့နေရာ သူထားလိုက်ရင် ပြီးပါတယ်"

ကျွန်ုပ်..

"ဟုတ်ပြီလေ..။ ကျုပ်တို့ စခန်းပြန်ရောက်ရင် ကားကြီးဘော်ဒီ ဖျက်ပြီး ပြန်ပို့ပေးပါ့မယ်"

သူကြီး..

"ကျေးဇူးအထူးတင်ပါတယ် အရေးပိုင်မင်း။ အဲဒီအပင်ကြီး ခုတ်ယူသွားကတည်းက ရွာမှာ အဖျားအနာလည်း ထူပြောလာတယ်။

အဲဒီသချိုင်းကုန်းပေါ်မှာ ကညင်ပင်တွေ၊ ပျဉ်းကတိုးနဲ့ပျဉ်းမပင်တွေ အများကြီးရှိပါတယ်။

အပတောရေိယာဖြစ်ပေမယ့် ရွာကလူတွေ ဘယ်သူမှမခုတ်ရဲကြပါဘူး။ ဒါကြောင့် သစ်လုံးချောတဲ့အပင်တွေ အပြိုင်းအရိုင်းဖြစ်နေတာ၊ ဝါးပင်ဆို





ရင်လည်း အဲဒီတောင်ကုန်းပေါ်မှာ ဝါးဘိုး၊ ကြသောင်း၊ တင်းဝါး၊ ဝါးယားအစုံရှိတယ်။ မခုတ်ရဲကြလို့ အဝေးကြီးသွားခုတ်နေကြရတယ်။ အခါးရည်သုံးဆောင်ကြပါဦးခင်ဗျား"

ကျွန်ုပ်နှင့် ဖော်မင်းတို့ လက်ဖက်သုပ်နှင့်အခါးရည် စားသောက်ကြရင်း..

ကျွန်ုပ်..

"သူကြီး.. ဒီပတ်ဝန်းကျင်မှာ ဘာကောင်ပေါသလဲဗျ"

သူကြီး..

"အစုံရှိပါတယ် အရေးပိုင်မင်း။ ကျားလည်း ရှိတယ်၊ ဝံလည်းရှိတယ်။ ချေ၊ စိုင်၊ ဆတ်လည်း ရှိပါတယ်။ အပေါဆုံးကတော့ တောဝက်နဲ့ မျောက်ညိုတွေပဲ။ ရွာအနောက်ဘက် ရိုးမတောင်ခြေမှာဆိုရင် တောဆင်တွေတောင် တွေ့ရတတ်တယ်"

ကျွန်ုပ်..

"ဩော်.. ဆင်တောင် ရှိတာကိုး။ ညဘက် အမဲလည်ရင် အန္တရာယ်များ ရှိနေမလားပဲ"

သူကြီး..

"အဲဒီဘက် မသွားရင် ကိစ္စမရှိပါဘူး။ ဆင်တွေက သူ့ဘာသာသူ နေတာပါ။ ရွာခြေတောင် မကပ်ပါဘူး။ ရွာနားကပ်တာက ကျားနဲ့ တောဝက်တွေပါ။ ဒီကောင်တွေက လူမကြောက်ကြဘူး။ ဒါကြောင့် နေဝင်ချိုးတာနဲ့ ရွာက လူတွေကို ရွာစည်းရိုးအတွင်းဝင်ဖို့ နှိုးဆော်ထားရတယ်"

ဖော်မင်း..

"ရွာထဲဝင်ဆွဲတာတွေရော ရှိသလား သူကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသပေါ့ ဆရာလေးရယ်။ အရင်နှစ်က အခုလို ဆောင်းဦးပေါက်ကာလမှာပဲ နွားငါးကောင်နဲ့ လူနှစ်ယောက် ကျားဆွဲခံရပါတယ်။ ဒီနှစ်တော့ တောင်ခြေမှာ ဆင်တွေရောက်လာလို့လား မသိ။ ကျားတွေ ငြိမ်သွားတယ်"

ဖော်မင်း..

"ဒါဆို ဒီည ကျွန်တော်တို့ တောလည်ချင်ပါတယ်။ သူကြီးလူတွေကို လွှတ်ပေးပါ"

သူကြီး..

"ဒီလိုလုပ် ဆရာလေး။ သူတို့က ညဘက် သချိုင်းကုန်းဘက် လာရဲကြမှာ မဟုတ်ဘူး။ အခုကတည်းက ခေါ်သွားပါ။ ကျွန်တော် လူ စုပေးပါ့မယ်"

ဖော်မင်း..

"ကောင်းပါတယ် သူကြီး။ ကျွန်တော်တို့ စောင့်ပြီးခေါ်သွားပါ့မယ်"

နာရီဝက်ခန့်အကြာ လူစုပြီးသည်နှင့် ကျွန်ုပ်တို့ တဲစခန်းသို့ ပြန်ခဲ့ကြသည်။ ညနေစောင်းပြီဖြစ်၍ တောရိပ်တောင်ရိပ်ကြောင့် အလင်းရောင်အားနည်းသွားသည်။ ပုစဉ်းရင်ကွဲအော်သံ၊ ပုရစ်သံများအား တစီစီကြားနေရပြီး မျောက်အော်သံနှင့် ကြက်ငှက်များအိပ်တန်းပြန်သံကို ကြားနေရသည်။ ကျွန်ုပ်တို့ တဲစခန်းရောက်တော့ စာရေးလေးကျော်စိန်ဝင်းမရှိ တပည့်ကျော်အောင်ဘုသာ ညနေစာချက်ပြုတ်နေသည်။

ကျွန်ုပ်..

"အောင်ဘုရေ.. ကျော်စိန်ဝင်း ဘယ်သွားလဲကွ"

"ကျွန်တော် တောင်ကုန်းအောက်ဆင်းပြီး ပြန်လာတော့ သူ့ကို





မတွေ့ဘူး ဆရာ။ ဟိုနားဒီနား သွားတယ်ထင်ပါရဲ့"

"ဟ.. ညနေစောင်းနေပြီ။ မင်းက တောင်ကုန်းအောက် ဘာဆင်းလုပ်တာလဲ"

"ရေဆင်းခပ်တာပါ ဆရာ။ ရေက အတော်ဝေးတယ်။ ဟိုး.. တောင်ခြေအနားက စမ်းချောင်းအထိ သွားရတာ။ တစ်မိုင်လောက်ဝေးမယ်ထင်တယ်"

"ဒီကောင် ဘယ်များသွားနေပါလိမ့်။ မိုးပဲချုပ်တော့မယ်"

ကျွန်ုပ်တို့ ညနေစာ စောစောစားကြသည်။ ရွာသားများကိုလည်း ကျွေးသည်။ ညနေ (၆) နာရီထိုးသည်အထိ ကျော်စိန်ဝင်း ပြန်မလာပါ။ ကျွန်ုပ်တို့ စိတ်ပူစပြုပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၊ တောအုပ်ဖော်မင်းနှင့် ရွာခံမုဆိုးသုံးဦးတို့ အနီးပတ်ဝန်းကျင် လိုက်ရှာကြသည်။ မတွေ့ပါ။ အသံပေး၍ အော်ဟစ်ကြသည်။

"ဝူး.. ဝူး.. ဝူး.."

တုံ့ပြန်ထူးသံ မကြားရ၊ နေဝင် မိုးချုပ်စဖြစ်၍ တောထုံးစံအရ အညည်လည်း မခေါ်ရဲပါ။ ထိုညက မီးတိုးလိုက်ရှာရင်း ချေတစ်ကောင်နှင့် ...ဆိုင်တိုးသဖြင့် ကျွန်ုပ်ပစ်ခတ်ရာ ရရှိသည်။ တောင်ကုန်းအဆင်း ...တောရောက်၍ ဝက်အုပ်နှင့်တိုးပြန်ရာ ကျွန်ုပ်နှင့်ဖော်မင်း ပစ်ခတ်၍ ...ဝက်နှစ်ကောင် ရပြန်သည်။ တောကောင်အစုံပေါသော စမ်းချောင်း ...သွားရန် ရွာခံမုဆိုးက ပြောသော်လည်း တောတွင်း၌ ပျောက်ဆုံးနေ...သော စာရေးကျော်စိန်ဝင်းပြဿနာကြောင့် ကျွန်ုပ်တို့ မသွားဖြစ်တော့ပါ။ ...(၁၂) နာရီခန့်တွင် ယာယီဘိုတဲစခန်းသို့ ပြန်လာကြပြီး မောမောပန်း...နှင့် ညလယ်စာချက်ပြုတ်စားသောက်ကြရင်း ကျော်စိန်ဝင်းကို စောင့်...ကြသည်။ ပေါ်မလာပါ။ အန္တရာယ်တစ်ခုခုဖြင့် ကြုံတွေ့နေရကြောင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ သေချာနေပြီဖြစ်သည်။ ကျွန်ုပ်တို့လည်း မတတ်နိုင်ကြတော့။ ညလယ်စာစားပြီး ခေတ္တအိပ်စက်အနားယူကြသည်။

မနက် (၆) နာရီခန့်တွင် ကျွန်ုပ်နိုးလာတော့ အားလုံးနိုးနေကြပြီ။ ရွာခံမုဆိုးအဖွဲ့ကလည်း မနက်စာစားရန်အတွက် ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသည်။ တပည့်ကျော်အောင်ဘုနှင့် တောအုပ်ဇော်မင်းတို့ကလည်း စိတ်မကောင်းဖြစ်နေကြပြီး ကျော်စိန်ဝင်းအကြောင်း ပြောနေကြသည်။ ကျွန်ုပ်မျက်နှာသစ်ပြီးနောက်. .

"ဇော်မင်းရေ. . ကျော်စိန်ဝင်းကိစ္စ ဘယ်လိုလုပ်ကြမလဲ"

"ဒီမနက်ခင်း မြင်မြင်ထင်ထင် တစ်ခေါက်လောက်ရှာကြရအောင်ပါ ဆရာရယ်။ မတွေ့ရင်တော့ ဖန်ခါးကုန်းစခန်း အကြောင်းကြားပြီး လူအင်အားနဲ့ ဖြန့်ရှာကြတာပေါ့နော်"

ရွာခံမုဆိုးတင်ဦး. .

"အရေးပိုင်မင်းခင်ဗျား. .။ လူအင်အားလိုရင်တော့ ကျွန်တော်တို့ရွာကတင် လိုသလောက် ရနိုင်ပါတယ်"

ကျွန်ုပ်. .

"အေးဗျာ. . အဲဒါဆိုရင်လည်း သူကြီးကိုပြောပြီး တောကျွမ်းတဲ့လူ (၁၀) ယောက်လောက် သွားခေါ်ပေးပါ။ ကျွန်တော်တို့ စောင့်နေပါ့မယ်။ နေဦး. .။ ညကပစ်လို့ရတဲ့ တောဝက်နှစ်ကောင် ယူသွားပါ။ သူကြီးကိုအပ်ပြီး ရွာကိုခွဲဝေပေးပါလို့ ပြောပေးပါ"

"ဟုတ်ကဲ့ ခင်ဗျာ"

မုဆိုးအဖွဲ့ ရွာပြန်ကြတော့ ကျွန်ုပ်တို့ ကျော်စိန်ဝင်း၏ပစ္စည်းများအား စစ်ဆေးကြသည်။ အလာတုန်းက သူ့တွင် ဟန်းဘက်အိတ်တစ်လုံးနှင့် လွယ်အိတ်တစ်လုံးသာ ပါလာရာ ယခု တဲတွင်း၌ ဟန်းဘက်အိတ်သာ





ကျန်ရှိသည်။ လွယ်အိတ် မတွေ့ရ။ သူ့လွယ်အိတ်ထဲတွင် လောက်လေးခွ၊ လောက်စာလုံးနှင့် ဆေးလိပ်၊ မီးခြစ်များသာ ပါသည်။ သူက ငှက်ပစ်တော့ အလွန်ဝါသနာပါသည်။ လက်လည်း ဖြောင့်သည်။ ကြောက်တတ်သူဖြစ်၍ ဝေးဝေးတော့သွားမည်မဟုတ်။ အနီးအနားတွင် ပျောက်နေခြင်းဖြစ်သည်။ ကျားဆွဲသည်လည်း မဖြစ်နိုင်ပြန်။ ကျားဟိန်းသံနှင့် ကျားခြေရာပင် မမြင်မိ။ ကျော်စိန်ဝင်း ဘယ်ရောက်နေသနည်း။ သူက လူပျိုလူလွတ်။ မိဘများကလည်း ကျန်းမာရေးကောင်းသည်။ ဥစ္စာပစ္စည်းလည်း တောင့်တင်းသည်။ နောက်ဆံတင်းစရာလည်း မလိုပါ။

ကျွန်ုပ်နှင့် ဇော်မင်းတို့ အမျိုးမျိုးတွေးတောဝေဖန်ကြပြီး စောင့်ဆိုင်းနေကြစဉ် (၁) နာရီခန့်အကြာ၌ ရွာခံမုဆိုးသုံးဦးအပြင် တုတ်၊ ဓား လက်နက်ကိုယ်စီကိုင်ဆွဲ၍ ရွာသား (၁၀) ဦးလည်း ပါလာသည်။ ကျွန်ုပ်က. .

"ကိုတင်ဦးရေ. . ကျွန်တော်တို့ လူစုခွဲပြီး ရှာကြရအောင်။ ခင်ဗျားဆီက တောကျွမ်းတဲ့ ရွာသားငါးယောက် ကျွန်တော့်ကို ပေးပါ။ ခင်ဗျားက ခေါင်းဆောင်ပြီး ကျန်လူတွေနဲ့ တစ်ဖွဲ့ခွဲရှာပါ။ သေနတ်ပါတဲ့ ကိုဇော်မင်းကလည်း ခင်ဗျားတို့အဖွဲ့နဲ့ လိုက်လိမ့်မယ်။ တွေ့ရင် သေနတ်မိုးပေါ်ထောင်ဖောက်ပြီး အချက်ပြပါ။ ကျွန်တော်တို့အဖွဲ့က တွေ့ရင်လည်း အချက်ပေးမယ်။ အောင်ဘုကတော့ စခန်းစောင့် နေခဲ့ပါ"

"ဟုတ်ကဲ့ခင်ဗျား"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ အရှေ့အနောက်တောင်ကုန်းပေါ်မှ ဆင်းကြသည်။ ယခုမှ တောင်ကုန်းထိပ် မြေညီလွင်ပြင်တွင် လူသေမြှုပ်သော မြေပုံမို့မို့များကို တွေ့ရသည်။ မြေပုံဟောင်းများသာဖြစ်သည်။ လူမသေသည်မှာ အတော်ကြာပုံရသည်။ ကျွန်ုပ်တို့ တောင်ကုန်းအနောက်ဘက်အဆင်းတွင် (၄) ပေချန်၍ ခုတ်ဖြတ်ထားသော ဖန်ခါးငုတ်တိုကြီးအား တွေ့ရသည်။ ထူးဆန်းသည်မှာ နှစ်လခန့်ရှိပြီဖြစ်သော်လည်း ပင်စည်ငုတ်တိုကြီးမှ အတက်မထွက်ပါ။ သစ်တင်ကားဖရိမ်လုပ်သော အပင်ကြီးဖြစ်သည်။

ကျွန်ုပ်တို့ တောင်ကုန်းခြေရင်း ဝါးရုံတောစပ်အရောက်တွင် ဝါးရုံကြားညပ်နေသော လွယ်အိတ်တစ်လုံးကို တွေ့ရသည်။ ကျော်စိန်ဝင်း လွယ်နေကျ လွယ်အိတ်အနီကလေးဖြစ်သည်။ မျှော်လင့်ချက်ရပြီဖြစ်၍ ပတ်ဝန်းကျင်အနှံ့ လိုက်ရှာသော်လည်း ခြေရာခြေကြောင်းကိုပင် မမြင်ရ။ ကျွန်ုပ်တို့ ရိုးမတောင်ခြေရင်း စမ်းချောင်းတစ်လျှောက် လိုက်ရှာကြပြန်သည်။ သဲလွန်စ မရပါ။ ရိုးမပေါ် တက်ကြပြန်သည်။ မတူးခြား။ နေ့လယ် (၁၂) နာရီခန့်တွင် ရိုးမပေါ်၌ ကျွန်ုပ်တို့အဖွဲ့နှစ်ဖွဲ့ ပြန်ဆုံကြသည်။ ကျွန်ုပ်..

"ဖော်မင်းရေ.. ဘာထူးသလဲကွ"

"ဆရာ.. ဘာမှ မထူးခြားဘူး။ ခြေရာလက်ရာကို မတွေ့တာ။ တောကောင် (ကျား) ခြေရာလည်း မတွေ့တော့ အန္တရာယ်တော့ ရှိမယ် မထင်ပါဘူး။ ရွာကလူတွေကတော့ နတ်ဝှက်တာလို့ ပြောနေကြတယ်"

ကျွန်ုပ်..

"တောထဲမှာ ဘယ်နတ်က လာဝှက်ရမှာလဲကွာ။ မျက်စိလည် လမ်းမှားပြီး နယ်ကျော်သွားပြီထင်ပါရဲ့။ စခန်းပြန်ရောက်ရင်တော့ ဖန်ခါး





ကုန်းစခန်း လူလွှတ်ပြီး နီးရာရွာနဲ့ စခန်းတွေကို ပိုက်စိပ်တိုက် ရှာခိုင်းရတော့မှာပဲ။ ကဲ.. ကဲ.. ပြန်ကြစို့။ ထမင်းလည်း ဆာပြီ"

ကျွန်ုပ်တို့ စခန်းပြန်ရောက်တော့ ညနေ ၂ နာရီပင် ထိုးလုပြီ။ လူအင်အားများသဖြင့် ထမင်းစားရန် အခက်အခဲတွေ့မည်ကို သိသော သူကြီးက ထမင်းထုပ်များဖြင့် အလိုက်တသိကြိုဆိုနေ၍သာ တော်တော့သည်။ ကျွန်ုပ်က သဲလွန်စအဖြစ် ဝါးရုံကြားတွင်ညပ်နေသော လွယ်အိတ်အား ပြရာ သူကြီးက..

"အရေးပိုင်မင်းခင်ဗျား.. ကျွန်တော်တစ်ခုတင်ပြပါရစေ။ ဒါ.. နတ်ဝှက်တာပါ။ သဲလွန်စပစ္စည်းတွေ့တဲ့နေရာနားမှာ ကန်တော့ပွဲပေးပြီး တောင်းပန်ရင် ဆရာ့တပည့် ပြန်ရောက်လာမှာပါ။ ကျွန်တော်မျိုး စီစဉ်ပေးပါ့မယ်"

"ကြိုက်သလိုသာ လုပ်ပေရော့။ ကျုပ်တော့ ခေါင်းပူနေပြီဗျာ"

သူကြီးက ရွာခံများနှင့် ကျွန်ုပ်တို့အား တောဝက်သားဟင်းနှင့် ထမင်းကျွေးပြီးသည်နှင့် ရွာသားနှစ်ယောက်ကိုခေါ်၍ ရွာပြန်သွားသည်။ ကျန်ရွာသားများနှင့် ကျွန်ုပ်တို့ နားရင်း စောင့်စားရတော့သည်။ နှစ်နာရီခန့်ကြာမှ အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့်အတူ ဘုန်းကြီးတစ်ယောက်ကိုခေါ်ကာ စခန်းသို့ ပြန်ရောက်လာကြသည်။ ရောက်ရောက်ချင်း သူကြီးက..

"အရေးပိုင်မင်း.. လွယ်အိတ်ပြန်ရတဲ့ ဝါးရုံကို လမ်းညွှန်ပါ။ ကျွန်တော်မျိုးတို့ ပသ,ပူဇော်ပြီး ပျောက်ဆုံးနေသူကို ပြန်တောင်းပေးပါ့မယ်"

"ကဲ.. လာပါဗျာ။ ကျုပ်ကိုယ်တိုင် လိုက်ပြပါ့မယ်။ သူကြီးတို့ ကျွမ်းသင့်တာသာ လုပ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ တောင်ကုန်းအဆင်း ဝါးရုံပင်ခြေရင်းအား လိုက်ပြရတော့သည်။

သူကြီးတို့အဖွဲ့က ဝါးရုံပင်ခြေရင်းတွင် ဝါးရွက်ခြောက်များအား ပြောင်နေအောင်လှည်းကျင်း၍ တောငှက်ပျောဖက်များခင်းကာ ကန်တော့ပွဲအား တင်သည်။ ပြီးနောက် အားလုံး ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကြပြီး တောစောင့်၊ တောင်စောင့်နတ်များအား ရှိခိုးပူဇော်သည်။ ပြီးနောက် သူကြီးခေါ်လာသည့် လူကြီးက အောင်မြင်ခန့်ညားသောလေသံဖြင့်. .

"တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး ဘုမ္မစိုးနှင့် သချိုင်းအစောင့်များခင်ဗျား. .။ ကျွန်တော်တို့၏ညွှန်သည်အား ထိန်းသိမ်းထားခြင်းမှ ပြန်လည်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်ခင်ဗျား။ အမှားအယွင်းများရှိပါကလည်း သနားသဖြင့် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။ အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးတိုင်များနှင့် ပူဇော်ပါသည် ခင်ဗျား"

ထိုစဉ် လေတစ်ချက်ဝှေ့တိုက်သွားပြီး ဖယောင်းတိုင်များ မီးငြိမ်းသွားသဖြင့် ထပ်မံထွန်းညှိပြီး အထက်ပါအတိုင်း လူကြီးက အော်ဟစ်ပူဇော်ပြန်သည်။

ဤတစ်ခါတွင်တော့ ဖယောင်းတိုင်များ ကုန်သည်အထိ မီးမငြိမ်းပါ။

ဆရာကြီးက. .

"အောင်မြင်ပါပြီခင်ဗျား. .။ ပျောက်နေတဲ့ဆရာ မကြာမီ ပြန်ရောက်လာပါလိမ့်မယ်။ ကျွန်တော်တို့ ပြန်ကြမယ်။ ကန်တော့ပွဲကိုတော့ ဒီအတိုင်းထားခဲ့ရမှာပါခင်ဗျာ"

ကျွန်ုပ်တို့ တောင်ခြေဝါးရုံတောမှ ယာယီတဲစခန်းသို့ ပြန်ခဲ့ကြပါ





သည်။ ကျော်စိန်ဝင်းအား ပြန်မတွေ့လျှင်တော့ ကျွန်ုပ် အလွန်အလုပ်ရှုပ်ပေဦးတော့မည်။ သွေးစသွေးနလည်း မတွေ့ရ၊ အရိုးအရင်းလည်း မတွေ့ရ၊ အန္တရာယ်နှင့်ကြုံ၍ ရုန်းကန်သောအခြေအနေလည်း မတွေ့ရသဖြင့် အတော်တော့ ထူးဆန်းနေသည်။ ဝါးရုံပင်ခြေရင်းတွင် ခြေရာပျောက်သွားခြင်းဖြစ်သည်။ ရွာမှ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းအား ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ရေနစ်သူ ကောက်ရိုးမျှင်လေးတစ်မျှင်ကို အားကိုးသလိုပင် ကျွန်ုပ်လည်း စိတ်လျှော့၍ စောင့်ကြည့်ရပေဦးတော့မည်ဖြစ်သည်။ တော၏မာယာ ကျယ်ဝန်းထူးဆန်းလှသည်ကိုတော့ ကျွန်ုပ် အတွေ့အကြုံများအရ သိပါသည်။

မိုးချုပ်စတွင် သူကြီးနှင့် ရွာသားများ ပြန်ကြသည်။ ရွာခံမုဆိုးသုံးယောက်ကိုတော့ ထားခဲ့သည်။ ကျွန်ုပ်တို့ အောင်ဘုချက်ကျွေးသော ညစာ ချေသားဟင်းနှင့် ထမင်းစားကြရင်း ကျွန်ုပ်က ရွာခံမုဆိုးများအား မေးမိသည်။

"ကိုတင်ဦးတို့ အရင်ကရော ဒီလို လူပျောက်ပြီး ကန်တော့ပွဲပေးလို့ ပြန်ရတာမျိုး ကြုံဖူးကြသလား"

"ကြုံဖူးပါတယ် အရေးပိုင်မင်း။ ရွာရှေ့ဖျားက နှင်းနွယ်ပျောက်တုန်းက တစ်ခါ၊ ရွာလယ်ပိုင်းက အေးသောင်းပျောက်တုန်းက တစ်ခါပေါ့။ နှင်းနွယ်ကတော့ တစ်လလောက်အကြာမှ ပြန်လာတယ်။ ကိုယ်ဝန်ပါပြန်ပါလာတယ်။ ရွာကြီးတစ်ရွာရောက်ပြီး အိမ်ထောင်ကျတာဆိုပဲ။ သူပြောတဲ့ ရွာကြီးက ဒီအနားတင်ပဲတဲ့။ ကျွန်တော်တို့ရှာတာ အနံ့ပဲ။ မတွေ့ဘူး။ သူ့ ကလေးမွေးတော့လည်း အဖတ်မတင်ပါဘူး။

အဲဒါ သူလည်း ရှက်လို့ မြို့တက်ပြီး ပြောင်းပြေးတော့တာပဲ။ ဒါပေမဲ့ မြို့ပေါ်မှာ သူတို့ ကုန်စုံဆိုင်ဖွင့်ပြီး အတော်ချမ်းသာနေကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရပါတယ်''

ကျွန်ုပ်..

''အေးသောင်းကရော‌ဗျာ..။ ပျောက်သွားတော့ အခုလိုပဲ ကန်တော့ပွဲပေးပြီး တောင်းပန်ရတာပဲလား''

''ဟုတ်ပါတယ် အရေးပိုင်မင်း။ အခုလိုပဲ လုပ်ရတာပါပဲ။ အေးသောင်းကတော့ တစ်နှစ်လောက်ကြာမှ ပြန်လာတာ။ သူ့အိမ်ကတော့ သေပြီဆိုပြီး သပိတ်တောင်သွတ်ပြီးပြီ။ သူကတော့ အဲဒီရွာကြီးမှာ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ရခဲ့တယ်တဲ့။ ငါးပါးသီလမြဲတဲ့ ရွာကြီးဆိုပဲ။ သူ တစ်နေ့ ရွာစိုက်ခင်းထဲက ပိုင်ရှင်ထံ ခွင့်မတောင်းဘဲ မာလကာသီးခူးစားမိတယ်တဲ့။ သူတို့ရွာမှာ တောင်းရင် အကုန်ပေးကြတယ်။ ခိုးစားစရာမလိုဘူးတဲ့။ အဲဒါ အေးသောင်းက တန်ဖိုးမရှိတာကြောင့် ခွင့်မတောင်းဘဲ ခူးစားမိတာကြောင့် ခိုးမှုမြောက်ပြီး ရွာက အနှင်ခံရတာပဲ။ အဲဒီရွာကြီးက ငါးပါးသီလမြဲရုံတင်မက တစ်ရွာလုံး သက်သတ်လွတ်စားကြသတဲ့။ သူကတော့ 'ရွာပုန်းကြီး' လို့ပြောတာပဲ။ အိမ်ကြီးအိမ်ကောင်းတွေနဲ့ အလွန်စည်ကားဆိုပဲ။ ဒီအနီးအနားတင် ရှိသတဲ့။ သူကိုယ်တိုင် လိုက်ပြပေမယ့် အစအနတောင် မတွေ့ရပါဘူး။ အလွန်လူးဆန်း ဆန်းကြယ်လှပါတယ်။ အခုလည်း စာရေးလေး အဲဒီရွာပုန်းကြီး ရောက်သွားတယ်ထင်ပါတယ်ခင်ဗျား''

ကျွန်ုပ် မယုံကြည်သော်လည်း သက်သေအထောက်အထားနှင့် ပြောနေသဖြင့် အလွန်အံ့ဩမိပါသည်။ ဘယ်လိုနည်းနှင့်ဖြစ်စေ ကျွန်ုပ်၏ တပည့် ကျော်စိန်ဝင်း ဘေးမသီရန်မခဘဲ ပြန်လည်ရောက်ရှိဖို့ကိုသာ ဆုတောင်းမိပါတော့သည်။ ဖန်ခါးကုန်းစခန်းကိုလည်း အကြောင်းကြားထားသဖြင့် တောအုပ်၊ တောခေါင်းနှင့်အဖွဲ့ ဆင်များဖြင့်ပင် တောအနှံ့





တောင်အနှံ့ လိုက်ရှာကြပါသည်။ သို့သော် သတင်းအစအနပင် မရရှိပါ။ ကျွန်ုပ်တို့လည်း အမဲလိုက်ရန် လာသော်လည်း လူပျောက်ရှာခြင်းဖြင့်ပင် အချိန်ကုန်တော့သည်။

❋ ❋ ❋

လူပျောက်ရှာရင်း ကျွန်ုပ်တို့အဖွဲ့ စားသောက်ရန် တောကောင်မျိုးစုံကိုတော့ ရသည်။ တောဝက်၊ ချေနှင့် ဆတ်ဖားကြီးများဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ရှိနေ၍ ပိန္နဲကုန်းရွာကလေးလည်း အသားစို ရိက္ခာပြတ်လတ်သည်မရှိ။ အဆင်ပြေသည်။ ရွာမှုဆိုးအဖွဲ့အပြင် ဖန်ခါးကုန်းက ဝန်ထမ်းများလည်းရှိနေ၍ နေ့စဉ် အလှူအိမ်လို ချက်ရသည်။ ရွာသူကြီး၏ စီစဉ်ပေးမှုကြောင့် ချက်ပြုတ်ပေးသူများလည်း အဆင်သင့်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များကလည်း ရွာက အလျှံပယ်လာပို့ကြသဖြင့် ရွာသချိုင်းကုန်းပေါ် တည်ထားသည့် ကျွန်ုပ်တို့စခန်းမှာ နေ့၊ ည လူမစဲ။ စည်ကားလှသည်။

(၆) ရက်မြောက်မနက်တွင် ဖန်ခါးကုန်းစခန်းမှ မော်တော်ယာဉ်မှူးဦးလှသောင်းနှင့်အဖွဲ့ သစ်တိုက်ကားကြီးဖြင့် ရောက်လာသည်။ ရောက်မဆိုက်ပင်..

ဦးလှသောင်း..



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ။။ ကိုကျော်စိန်ဝင်းကို ရှာတွေ့ပြီလား။ ဖန်ခါးကုန်းစခန်းမှာတော့ ပြဿနာဖြစ်နေတယ် ဆရာရေ"

ကျွန်ုပ်။။

"ကျော်စိန်ဝင်းကတော့ ပျောက်နေတုန်းပဲ။ စခန်းမှာ ဘာဖြစ်သလဲ"

ဦးလှသောင်း။။

"ဆရာထောင်ချထားတဲ့ သစ်ကားကြီးပေါ့ ဆရာရယ်။ ညက သူ့အလိုလို စက်နိုးပြီး ကာရံထားတဲ့ လေးနှစ်တန်းတွေကို ဝင်တိုက်တယ်။ အပြင်ရောက်လို့ မနေ့ညနေက ချထားတဲ့ သစ်လုံးပုံကြီး ဝင်တိုက်ပြီးမှ ရပ်သွားတယ်။ ဘယ်သူမှလည်း တက်မမောင်းရဲလို့ ဒီအတိုင်းပဲ ထားရတော့တယ်"

ကျွန်ုပ်။။

"အေးဗျာ ဦးလှသောင်းရေ။။ ကျွန်တော်မေ့နေတာဗျ။ အဲဒီကားကြီးမှာ ဖရိမ်အဖြစ်သုံးထားတဲ့ ဖန်ခါးတုံးတွေ ဖြုတ်ချပြီး ဒီစခန်းယူခဲ့ပါ။ အရင်ခုတ်ခဲ့တဲ့ သစ်ပင်ကြီးနားမှာပဲ ပြန်ထားလိုက်ပါ။ ဒီရွာက သူကြီးက ပြောထားတာ ကျွန်တော်အခုမှသတိရတယ်"

ဦးလှသောင်း။။

"ဒါဆို အခုပြန်ပြီး လုပ်လိုက်မယ် ဆရာ။ ညနေ တစ်ခေါက်ပြန်လာခဲ့မယ်။ ကျွန်တော် ဆရာတို့ရိက္ခာပြတ်နေမှာစိုးလို့ အရက်တွေရော ဆန်၊ ဆီနဲ့ အသားဘူးတွေပါ ယူလာခဲ့တယ်။ ဘာမှာဦးမလဲ ဆရာ"

ကျွန်ုပ်။။

"မမှာတော့ပါဘူးဦးလှသောင်း။ ကျွန်တော်တို့ကို ရွာက ထောက်ပံ့လို့ ပြည့်စုံပါတယ်။ ဒီည အကြောင်းမထူးရင်တော့ (၇) ရက်ပြည့်တဲ့





မနက်ဖြန် ပြန်မလားလို့ စိတ်ကူးမိတယ်"

ဦးလှသောင်း။။

"ဒါဆို ကျွန်တော် ညနေပြန်လာခဲ့မယ်။ ဒီစခန်းမှာပဲ ညအိပ်မယ်။ မနက်ဖြန် စခန်းသိမ်းပြီး ပြန်ကြတာပေါ့ဗျာ။ ဒါဆို ကျွန်တော်တို့ ပြန်မယ်ဆရာ။ ခွင့်ပြုပါဦး"

ကျွန်ုပ်။။

"နေဦး ဦးလှသောင်း။ အခု (၁၁) နာရီတောင် ထိုးတော့မယ်။ ညက ဆတ်ဖားကြီးတစ်ကောင်ရထားတယ်။ ရွာကလူတွေ အလှူလက်ရာနဲ့ အိုးကြီးချက်လုပ်နေတယ်။ စားပြီးမှ ပြန်"

"ဟုတ်ကဲ့ ဆရာ"

နေ့လယ် (၁၂) နာရီခန့်တွင် ကျွန်ုပ်တို့ နေ့လယ်စာစားကြသည်။ သတ်ဆတ်သောဆတ်သားကို ရွာကလူများ အချက်ကောင်းသဖြင့် အရသာရှိပြီး အလွန်စားကောင်းကြသည်။ မော်တော်ယာဉ်မှူး ဦးလှသောင်းတို့အဖွဲ့ ပြန်သွားတော့ မွန်းလွဲတစ်နာရီခန့်ပင်ရှိပြီ။ ကျွန်ုပ် ညဘက်အိပ်ရေးပျက်သဖြင့် ခေတ္တမှေးစက်အနားယူသည်။ ညနေ အိပ်ရာကနိုးတော့ [illegible] နာရီကျော်ပြီ။ ရွာမှ သူကြီးနှင့် ရွာလူကြီးများ ရောက်နေကြသည်။

ကျွန်ုပ်။။

"သူကြီး။။ ဘာများအကြောင်းထူးရှိသလဲ။ ကျုပ်လည်း ညဘက် အိပ်ရေးပျက်လွန်းလို့ အိပ်ပျော်သွားတယ်"

သူကြီး။။

"ရွာလယ်က ဒေါ်ဘုမပါ အရေးပိုင်မင်း။ ဖျားနာနေတာ ကြာ[illegible] အဲဒါ နေ့လယ်က ပြောတယ်။ သင်္ချိုင်းမအားသေးလို့ မသေ[illegible]တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်..

"ဘာဗျ..။ သချိုင်းမအားသေးလို့ဆိုတာ ဘာကိုပြောတာလဲ"

သူကြီး..

"အရေးပိုင်မင်းတို့ အခုစခန်းချနေတာ ရွာသချိုင်းကုန်းပေါ်မှာလေ။ အစိုးရဝန်ထမ်းတွေဖြစ်တော့ သူတို့ ဘာမှမလုပ်ရဲကြဘူး။ ဒီပေါ်မှာ လူတွေရှိနေတော့ သချိုင်းမအားဘူး ဖြစ်နေတာပေါ့"

"ဪ.. အဲဒီလိုလား။ ကျွန်တော်တို့လည်း လက်လျှော့ပြီး ပြန်တော့မှာပါဗျာ။ ဒီညနေ စခန်းက ကားလာမယ်။ မနက်ဖြန်မနက် ပြောင်းဖို့စီစဉ်ထားပါတယ်။ ဖန်ခါးပင်ကြီးကိုခုတ်ပြီး ကားဖရိမ်လုပ်ထားတဲ့ သစ်တွေကိုလည်း ပြန်ဖြုတ်ပြီး သူကြီးပြောတဲ့အတိုင်း ဖန်ခါးပင်ကြီးနားမှာ ပြန်ထားဖို့ သွားသယ်နေကြပါပြီ"

"အဲဒါဆိုလည်း အားလုံးကောင်းသွားမှာပဲ။ ကျွန်တော်မျိုးတို့က အရေးပိုင်မင်းတို့ကို အားနာနေတာ။ အရေးပိုင်မင်းတို့ရှိတော့ အားလည်းရှိပါတယ်။ အားလည်းကိုးပါတယ်။ ရွာမှာလည်း တောကောင်သား ထုစ်စားရလို့ အရေးပိုင်မင်းတို့ကို ကျေးဇူးတင်နေကြတယ်။ ပြန်သွားမှာကို လည်း စိုးရိမ်နေကြတယ်"

"အေးဗျာ..။ အခုလိုကြားရတာ ဝမ်းလည်းသာတယ်၊ ဝမ်းလည်းနည်းတယ်။ သူကြီးနဲ့တကွ ရွာကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တပည့် ပျောက်သွားတာကြောင့် အခုလောက်ကြာသွားတာပါ"

"ဒီကိစ္စမျိုးက လနဲ့ နှစ်နဲ့ချီ ကြာတတ်ပါတယ်။ ပြန်လာမယ်ဆို လည်း ကျွန်တော်မျိုး ယုံကြည်ပါတယ်"

"အေးဗျာ.. ကျွန်တော်လည်း စစ်ကိုင်းတိုင်းက တောတောင် အနှံ့ ရောက်ဖူးပါတယ်။ တောထဲ တောင်ထဲ လနဲ့ချီပြီးလည်း နေခဲ့ဖူး





တယ်။ ဒီလိုကိစ္စမျိုး မကြုံဖူးခဲ့ပါဘူး။ ဒီရွာရောက်မှပဲ ကြုံဖူးတော့တာပဲ။ တောဆိုတာ အင်မတန် ပရိယာယ်ကြွယ်ဝတာပဲနော်။ လူတွေ၊ ရွာတွေနဲ့ လည်း နီးလျက်သားနဲ့"

"မှန်ပါတယ် အရေးပိုင်မင်း။ ကျွန်တော်မျိုးတို့ရွာကလည်း တောထဲက ရွာကိုး။ လူတွေနဲ့ နီးပေမယ့် တောအထာတောင်အထာက ဆန်းကြယ်လှပါတယ်။ ဖန်ခါးပင်ကြီးကိစ္စနဲ့လည်း ပတ်သက်နေတယ်ထင် ပါရဲ့"

"အင်း.. အဲဒီအပင်ကြီးကလည်း ထူးဆန်းသဗျ။ ကျွန်တော်တို့ စခန်းကိုလည်း အတော်ဝင်မွှေသွားတာ။ ညနေတော့ ကိစ္စပြီးပါပြီဗျာ။ သူ့နေရာ သူပြန်ရောက်တော့မှာပါပဲ"

* * *

ကျွန်ုပ်တို့ ရွာသူကြီးအဖွဲ့နှင့် စကားကောင်းနေကြစဉ် မော်တော်ကားကြီးတစ်စီး ကြားရပြီး မော်တော်ယာဉ်မှူးဦးလှသောင်းတို့အဖွဲ့ စခန်းရှိတောင်ခြေသို့ ဆိုက်ရောက်လာပါသည်။ ဖန်ခါးပင်ငုတ်တိုကြီးအနီး ကားရပ်၍ ဖြုတ်ယူလာသော ဖန်ခါးသားဖရိမ်များအား ပိုင်း၍ချနေကြသည်။

ကြီး..



www.burmeseclassic.com

www.burmeseclassic.com



“သူ့ပစ္စည်း သူပြန်ရပြီဆိုတော့ ကျေနပ်တန်ကောင်းပါရဲ့။ အဲဒီပစ္စည်းတွေကို ရွာကယူမသုံးအောင်တော့ သတိပေးထားမြစ်ထားရဦးမှာပဲ။ ကဲ.. ကျွန်တော်မျိုးတို့ ပြန်ပါဦးမယ် အရေးပိုင်မင်းခင်ဗျား”

ကျွန်ုပ်..

“နေပါဦး သူကြီးခင်ဗျား။ ကျွန်တော်တို့အဖွဲ့တွေလည်း ဆုံတုန်း ဒီည တောလည်မထွက်တော့ဘဲ နှုတ်ဆက်ပွဲလုပ်ကြမှာပါ။ ဒါကြောင့် ဒီစခန်းမှာပဲ စားသောက်ပြီးမှ ပြန်ကြပါ”

“ဟုတ်ကဲ့.. အရေးပိုင်မင်းခင်ဗျား”

ထိုညက ည (၉) နာရီခန့်ထိ ကျွန်ုပ်တို့ ရွာသားများဖြင့် စားကြသောက်ကြ၊ စကားပြောကြရင်း အတွေ့အကြုံဖလှယ်ကြသည်။ ည (၉) နာရီခွဲခန့်မှ သူကြီးနှင့် ရွာသားများ မီးတုတ်ထွန်း၍ ပြန်သွားကြသည်။ ကျွန်ုပ်တို့အိပ်ရာဝင်ကြတော့ ည (၁၁) နာရီ ထိုးပြီ။

ကျွန်ုပ် မနက် (၇) နာရီခန့် အိပ်ရာကနိုးတော့ တပည့်ကျော်အောင်ဘုက ရေပုံးဆွဲလျက် အပြေးအလွှားလာပြောသည်။

“ဆရာ.. ဆရာ.. ကိုကျော်စိန်ဝင်းကို ပြန်တွေ့ပြီ၊ သူ့လွယ်အိတ်တွေ့တဲ့ ဝါးရုံပင်ခြေရင်းမှာပဲ လဲနေတာ ပြန်တွေ့တယ်။ ကျွန်တော် ရေခပ်ဆင်းရင်း တွေ့ခဲ့တာ။ ကျွန်တော်လည်း ကြောက်တာနဲ့ အနား မကပ်ခဲ့ဘူး။ အဝေးကပဲ မြင်ခဲ့တာ”

ကျွန်ုပ်တို့ ချက်ချင်းလူစု၍ တောင်ခြေသို့ ဆင်းခဲ့ကြသည်။ အောင်ဘုပြောတာ မှန်ပါသည်။ စာရေးကလေးကျော်စိန်ဝင်းမှာ ဝါးရုံပင်အား ခေါင်းစိုက်၍ အိပ်ပျော်နေခြင်းဖြစ်သည်။ ထူးဆန်းသည်ကတော့ သူ့ခေါင်းရင်းတွင် တစ်တောင်ခန့်ရှိ ခြတောင်ပို့အသစ်ကြီး ဖြစ်ပေါ်နေခြင်း ဖြစ်သည်။





ကျွန်ုပ်က ဝမ်းသာအားရ လှုပ်နိုးရာ..

“ဟဲ့ကောင်.. ကျော်စိန်ဝင်း။ ထ.. ထ.. ဘာလို့ ဒီမှာလာအိပ်နေတာလဲ”

“အင်.. ဟင်.. ဟာ.. ဆရာ.. ကျွန်တော် ဘယ်ရောက်နေတာလဲ”

“မင်း စခန်းကုန်းတောင်ခြေက ဝါးရုံပင်ခြေရင်းမှာ အိပ်ပျော်နေတာ”

“မဟုတ်ပါဘူး ဆရာ။ ကျွန်တော် သစ္စာရွာက သူကြီးအိမ်ပေါ်မှာ အိပ်နေတာပါ”

“သစ္စာရွာက ဘယ်နားမှာလဲ”

ကျော်စိန်ဝင်းက မျက်စိနှစ်လုံးအား ပွတ်လျက်..

“စမ်းချောင်းလေး ဟိုဘက်ကမ်းတင် ဆရာ။ အလို.. ဘယ်ရောက်သွားပါလိမ့်”

ရွာခံမုဆိုး..

“ဒီအနီးအနားမှာ သစ္စာရွာဆိုတာ မရှိပါဘူးဗျာ။ ရွာကြီးဆိုလို့ ကျွန်တော်တို့တစ်ရွာပဲ ရှိပါတယ်”

ကျော်စိန်ဝင်း..

“မဟုတ်ဘူးဗျ..။ ရွာကြီးမှ အကြီးကြီးပဲ၊ အိမ်ခြေနှစ်ရာကျော်လောက်ရှိတယ်။ တကယ့်အိမ်ကြီးအိမ်ကောင်းတွေချည်းပဲ၊ ရွာက လူတွေက ယောက်ျား မိန်းမ အချောအလှတွေချည်းပဲ၊ အဘိုးကြီး၊ အဘွားကြီးတွေကလည်း အလွန်ခန့်ညားကြတယ်ဗျာ။ ရွာထဲမှာ အလှူအတန်းကလည်း နေ့တိုင်းလိုလို ရှိတယ်။ ကျွန်တော့်ကိုကျွေးတာ ဟင်းခွက် (၉) ကျော်မယ်။ ဒါပေမဲ့ အသားမပါဘူး။ သက်သတ်လွတ်ဟင်းတွေချည်းပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



စားလို့တော့ အင်မတန်အရသာရှိတယ်”

ကျွန်ုပ်..

“ကျော်စိန်ဝင်း..မင်း အိပ်မက်များ မက်နေတာလား။ အိပ်မက်မက်ရအောင်လည်း မင်းဘယ်မှာသွားအိပ်နေတာလဲ၊ ငါတို့ခေါ်သံ၊ အော်သံတွေ မကြားဘူးလား”

“တကယ်ပါ ဆရာ။ အိပ်မက် မဟုတ်ပါဘူး။ ကျွန်တော်သွားလည်တာ ခဏကလေးရယ်ပါ။ ဆရာတို့ကိုလည်း မတွေ့ဘူး။ ခေါ်သံ၊ အော်သံလည်း မကြားရပါဘူး။ ရွာကြီးက လူတွေက အလွန်စိတ်ကောင်းရှိပြီး သဒ္ဓါတရားထက်သန်ကြတယ်၊ အားလုံး ယောဂီဝတ်တွေချည်းပဲ။ ငါးပါးသီလလည်း မြဲကြတယ်။ တစ်ရွာလုံး သက်သတ်လွတ်စားကြတယ်။ ရွာထဲမှာလည်း တိရစ္ဆာန်ဆိုလို့ တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး။ ကုန်ကုန်ပြောရရင် တောထဲက ရွာကြီးဖြစ်လျက် ကြက်၊ ငှက်တောင် မတွေ့ရဘူး။ အော်သံလည်း မကြားရဘူး”

ကျွန်ုပ်..

“မင်းက ဘယ်လိုလုပ်ပြီး အဲဒီရွာကို ရောက်သွားတာလဲ”

“ဆရာနဲ့ ဦးဖော်မင်းတို့ ရွာထဲဆင်းသွားကြတော့ ကျွန်တော်လည်း ပျင်းတာနဲ့ လေးခွအိတ်ဆွဲပြီး တောင်ကုန်းအောက် ဆင်းလာတာ။ အဲဒါ ဝါးရုံပင်အောက်မှာထိုင်ပြီး ဆေးလိပ်သောက်နေတုန်း အပျိုမနှစ်ယောက် စမ်းချောင်းမှာ ရေအိုးကိုယ်စီနဲ့ ရေခပ်ဆင်းလာကြတယ်။

အချောအလှတွေမို့ ကျွန်တော်လည်း ထိုင်ငေးနေတုန်း သူတို့က ရေအိုးပင့်ပေးဖို့ လှမ်းခေါ်တယ်။ ကျွန်တော်လည်း ရေတော်တုန်းရေတွင်းထဲ ကျဆိုတဲ့ စကားပုံလို ဖိုးကျိုင်းတုတ်ဖြစ်သွားတာနဲ့ လွယ်အိတ်ကလေးကို ဝါးရုံထဲ ထိုးခဲ့ပြီး သွားပင့်ပေးတာ။ အဲဒါ သူတို့က ရွာအလည်လိုက်ခဲ့ဖို့ခေါ်





တာနဲ့ လိုက်သွားတာ။ ရွာက လူတွေကလည်း ကျွန်တော့်ကို သိပ်ဟောင်းကျွမ်းဟောင်းကျနေတာပဲ။ ဖော်ရွေလိုက်ကြတာ အလွန်ပါပဲ။ ကျွေးလိုက်မွေးလိုက်ကြတာလည်း စုံနေတာပဲ၊ တစ်ရွာလုံးကို တစ်ညနေတည်း နှံ့သွားတယ်။

မိုးချုပ်စပြုတော့ ရေခပ်တဲ့အပျိုမနှစ်ယောက်က လိုက်ခေါ်တယ်၊ ညစာစားချိန် ရောက်ပြီတဲ့လေ။ ရွာလယ်က သူတို့အိမ်အလာမှာ တစ်ရွာလုံး အောက်လင်းဓာတ်မီးကြီးတွေနဲ့ ထိန်ထိန်လင်းနေတာပဲ၊ ကျွန်တော့်ကိုလည်း တွေ့တဲ့လူတိုင်းက ဆရာလေးလို့ နှုတ်ဆက်ကြတယ်။ အားလုံးပြုံးပျော်နေတာပါပဲဗျာ။ ကလေးငိုသံတောင် မကြားရဘူး။ ကျွန်တော်ကတော့ သူတို့ကို တစ်ယောက်မှမသိဘူး။ ရွာလယ်က သူကြီးအိမ်ရောက်တော့ ခြေလက်ဆေးနိုင်းပြီး အိမ်ပေါ်ထပ်ခေါ်သွားတယ်။ အိမ်အပေါ်ထပ်မှာ အောက်လင်းဓာတ်မီးကြီးထွန်းပြီး ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကြီးက ဟီးနေတာပဲ။

ထမင်းမစားခင် အိမ်သားအားလုံး ဘုရားကန်တော့ကြတယ်။ ကျွန်တော်လည်း ကန်တော့တယ်ပေါ့။ ဘုရားခန်းက ရှားပါးတဲ့ပန်းတွေနဲ့ဝေနေပြီး မဟာမြတ်မုနိပုံတူဆင်းတုတော်က သပ္ပာယ်လိုက်တာ အလွန်ပါပဲ။

ပြီးမှ ကျွန်တော်တို့ထမင်းစားရတယ်။ ဟင်းခွက် (၂၀) ကျော်။ အသားဟင်းတော့ မပါဘူး။ အားလုံး သက်သတ်လွတ်ချည်းပဲ၊ အရသာတော့ အလွန်ရှိတယ်။

ထမင်းစားပြီးတော့ လက်ဖက်ညှော်ကြမ်းဝိုင်းမှာ စကားပြောကြရင်း သူကြီးက ကျွန်တော့်ကိုမေးတယ်၊ မင်း ဒီရွာမှာ နေမှာလားတဲ့။ မင်း လူပျိုဆိုရင်တော့ ငါ့သမီးနှစ်ယောက်အနက် ကြိုက်တဲ့သူနဲ့ ယူနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ ရွာမှာနေရင်တော့ ငါးပါးသီလ မြဲရမယ်။ စိုက်ပျိုးရေးလုပ်ရမယ်။ ပစ္စည်းဥစ္စာ တိုးတက်များပြားအောင်လုပ်ဖို့ မလိုဘူးတဲ့။ ရှင်တို့မှာ ပြည့်စုံပြီး သားတဲ့။ နေ့စဉ် ပုံမှန် ထမင်းစားနိုင်ရုံတင် အလုပ်လုပ်ရင် တော်ပြီတဲ့။ ကျွန်တော်လည်း မဆုံးဖြတ်တတ်တာနဲ့ ကျွန်တော်စဉ်းစားပါဦးမယ်လို့ပြော တော့ ဒါဖြင့် အိပ်လိုက်ဦး၊ မိုးလင်းမှ အဖြေပေးလို့ပြောပြီး ဘုရားဆောင် ရှေ့မှာ အိပ်ရာပြင်ပေးတော့တာပဲ။ အဲဒါနဲ့ ကျွန်တော်လည်း ဘုရားဝတ်ပြု ပြီး တစ်ရေးအိပ်လိုက်တာ အခုမှတစ်ရေးနိုးတော့တယ်ဆရာရယ်။ ကျွန် တော် တစ်ညအိပ်တည်း သွားလည်တာပါ ဆရာ''

ကျွန်ုပ်..

''မင်းတစ်ညအိပ်က ဒီနေ့ဆိုရင် (၇) ရက်ရှိပြီ''

ကျော်စိန်ဝင်း..

''အဟုတ်ပဲလား ဆရာ။ ကျွန်တော် ခဏကလေးသွားတာပါ''

အောင်ဘု..

''ဟုတ်ပါတယ် ကိုကျော်စိန်ဝင်းရယ်။ ဆရာတို့ အိပ်ပျက်ညဲ ပေါင်း များပါပြီ။ မနေ့ညကမှ လက်လျှော့ပြီး အိပ်ကြရတာပါ။ ပိန္နဲကုန်းရွာ က လူတွေရော၊ ဖန်ခါးကုန်းစခန်းကပါ လူခွဲပြီးရှာကြတာ (၆) ညအိပ် (၇) ရက်ရှိပါပြီ။ ကျွန်တော်နဲ့ ရွာကလူတွေ ရှာဖွေရေးအဖွဲ့အတွက် ချက်ခဲ့ ပြုတ်ရတာ အလုပ်ကြီးကျနေတာပါပဲ''

ဇော်မင်း..

''ဟုတ်တယ်ဟ ကျော်စိန်ဝင်းရ။ ဒီနေ့မနက် ငါတို့ ပြန်ကြဖို့ တောင် စီစဉ်ပြီးနေပြီ။ ပြန်ဖို့ သစ်ကားတောင်ခေါ်ထားလို့ မော်တော်ယာဉ် မှူး ဦးလှသောင်းတို့အဖွဲ့တောင် ရောက်နေကြပြီ။ ဒီနေ့မှ မင်းပြန်မလာ ရင် ဖန်ခါးကုန်းစခန်းရောက်တာနဲ့ ဘုန်းကြီးပင့်ပြီး (၇) ရက်လည် သပိတ်





သွတ်ရတော့မှာ''

ကျော်စိန်ဝင်း..

''ဟာ.. ဆရာကလည်း။ နိမိတ်မရှိ နမာမရှိဗျာ။ ဖွဟဲ့.. လွဲပါ စေဖယ်ပါစေဗျာ''

ကျွန်ုပ်..

''ကျော်စိန်ဝင်း.. မင်းကတော့ ပေါ့ပေါ့ပဲ၊ ငါတို့မှာ ဒုက္ခများ လိုက်တာ အလွန်ပဲ။ ဒီနေ့ မင်းပြန်မလာရင်တော့ ဖန်ခါးကုန်းစခန်းရောက် တာနဲ့ ဇော်မင်းပြောသလို အထက်ကို အကြောင်းကြားပြီး လုပ်သင့်တာ တွေ လုပ်ရတော့မှာ အမှန်ပဲ။ မင်းအချိန်မီပြန်ရောက်လာလို့ တော်ပါသေး ရဲ့။ လာ.. စခန်းကုန်းပေါ် ပြန်ကြမယ်။ ဟိုကျမှ ဆက်ပြောကြတာပေါ့''

စခန်းကုန်းပေါ်ရောက်တော့ မော်တော်ယာဉ်မှူးဦးလှသောင်းနှင့် အဖွဲ့က ပစ္စည်းများအား သိမ်းဆည်းပြီး ယာယီဘိုတဲအား ဖျက်ရန်ပြင် ဆင်နေပါပြီ။

ကျွန်ုပ်က အချိန်မီရောက်ရှိသွားသဖြင့်..

ကျွန်ုပ်..

''ဦးလှသောင်း.. နေဦးဗျ။ ဒီက ရွာသားတွေနဲ့ ကျွန်တော်တို့ စားဖို့ ဟင်းတွေ အများကြီးကျန်သေးတယ်။ ကျော်စိန်ဝင်းလည်း ပြန်တွေ့ ပြီဆိုတော့ နေ့လယ်စာစားပြီးမှ ပြန်ကြတာပေါ့။ မကောင်းဘူးလား''

ဦးလှသောင်း..

''ကောင်းပါတယ် ဆရာ''

ထိုစဉ်တွင် ကြေးစည်ရိုက်သံ ကြားရသည်။ ရွာဘက်မှဖြစ်သည်။ ကျွန်ုပ်မေးမည်အပြုတွင်ပင် ရွာမှဆိုး ကိုတင်ဦးက..

''ဒေါ်ဘုမကြီးတော့ ဆုံးရှာပြီထင်တယ်၊ ဆရာတို့ ပြန်မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ သူဆုံးရှာပြီပေါ့။ သချိုင်းအားသွားပြီလေ''

ဦးလှသောင်း..

''ဘာလဲဗျ.. သချိုင်းအားတယ်ဆိုတာ''

ကျွန်ုပ်..

''ဒီလိုဗျို့ ဦးလှသောင်းရေ။ ကျွန်တော်တို့က အစိုးရဝန်ထမ်းတွေ။ ဒီသချိုင်းကုန်းပေါ်မှာ လာပြီးစခန်းချထားတော့ သချိုင်းမအားဘူးဖြစ်နေတာပေါ့။ အခု ကျွန်တော်တို့က ပြောင်းဖို့ပြင်ဆင်နေတော့ သချိုင်းအားသွားပြီလေ။ ကျွန်တော်လည်း အစက မသိပါဘူး။ ရွာသူကြီးရှင်းပြမှ သိတာပါ''

ဦးလှသောင်း..

''ဪ.. အဲဒီလိုလား။ သူတို့ရွာလေးကလည်း တစ်မျိုးပဲနော်။ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုပေါ့နော် ဆရာ''

ကျွန်ုပ်..

''ဒီရွာကတော့ တစ်ရွာတစ်ပုဒ်ဆန်းလို့ ပြောလို့မရတော့ဘူး ဦးလှသောင်းရေ။ ဒီတစ်ရွာတည်း သုံးပုဒ်ဆန်းနေတာ။ ပထမက ဖန်ခါးပင်ကြီးကိစ္စ။ ကျွန်တော်တို့စခန်း အတော်ခံလိုက်ရတယ်။ ဒုတိယ.. ကျော်စိန်ဝင်းကိစ္စ။ တတိယ.. သချိုင်းမအားတဲ့ကိစ္စလေ။ အခုတော့ အားလုံးရှင်းသွားပါပြီဗျာ။ ဟား.. ဟား.. ဟား..''

''ဟား.. ဟား.. ဟား..''

ကျွန်ုပ်လည်း အားရပါးရ စိတ်လွတ်လက်လွတ်ရယ်မိသလို အားလုံးလည်း သဘောကျစွာ ဝိုင်းရယ်ကြတော့သည်။

ထိုစဉ်တွင် ရွာသူကြီးနှင့်အဖွဲ့ အထုပ်အပိုးများထမ်း၍ ရောက်လာကြပြီး..





သူကြီး..

''အရေးပိုင်မင်းတို့ ဘာများသဘောကျပြီး ရယ်နေကြတာလဲ''

ကျွန်ုပ်က တစ်ရွာသုံးပုဒ်ဆန်းခြင်းကိစ္စအား ရှင်းပြရာ သူကြီးနှင့်အဖွဲ့လည်း သဘောကျပြီး ရယ်မောကြတော့သည်။

''ဝါး.. ဟား.. ဟား.. ဟား..''

သူကြီး..

''ဟုတ်ပ့ါ အရေးပိုင်မင်းရယ်။ ကျွန်တော်တို့ရွာက ဆန်းကိုဆန်းပါတယ်။ အရေးပိုင်မင်းတို့ ပြန်ကြမယ်ဆိုလို့ ရွာက စုပြီး လက်ဆောင်ပေးတာပါ။ ဆန်နှစ်အိတ်၊ ဆီတစ်ပုံးနဲ့ ပဲအမျိုးမျိုးတွေပါ။ နောင်လည်း ကြာခထာလာလည်ဖို့ ဖိတ်ပါတယ်ခင်ဗျား''

ကျွန်ုပ်..

''နောင်လာရင်တော့ သူကြီးအိမ်မှာပဲ တည်းပါတော့မယ်။ ဒီသချိုင်းကုန်းပေါ်မှာတော့ ဘယ်တော့မှ စခန်းဆောက်ပြီး မတည်းတော့ပါဘူးဗျာ''

ကျွန်ုပ်တို့အဖွဲ့ နှုတ်ဆက်လက်ဆုံစားကြပြီး ဘိုတဲစခန်းအား ဖျက်၍ ပစ္စည်းများအား ကားပေါ်တင်သည်။ ပြီးနောက် ကျွန်ုပ်က သူကြီးအား ပြောရတော့သည်။

''သူကြီး.. ဖန်ခါးတိုင်တွေက ကျွန်တော်တို့ခွဲစိတ်ထားတော့ ရွာသားတွေ ယူသုံးမိရင် ပြဿနာတက်နေဦးမယ်။ သူကြီးလည်း တာဝန်ပေါ့သွားအောင် ကျွန်တော်တို့အပြန်မှာ ဓာတ်ဆီလောင်းပြီး မီးရှို့ဖျက်ဆီးထဲခဲ့မယ်။ ဟုတ်ပြီလား''

သူကြီး..

''အကောင်ဆုံးအစီအစဉ်ပါပဲ အရေးပိုင်မင်းခင်ဗျား။ ဒီကိစ္စက



www.burmeseclassic.com

www.burmeseclassic.com




အစိုးရဝန်ထမ်းဖြစ်တဲ့ အရေးပိုင်မင်းတို့လုပ်တာ အကောင်းဆုံးပါပဲခင်ဗျာ”

ကျွန်ုပ်အမိန့်ဖြင့် ဖန်ခါးတုံးများအား ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးပြီး ဖန်ခါးကုန်းစခန်းသို့ ပြန်ခဲ့ကြတော့သတည်း။ ။

❖

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# အမှုရုပ်မြီထင်ပါသည်

လှူ့ဘဝနှင့်စပ်လျဉ်း၍ တွေ့ဆုံကြုံကြဲ ဖြစ်မြဲမွှတာဟု ဆိုကြသည်။

တွေ့ရကြုံရ ဆုံစည်းရလေသောကာလသည် ဘာမှုကြာတောင့်ကြာရှည် ရှိလှသည်မဟုတ်။ တခဏ ခဏာငယ်ကလေးမှာပင် ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိကြသည်ပဲ မဟုတ်ပါလား။

မိမိတို့ စာပေလောကသားတစ်စု မနက်ခင်းတိုင်းလိုလို ဆုံစည်းတွေ့ကြလေသော နေရာကလေးတစ်နေရာ ရှိပါသည်။ ထိုနေရာသည် ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံနှင့် မလှမ်းမကမ်းရှိ ဇင်မင်းမောင်လက်ဖက်ရည်ဆိုင်ရှေ့ ပလက်ဖောင်းတွင် ဖြစ်ပါသည်။ ထိုပလက်





ဖောင်းတွင် ကားလမ်းမဧရိယာနှင့် ဆက်စပ်နေသော အုတ်ခုံသုံးလုံးရှိ၏။ လက်ဖက်ရည်ဆိုင်မှ ခင်းထားသည့် စားပွဲပုကလေးများ ခုံပုကလေးများရှိ၏။ အရိပ်အာဝါသကောင်းသော ရေတမာပင်ကြီးရှိ၏။ (ယခုအခါ နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ရေတမာပင်ကြီးခမျာ ကိစ္စချောသွားရလေပြီ)

လက်ဖက်ရည်ဆိုင်ဘက်အခြမ်းတွင် ကွမ်းယာဆိုင်၊ မုန့်မှန်ဆိုင်တို့နှင့်အတူ သာလွန်စာအုပ်အရောင်းဆိုင်၊ မြင်းမိုရ် (၁) (၂) စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့ ရှိကြလေရာ မိမိတို့စာပေသမားများအတွက်တော့ လွန်စွာမှ ဘူမိနက်သန် အောင်မြေမှန်သည့် နေရာကလေးတစ်နေရာဖြစ်လာပြီး မကြာမီမှာပင် 'လေအန်ကုန်း' ဟူ၍ အမည်တွင်သွားလေတော့၏။

လေအန်ကုန်း၌ စုဆုံလေ့ရှိကြသူတို့တွင် ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူ၊ သတင်းထောက်၊ ဂျာနယ်လစ်၊ ဝေဖန်ရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဂရပ်ဖစ်ဒီဇိုင်းနာ အစရှိသဖြင့် စုံလင်လှတော့၏။ ရာနှုန်းပြည့်နီးပါး တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ် ဆက်ဆံကြ၍ လေအန်ကုန်းရပ်ဝန်းကလေးကား ပျော်ရွှင်ကြည်နူးဖွယ် ကောင်းလှပါဘိ။ လက်ဖက်ရည်သောက်မည်ဆိုလျှင်တောင်မှ သီးခြားတစ်ခွက်ချင်း မမှာ။ အများသောက်နိုင်ရန် အဖိုးနည်းဝန်ပါ အိုးဖြင့်မှာကြ၏။ တစ်အိုးလျှင် ၆၀၀ ကျပ်။ ရလာသော် ရေနွေးပူပူနှင့် အနည်းငယ်ရောကာ အကြမ်းပန်းကန်လုံးထဲမှုထည့်လျှင် အနည်းဆုံး (၆) ယောက်မှ (၈) ယောက်အထိ ကောင်းကောင်းကြီးသောက်နိုင်၏။ သောက်နေရင်းလည်း စည်းရုံးညီညွတ်စိတ်တွေ ပွားများလာခဲ့ကြ၏။

လေအန်ကုန်းတွင် စာပေအကြောင်း ဆွေးနွေးနိုင်သည်။ စာမူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖလှယ်နိုင်သည်။ စာမူခထုတ်ဖို့ စာမူပို့ဖို့ အကူအညီတောင်းနိုင်သည်။ အယ်ဒီတာတွေထံ စာမူကိစ္စကို စုံစမ်းမေးမြန်းနိုင်သည်။ ထုတ်ဝေသူနှင့် အချိတ်အဆက်လုပ်နိုင်သည်။ ကိုင်း. . အခွင့်ပြေလွန်းမကာ ပြေလွန်းလှသော မဂ်လာနေရာပါတကား။

ထို့ပြင်တစ်ဝ မိမိတို့စာပေလောကသား ရင်ခုန်သံတူညီသူအချင်းချင်း၏ သာမှုကိစ္စ၊ နာမှုကိစ္စတွေကိုလည်း ဆွေးနွေးတိုင်ပင် ညှိနှိုင်းကာကိုယ်ရော၊ စိတ်ပါ အကူအညီပေးတတ်ကြသော နေရာကလေးလည်းဖြစ်၏။ အခက်အခဲရှိသူကို တစ်နိုင်တစ်ပိုင်ဆိုသလို ကူညီဖေးမကြကုန်၏။ သည်တော့လည်း တစ်စထက်တစ်စဆိုသလို လေအန်ကုန်းရပ်ဝန်းကလေးသည် စည်ကားလာခဲ့ရသည်။ အထူးသဖြင့် တစ်ပတ်တွင် အင်္ဂါ၊ သောကြာ စသော နှစ်ရက်သည် ဦးရေအစုံလင်ဆုံးနှင့် အစည်ကားဆုံးပါတည်း။

သည်လိုမျိုး နေ့စဉ်ရက်ဆက်မပျက်တောင်မှ အပတ်စဉ် တွေ့နေကျ မျက်နှာတစ်ခုခု ကွယ်ပျောက်နေလျှင် မိမိတို့အချင်းချင်း သတင်းမေးကြရသည်။ သတင်းရမှသာ ရင်အေးကြရ၏။ ဤမျှအထိ သံယောဇဉ်နယ်နိမိတ် ကျယ်ပြောလှစွာသော ရပ်ဝန်းကလေးတစ်ခုဟု တင်စားရလျှင် မမှားချေ။

ဤ၌ စိတ်ပျော်စရာတွေချည်းပဲ ပြီးပြည့်စုံနေပါသလောဟု မေးမြန်းစရာရှိနိုင်ပါသည်။ ထိုသို့မေးလာခဲ့လျှင်ဖြင့် 'စိတ်ညစ်စရာတွေလည်း ရှိတာပါပဲ' ဟု ဖြေရမည်သာပင်။ အရက်ဖိုးကပ်တောင်းသူ၊ အရက်ဖိုးမရလျှင် တကျီကျီလုပ်တတ်သူ၊ သောက်ပြီးလျှင်လည်း အေးအေးမနေဘဲ ပတ်ဝန်းကျင်နားမခံသာလောက်အောင် အနံ့ဖြင့်သော်လည်းကောင်း၊ အသံဖြင့်သော်လည်းကောင်း၊ ခြေတို့လက်တို့ လုပ်၍သော်လည်းကောင်း ရစ်တတ်သူတွေ ရှိကြ၏။ အုတ်ခုံတွင် ကျောက်ချထိုင်ရင်း ရေနွေးကြမ်းကို





ထည်လဲမှာသောက်ကာ လမ်းသွားလမ်းလာထဲမှ အသိမိတ်ဆွေတွေ့လျှင် အတင်းကာရောဆွဲလွဲပြီး အလှူခံတတ်သူအချို့လည်း ပါ၏။ မည်သို့ဆိုစေ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်း ဆက်စပ်လေသည့်မှု လေအန်ကုန်း၏ ပကတိအလှတရားသည် ပျက်သုဉ်းသွားခြင်း မရှိပါခဲ့။

သည်လိုမျိုးအနေအထား၌ နာဂစ်မဖြစ်မီ တမြန်နှစ်လောက်က မိမိတို့ လေအန်ကုန်းအဖွဲ့သားတစ်ဦး တိမ်းပါးသွားခဲ့သည်ဟု သတင်းရသည်။ တိမ်းပါးသည် ဆိုကောင်းဖြစ်သော်ငြား ဘယ်နေ့ဘယ်ရက်မှာ ကွယ်လွန်၍ ဘယ်ရက်မှာ သင်္ဂြိုဟ်လိုက်သည်ကို တိတိပပ မသိရခဲ့။

"သီရိမင်္ဂလာဈေးက ညဘက် ပက်လက်ကုလားထိုင်ငှားတဲ့ဆီမှာ သည်ကောင်တောင့်နေတာတဲ့ကွ။ ဆက်သွယ်အကြောင်းကြားဖို့ရာ ဘာသက်သေခံအထောက်အထားမှလည်း မရှိဆိုတော့ နောက်ဆုံး စည်ပင်ကပဲ တာဝန်ယူလိုက်ရတာပေါ့"

"ဖြစ်မှဖြစ်ရလေ ဝင်းလှိုင်ရယ်"

သည်သတင်းစကား ကြားရတော့ မိမိတို့ရင်ထဲ ဘယ်လာကောင်းနိုင်ကြမှာတဲ့နည်း။ အမည်ရင်း ဝင်းလှိုင်။ ကဗျာရေးတော့ ချစ်ဝင်းလှိုင်။ အယ်ဒီတာလုပ်တော့၊ ပေါ့ပ်ဆောင်းပါးတွေရေးတော့၊ အင်တာဗျူးတွေလုပ်တော့ ဣန္ဒြေလှိုင်အမည်နှင့်. . ။

ဂျာနယ်ခေတ်ဦးမှာ၊ ပေါ့ပ်မဂ္ဂဇင်းတွေခေတ်ကောင်းစဉ်မှာ ဝင်းလှိုင်၏အနာဂတ်သည် ရွှေရောင်တောက်ပခဲ့သည်။ ဆံပင်ရှည်ရှည်သည်ဆီမွှေးတွေလိမ်းကျံလျက် တောက်ပနေ၏။ သန့်ရှင်းဖြူစင်သော ကော်လာတုံးဖြူကို လက်မောင်းရင်းတွင်ခေါက်လျက်၊ သစ်လွင်သောကချင်ပုဆိုးကိုဝတ်ဆင်လျက်၊ လွယ်အိတ်ခပ်လတ်လတ်တစ်လုံးလွယ်လျက် ယောက်ျားပီသ ဓာတ်ပုံဝင်းထိန်(စတိုင်) (ကွယ်လွန်) နှင့် အတူသွားလာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်က တက်တက်ကြွကြွ။ ညနေခင်းများစွာကိုလည်း ခြွေရံသင်းပင်းများစွာနှင့် ဖြတ်သန်းရင်း ရွှေထီးဆောင်းနိုင်ခဲ့ဖူးသည်။ သည်မှာဘက် နာမည်ကျော်အဆိုတော်တွေ၊ သရုပ်ဆောင်တွေဆိုသည်မှာ သူ့ကလောင်ဖျား၏ ကျေးဇူးနှင့် မကင်း။

ဒါပေသည့် ဘဝ၏မျဉ်းကား တစ်ဖြောင့်တည်း ပုံသေမဟုတ်။

ကောက်ချင် ကောက်မည်။

ကွေ့ချင် ကွေ့မည်။

တွန့်ခေါက်ချင် တွန့်ခေါက်နေလိမ့်ဦးမည်။

ဝင်းလှိုင်သည်လည်း ဘဝပန်းချီဆရာ၏ စုတ်ချက်အောက်၌ မျဉ်းကောက်၊ မျဉ်းကွေး၊ မျဉ်းတွန့်တွေ ဖြစ်ခဲ့ရသည်။ အထိန်းအကွပ်မဲ့သောက်စားမှုဒဏ်များကြောင့် ကျန်းမာရေးထိခိုက်လာသည်။ စာလည်း ဟုတ္တိပတ္တိမရေးနိုင်တော့။ ဝင်ငွေပါးလျလာသည့်အထဲ အိမ်ထောင်ရေးကလည်း အဆင်မပြေ။ သည်တော့ ဖြစ်သလိုနေ၊ ဖြစ်သလိုဝတ်၊ ဖြစ်သလိုစားရတော့သည်။ လိုအပ်သော မိသားစု၏ ပြုစုစောင့်ရှောက်မှုကို မရ၊ အင်အားပြည့်ဝစေမည့် အာဟာရကို မှီဝဲနိုင်ဖို့ရာ အနေအထားကလည်းမရှိ၊ ဆေးရုံတက်ကုသဖို့ရာလည်း မပြည့်စုံ။ လုံခြုံသော နေထိုင်စရာကင်းပဆိုတော့ ဘဝ၏နောက်ဆုံးရက်များက နီးကပ်သည်ထက် နီးကပ်လာခဲ့သည်။

သည်လိုနှင့်ပင် မျှော်လင့်ထားသည့်အတိုင်း မမျှော်လင့်ပါဘဲ ဝင်းလှိုင်၏သတင်းကို ကြားသိလာရသည်။ စိတ်မကောင်းခြင်းကြီးစွာ မိမိတို့အားလုံး သက်ပြင်းကိုယ်စီချလိုက်ကြသည်။

သွားနှင့်ပေဦးတော့ ဣန္ဒြေလှိုင်ရေ။

❋ ❋ ❋



နောက်တစ်ယောက်ကား စာရေးဆရာမောင်မြေကြီး (ပန်းတောင်း) တည်း။

သူသည်လည်း လေအန်ကုန်း၏ဇာတ်လိုက်တစ်ဦးဖြစ်၏။ ဆရာတက္ကသိုလ်နန္ဒမိတ်၏ ဝတ္ထုများအနက်မှ 'နန္ဒာပုလဲ' ဝတ္ထုကို သူအနှစ်သက်ဆုံးဖြစ်ခဲ့၏။ နန္ဒာပုလဲ၏ အဓိကဇာတ်လိုက် ကိုဘသင်းကို သူစွဲမက်ခဲ့၏။ ထို့ကြောင့်လည်း ကိုဘသင်းရွှတ်လေ့ရှိသောကဗျာကို သူမူးလာလျှင်ရွတ်တော့သည်။

"ကောင်းကင်နဲ့မြေကြီး . . ငါ့အားပေးလော့" . . တဲ့။

လေအန်ကုန်းရှိ အုတ်ခုံသုံးလုံးအနက် အလယ်ခုံသည် သူအပိုင်စားရယူထားသော အုတ်ခုံဖြစ်ပါသည်။ ထိုအုတ်ခုံကလေးနှင့် ကိုမြေကြီးအကြောင်းကို သောကြာစာစောင်တွင် မိမိရေးခဲ့ဖူးရာ ထိုစာကိုဖတ်မိကြသော မိုးကုတ်မြို့အမြဲတမ်းပုလဲကွန်ဒိုမှ မအားမေနှင့် မြဝတီမြို့မှ ကိုကျော်စိန်တို့ မောင်နှမနှစ်ယောက်က ရန်ကုန်ရောက်ခိုက် လေအန်ကုန်းသို့ ဝင်ကာ မိမိနှင့် သန်လျင်မောင်မောင်ဦးအား တွေ့ဆုံခဲ့ပြီး မောင်မြေကြီးအကြောင်းကို မေးပါသည်။ ထိုနေ့က ကိုမြေကြီးတစ်ယောက် (လမ်းစရိတ်မရှိ၍လော မသိ) ရောက်မလာခဲ့။

ဤတွင် ၎င်းတို့မောင်နှမက တစ်ယောက်တစ်သောင်းစီစုလျက် နှစ်သောင်းကျပ်နှစ်သောင်းကို မောင်မြေကြီးလာလျှင် ပေးပေးရန်၊ ထပ်မံ၍ ကျပ်တစ်သောင်းကိုလည်း လေအန်ကုန်းရောက် စာပေသမားအပေါင်းအား ဒါနပြုရန် ပေးသွားခဲ့ပါ၏။ အပြန်၌ ကိုမြေကြီးထိုင်နေကျ အုတ်ခုံကလေးကိုလည်း အမှတ်တရကြည့်သွားခဲ့ပါသေး၏။

သည်လေအန်ကုန်းမပေါ်ပေါက်မီ နှစ်ပေါင်းအတော်ကြာကဆိုလျှင် ကိုမြေကြီး၏ဘဝသည်လည်း ရွှေရောင်တောက်ခဲ့သောကာလများဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါလိမ့်မည်။ စင်စစ် သူသည် ပန်းတောင်းသားမဟုတ်။ ဇာတိအမှန်က ပဲခူးတိုင်း သနပ္ပင်မြို့နယ် ကျိုက်ပဒိုင်ကျေးရွာဇာတိဖြစ်သည်။ ငယ်စဉ်က ဘုန်းကြီးကျောင်းသား။ ပြီးတော့ အစိုးရကျောင်းတက်ပြီး ဟိုက်စကူးဖိုင် နယ်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ သည့်နောက် ပန်းတောင်းမြို့ နယ်ကုန်သွယ်ရေးဌာန၌ အောက်တန်းစာရေးအဖြစ်လည်းကောင်း၊ သမ ဝါယမအသင်း မြို့နယ်ဦးစီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ သည်။

သူ စာပေလောကကို ၁၉၇၁ ခုနှစ်ကပင် စတင်ဝင်ရောက်ခဲ့ သည်။ ထိုစဉ်က ထုတ်ဝေသော စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းအတော်များ များတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ဝေဖန်စာ၊ စာပေအင်တာဗျူးများကို အတွေးထက်ထက်၊ အရေးသွက်သွက်ဖြင့် ရေးသားနိုင်ခဲ့သည်။ ထို့ပြင် ပန်းတောင်းမြို့နယ်မြန်မာစာကော်မရှင်အတွင်းရေးမှူး၊ မြို့နယ်စာပေလု သားဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပြီး ဝတ္ထုတိုပေါင်းချုပ် စာအုပ်သုံးအုပ်ကို အောင်မြင်စွာရေးသားထုတ်ဝေနိုင်ခဲ့သည်။

သူ မြို့နယ်သမမှာ ဦးစီးဦးဆောင်လုပ်စဉ်ကာလ ရန်ကုန်သို့ တက်လာလျှင် ဆူးလေဘုရားလမ်းရှိ ပေါ်ဦးတည်နိုခန်း၌ တည်းလေ့ရှိပြီး ညနေပိုင်း တိုက်ပုံအင်္ကျီကို သေသပ်ကြော့မော့စွာဝတ်ဆင်လျက် ၃၁ လမ်းထိပ် ရွှေကြည်အေးလက်ဖက်ရည်ဆိုင် (ယခု အိပ်ဆဲလင့်)သို့သွားပြီး စာပေရောင်းရင်း မိတ်ဆွေအပေါင်းအသင်းများကို ခေါ်ဆောင်ကာ တိုက် ကျွေးပေးကမ်းလေ့ရှိသဖြင့် ကိုမြေကြီးတစ်ယောက် ပန်းတောင်းမှ ရန်ကုန် သို့ ဘယ်ရက်တက်လာမည်ကို နားစွင့်သူတွေပင် ရှိခဲ့ဖူးသည်။

လောကဓံဆိုသည်ကား အမြင့်ရှိလျှင် အနိမ့်ရှိသည်။ အတက်ရှိ လျှင် အကျရှိသည်။ အခုံးရှိလျှင် အခွက်ရှိသည်။





ကိုမြေကြီးတစ်ယောက်လည်း လောကဓံလက်ခုပ်အတွင်းမှ လူ သားတစ်ယောက်ပါတည်း။ အလုပ်၌ အထိအခိုက်တွေရှိလာသည်။ အိမ် ထောင်ဖက် ဆုံးပါးသွားခဲ့သည်။ စီးပွားရေး ကျဆင်းလာသည်။ သားသမီး တွေနှင့် ကသီလင်တဖြစ်သည်။ နောက်ဆုံးမှာတော့ မွန်းကျပ်နေသော ဘဝကို ထွက်ပေါက်ပေးဖို့ရာ ယမကာလမ်းကို သူသွားတွေ့သည်။ တွေ့ သည့်အတိုင်းပင် ယမကာလမ်းထဲသို့ ခြေစုံပစ်ဝင်ပြီး သိုင်းကွက်နင်းပါလေ တော့သည်။

လေအန်ကုန်းသို့ သူရောက်ရှိပြီး အုတ်ခုံကလေးတစ်လုံးကို မှုပိုင်လုပ်ခဲ့ပြီးသည့်နောက်မှာတော့ စာကို ဟုတ္တိပတ္တိရေးသည် မရှိတော့။ ၎င်းထံမှ စာမူအလိုရှိလျှင်ဖြင့် သူမရေးပေးဘဲ မနေပါ။ ရေးပေးပါသည်။ သို့သော် ထိုစာမူသည် အသစ်တော့မဟုတ်။ သူ၏လက်ရေးဖြင့်ပင် ပြန် လည်ရေးသားထားသည့် ၎င်း၏ကိုယ်ပိုင်စာမူအဟောင်းဇာစ်ပုဒ်ပုဒ် (ပုံနှိပ် ခဲ့ပြီး) ပဲ ဖြစ်ပါလိမ့်မည်။ သူသည် မရိုးမသားနှင့် သူတစ်ပါး၏ သူ့ကလောင်တစ်သူ့ မဟုတ်ပါ။ သူရေးသည့်စာကို သူတာဝန်ယူရဲသူဖြစ် ပါသည်။

သို့နှင့် တစ်ချိန်က ဝတ္ထုတိုလှလှ၊ စကားပြေခန့်ခန့် ရေးသား တတ်သော စာရေးဆရာ မောင်မြေကြီး (ပန်းတောင်း) သည် လေအန်ကုန်း ၌ စာမရေးဆရာ မောင်မြေကြီး (ပန်းတောင်း) ဖြစ်လာခဲ့ပါသည်။

တစ်ခါတစ်ရံ လေအန်ကုန်းသို့ သူ အဓစာကြီးပေါက်ချလာ တတ်၏။

ပြီးတော့ အပေါင်းအသင်းတွေကို မျှော်တော့သည်။

အပေါင်းအသင်းတွေ စုံလင်ပြီ၊ သူ့အပေါ်လည်း ရေစီးကမ်းပြို လာပြီဆိုလျှင် (၃၈)လမ်းကြားလေးရှိ ယမကာလမ်းကြားလေးသို့ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှောက်သီးတစ်စိတ်နှင့် ငွပ်ဆို နှစ်ရာဖိုးသွားချမည်။ ပြီးလျှင် သူမှုပိုင် လုပ်ထားသော အုတ်ခုံကလေးသို့ ပြန်လာပြီး ရာဇပလ္လင်ပေါ်ထိုင်သည့် ဘုရင်တစ်ပါးအလား အကျအနထိုင်ရင်း မြန်မာသံစဉ်သီချင်းစာသားတွေကို အရှိုက်အငိုစွက်လျက် ဘယ်သူတွေနားထောင်ချင်ချင်၊ မချင်ချင် ဟဲတော်မူတော့၏။ ဂီတနက်သံကိုစောညိန်း၏ သီချင်းများကို သူအတော်ကလေးနှစ်သက်ပုံရ၏။

သည်လိုမျိုး လွမ်းလွမ်းဆွေးဆွေးသီချင်းဆိုနေရာမှ ရုတ်ခြည်း မျက်နှာအမူအရာပြောင်းတတ်သော ပါရမီကလည်း သူ့တွင် ထူးထူးခြားခြား ပါရှိသည်။ သနားစရာမျက်နှာကို ရုတ်ခြည်း တည်ပစ်သည်။ ပြီးတော့ မှန်တိုင်းဆင်တော့မည့်အသွင်လို မေးကြောတွေထောင်၊ အံတွေတင်းတင်း ကြိတ်လျက် 'တောက်' တစ်ချက်ပြင်းပြင်းခေါက်ရင်း ဆရာမောင်နိုင်မာ၏ ကဗျာတစ်စကို ရွတ်ပါလေတော့၏။

"ငါးဆယ့်ခြောက်ကို ဓားနဲ့ပေါက်တာ ဘယ်သူလဲ"..တဲ့။

ဘယ်သူမှ ထိုအဖြေမပေးနိုင်လျှင်ဖြင့် 'အော့' ခနဲ လေချဉ်တစ်ချက်တက်ရင်း "ငါးဆယ့်ခြောက်ကို ဓားနဲ့ပေါက်တာ ဘယ်သူလဲလို့ မသိရင် ငါးဆယ့်ကိုးကို ဓားနဲ့ထိုးတာကိုတော့ သိကိုသိရမယ်" ဟု ဆိုပြန်တော့သည်။

သည်လိုမျိုး စိတ်ထွက်ပေါက်ရှာခဲ့သည်။ အတော်များများက ကိုယ့်အလုပ်နှင့်ကိုယ်မို့ မွန်းတည့်ချိန်လောက်တွင် ကိုယ့်လုပ်ငန်းခွင်ရှိရာ ကိုယ်ထွက်သွားကြလေတော့ လေအန်ကုန်း၏တာဝန်ကိုကြိုက်ရင်း ဇာတ်လိုက်လုပ်ဖို့ ကျန်ရစ်ခဲ့သူမှာ ကိုမြေကြီးပဲဖြစ်လေသည်။ သူ့အဖို့ သူ့စိတ်ကို သူ ဘာမျှ အထိန်းအချုပ် လုပ်ထားဟန်မရှိ။ မိမိတို့မသိတတ်နိုင်သော သူ့အခက်အခဲ၊ သူ့မွန်းကျပ်မှုများအတွက် သူ့ကိုယ်သူ လွှတ်ပေးထားဟန်





ရှိသည်။

သူ့ကိုယ်သူ မဟန်နိုင်လျှင် မြေကြီးပေါ်ပဲဖြစ်ဖြစ်၊ သမံတလင်းပေါ်ပဲဖြစ်ဖြစ် သူအိပ်ချင်ရာနေရာမှာ ထိုးအိုးတော့သည်။ ကြာတော့ သဘာဝတရားနှင့် အဘယ်မှာလျှင် သဟဇာတဖြစ်တော့မှာတဲ့နည်း။

နာဂစ်လေမုန်တိုင်းကျအပြီး တစ်ခါ လေအန်ကုန်းသို့ သူရောက်လာသည်။ လူပုံက အတော်ကလေးကို ချုံးကျသွားသည်။ ကျန်းမာရေးလည်း သိပ်ကောင်းပုံမရ။

လက်ရှိအနေအထားကို စုံစမ်းကြည့်လိုက်တော့ ကမာရွတ်ဈေးမှာ ညစောင့်လုပ်နေသတဲ့။ ဆိုးတော့မဆိုး။ အိပ်စရာ တစ်နေရာရတာပေါ့ ဟု မှတ်ယူလိုက်ရသည်။ ဘယ်သားသမီးတွေဆီမှာမှ မနေ။ သူ့ဘာသာသူပဲ ညစောင့်လုပ်ရင်း တစ်ဝမ်းတစ်ခါး ဖြေရှင်းနေပါသတဲ့။ သူ အဝတ်အစားတွေလိုအပ်သည်ဆိုတော့ နောက်တစ်ရက်မှာပဲ သူ့အတွက် အဝတ်အစားအချို့ ယူလာပေးခဲ့သည်။ သူလိုအပ်တာရ၍ အတော်ပျော်သွားသည်။

နောက်ရက်တွေမှာ သူ့ကို မမြင်မတွေ့ရတော့။

တစ်ပတ်လည်း မမြင်မတွေ့..။

တစ်လလည်း မတွေ့မမြင်..။

သည်လိုနှင့် ဩဂုတ်လလောက်မှာ ဝေဖန်ရေးဆရာဖြိုးထိန်နှင့် ကဗျာဆရာဟဲမင်းဝေတို့ထံမှ 'ကိုမြေကြီးဆုံးသွားပြီ' ဆိုသည့် သတင်းအစအန ရသည်။

"ဘယ်မှာလဲ၊ ဘယ်နေ့၊ ဘယ်အချိန်ကလဲ"

ဒါတော့ တိတိကျကျ မရ။

နောက်တစ်ခါ လေထန်ကုန်းမှ ပန်းချီညီညီလွင်က အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို သယ်လာပြန်သည်။

''အစ်ကိုရေ..ကိုမြေကြီး ဆုံးသွားပြီဗျ။ ၆ လပိုင်းကတည်းက တဲ့။ ရက်တော့ အတိအကျ မသိရဘူး''

သည်သို့ သတင်းတွေ ဟိုတစ်စသည်တစ်စ ထွက်လာသည်။

မိမိ မယုံသေးပါ။ ထို့ကြောင့် ကမာရွတ်မြို့နယ်မှ စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဆရာကိုကိုလှ (ကမာမြေ) ကို အကူအညီတောင်းရတော့သည်။

ဆရာကိုကိုလှ (ကမာမြေ) တာဝန်ကျေပါပေသည်။ သတင်းအတိအကျရရန် တကူးတကပဲ ထဲထဲဝင်ဝင် စုံစမ်းခဲ့သည်။ စုံစမ်း၍ ရလာသမျှကို မိမိထံ ဖုန်းဆက်အကြောင်းကြားသည်။

''ဆရာရေ..သတင်းကတော့ အမှန်ပဲ။ ဦးမြေကြီးဆုံးတာ ၃. ၆. ၂၀၀၈ ရက်နေ့ကတဲ့။ ဈေးနားက ဓမ္မာရုံစည်းရိုးလေးနားမှာတဲ့။ အားလုံးက စာရေးဆရာမောင်မြေကြီး (ပန်းတောင်း) ရယ်လို့ မသိကြဘူး။ မိသားစုကို အကြောင်းကြားပေးဖို့ရာ သက်သေအထောက်အထားတွေကလည်း မရှိတာမို့ (၃) ရပ်ကွက် ပြည်တောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းက ပုဂ္ဂိုလ်တွေကပဲ ကမကထလုပ်ပြီး မိုင်ရှင်မဲ့ သင်္ဂြိုဟ်ပေးခဲ့ကြပါတယ်။ ဦးမြေကြီး ဟုတ်၊ မဟုတ် သေသေချာချာစုံစမ်းခဲ့ပါတယ်။ သူ့နာမည်က ဦးအောင်ဖြိုးတဲ့''

မှန်လိုက်လေ ဆရာဦးကိုကိုလှ။ သည်သတင်း ကြားအပြီးမှာတော့ မိမိရင်ထဲ ဆောက်တည်၍ မရတော့။ ကိုမြေကြီးဆိုတာ ကိုယ့်သွေးရင်းသားရင်းမဟုတ်ပေသည့် စာပေနှင့်ထိစပ်လိုက်လေသောအခါ တကယ့်ညီရင်းအစ်ကိုတွေ ဖြစ်သွားရလေပြီ။ အစ်ကိုဖြစ်တော့ ညီလည်း အဘယ်မှာ နေနိုင်မှာတဲ့နည်း။





''ဖြစ်မှဖြစ်ရလေတယ်ဗျာ။ 'ပိုင်ရှင်မဲ့'..တဲ့လား။ ဝင်းလှိုင်တုန်းကလည်း 'ပိုင်ရှင်မဲ့'..တဲ့။

အင်း..ဟုတ်ပါတယ်လေ။ ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးဟာ တကယ်တမ်းကျတော့ ဘယ်ဟာမှ ပိုင်တယ်လို့ မပြောနိုင်ကြပါဘူး။ အားလုံး ပိုင်ရှင်မဲ့တွေချည်းပါပဲ။ သည်နေရာမှာ ဆရာကြီးပီမိုးနင်းရဲ့ စာတစ်ပိုဒ်ကို သွားသတိရတယ် ကိုမြေကြီးရယ်။ 'လောကမှာ ဆင်းရဲခြင်းကို ကယ်တင်တဲ့တရားဟာ သေမင်း'..တဲ့။

ဒါဆို ကိုမြေကြီးမဆင်းရဲတော့ပါဘူးဗျာ''

စိတ်အတွေးတွေက ယောက်ယက်ခတ်နေမိတော့သည်။ လေအန်ကုန်းကို ရောက်လေတော့ သည်သတင်းစကား ကြားရသူအပေါင်း စိတ်လက်မကောင်းကြ။

''အေးဗျာ..။ 'ပိုင်ရှင်မဲ့' ဆိုတာကြီးအပေါ် တော်တော်ကလေး ခံစားကြရတယ်။ ကျွန်တော်တို့ ဘာလုပ်ကြရင် ကောင်းမလဲ''

''ဟုတ်တယ်..။ ကျွန်တော်တို့ တစ်ခုခုလုပ်ကြရင် ကောင်းလိမ့်မယ်။ စာပေသမားတွေဖြစ်လို့ ငွေကြေးပါးရှားပေမယ့် စေတနာသဒ္ဓါတရား ပါးရှားဘူးဆိုတာကိုတော့ ပြကြဖို့ ကောင်းတယ်''

အားလုံး၏ရင်ထဲမှာတော့ တူညီသောစေတနာသဒ္ဓါတရားတွေက ထင်ဟပ်လျက်ရှိသည်။ လုပ်သင့်သည်ကို လုပ်နိုင်သလောက် လုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

''ဆရာကိုမြေကြီး (ပန်းတောင်း) ကို အရင်းခံပြီး မကျွတ်မလွတ်သေးတဲ့ စာပေသမားတွေ ရှိရင်လည်း အမျှဝေ၊ သာဓုခေါ်နိုင်အောင် ကျွန်တော်တို့ လုပ်ကြမယ်ဗျာ''

''လုပ်ပါ..လုပ်ပါ..။ ခင်ဗျားဦးဆောင်ပြီး လုပ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တညီတညွတ်တည်း မိမိအပေါ် တာဝန်ပေးလာသည်။ သည်တော့လည်း ကိုမြေကြီးနှင့်တကွ လေအန်ကုန်းကို ကျောခိုင်းသွားလေသူတို့အတွက် မိမိလုပ်ဆောင်ရပါတော့၏။ ရက်သတ္တပတ်အနည်းငယ်မျှလောက်နှင့်ပင် တစ်ယောက်တစ်လက် နိုင်စွမ်းသမျှ ထည့်ဝင်ခဲ့ကြသည်။ သည့်အတွက် ၁၅၊ ၈၊ ၂၀၀၈ တနင်္ဂနွေနေ့က ဒလမြို့နယ်တစ်ဖက်ကမ်းရှိ ပိုလ်ရန်ပြေရပ်ကွက် ဇေယျာသိဒ္ဓိကျောင်းတိုက်တွင် စာရေးဆရာမောင်မြေကြီး (ပန်းတောင်း) အား ရည်စူးလျက် ခရီးရှည်ထွက်သွားကြကုန်သော စာပေလောကသားတို့အား အမျှပေးဝေ၊ ကုသိုလ်ဒါနပြု ရေစက်ချပွဲကလေးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ကျောင်းအတွက်အဓိကလိုအပ်နေသော အမိုးသွပ်အသစ်(၁၆) ချပ်နှင့်တကွ ဝတ္ထုငွေအပြင် သင်္ကန်း (၆) စုံကို ကပ်လှူနိုင်ခဲ့၏။ သံဃာတော်များကို မုန့်ဟင်းခါးဆွမ်း အချိုပွဲတို့ ဆက်ကပ်နိုင်ခဲ့ပြီး ကြွရောက်လာကြသော ညေ့်ပရိသတ်အပေါင်းကိုလည်း မုန့်ဟင်းခါးဖြင့် ပြည့်စုံစွာ ကျွေးမွေးနိုင်ခဲ့၏။ ပြုပြုသမျှသော အများကောင်းမှု အစုစုတို့အတွက် မိမိတို့အားလုံး အမျှအတန်းပေးဝေခဲ့ကြပါသည်။ ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ် ဆိုနိုင်ခဲ့ကြပါသည်။

❋ ❋ ❋



အထက်တွင် မိမိရေးသားတင်ပြခဲ့သမျှသည် ရိုးနေ၊ အီနေ၊ ဆန်းကြယ်မနေဘူးဆိုလျှင်ဖြင့် ခွင့်လွှတ်စေချင်ပါသည်။ လူ့ဘဝ၌ ရခဲလှစွာသော စာရေးဆရာတစ်ယောက် ဘဝထဲမှ၊ စာပေလောကထဲမှ ခါးသီးလှစွာ ထွက်ခွာသွားရလေခြင်းအတွက် မကြည်သောနှလုံး၊ မပြုံးနိုင်သောစိတ်ဖြင့် မှတ်တမ်းပြုခြင်း ဖြစ်ပါသည်။

ဤသို့ အဆိုပါ စာရေးဆရာမောင်မြေကြီး (ပန်းတောင်း) အား ရည်စူးလျက် ခရီးရှည်ထွက်သွားကြကုန်သော စာပေလောကသားတို့အား အမျှပေးဝေ၊ ကုသိုလ်ဒါနပြု ရေစက်ချပွဲကလေး ပြုလုပ်အပြီး ညဘက် အိပ်ပျော်သွားစဉ် အိပ်မက်ထဲ မြင်ကွင်းနှစ်ခုပေါ်လာသည်။

ပထမမြင်ကွင်းက ဝင်းလှိုင်၏ရုပ်ပုံလွှာ။

အရောင်အဝါတွေက လေအန်ကုန်းတွင် ရှိစဉ်ကလို ညှိုးညှိုးမှိန်မှိန် မဟုတ်။ ဝင်းလက်နေသည်ဟု ဆိုရမည်။ ပြီးတော့ အဝတ်အစားအသစ်တွေနှင့်။

မိမိ သူ့ကိုငေးကြည့်နေမိသည်။ ဝင်းလှိုင်သည် မိမိအား ဘာမျှတော့ မပြော။ သို့ရာတွင် ပြုံးနေသည်။ ထိုအပြုံးကို မိမိနားလည်သလိုရှိသည်။ ထို့နောက် ဝင်းလှိုင်လည်း မိမိနောက်ကျောအား လက်ညှိုးထိုးပြရင်း တဖြည်းဖြည်း အမြင့်တက်သွားကာ မှုန်ဝါးပျောက်ကွယ်သွားလေသည်။

သည်တော့ နောက်ကျောဘက် လှည့်လိုက်သည်။

"ဟင်. . ကို. . ကို. . ကိုမြေကြီး"

မိမိ လွန်စွာမှ အံ့အားတသင့်ဖြစ်ရပါလေ၏။ ကိုမြေကြီးသည် မိမိအား မည်သို့မျှ စကားမဟာဘဲ ပြုံးကြည့်နေလေသည်။ သည်အပြုံးမှာလည်း လေးနက်သောအဓိပ္ပာယ်တွေ ရှိနေပါသည်။ သူသည် မိမိအား



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေရင်းမှ ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။

အသားအရောင်မှာလည်း တွေ့ကြုံဆုံစည်းရစဉ်လို မည်းမည်း ညစ်ညစ်မဟုတ်။ ဖြူစင်ကာ အရောင်ထွက်နေသည်။ အဝတ်အစားတွေကလည်း သစ်သစ်လွင်လွင်။ မကြာခင်မှာပင် ကိုမြေကြီးတစ်ယောက် အထက်သို့ ရွေ့လျားကာ မှုန်ဝါးပျောက်ကွယ်သွားလေတော့သည်။

အိပ်မက်တော့ အိပ်မက်ပင်..။

သို့ရာတွင် အိပ်မက်ကား ဆန်းကြယ်လှပါပေစွ။

သည်အဖြစ်ကိုပြန်ပြောလျှင်ဖြင့် ယုံကြည်သူတွေရှိက အကြောင်းမဟုတ်။ မယုံကြည်ဘဲ 'ကိုယ်လိုရာ ကိုယ်ဆွဲတွေးတာပါ' ဟု ကတ်တီးကတ်ဖဲ့ စကားပြောလာလျှင် မိမိစိတ်ထဲ ကောင်းလိမ့်မည်မထင်။ သည့်အတွက် အိပ်မက်ကိစ္စကို မေ့ထားလိုက်ပါသည်။

သည်လိုနှင့် လေအန်ကုန်းထိုင်ပြီး မွန်းမတည့်မီ (၃၈) လမ်းရှိ ကွန်ပျူတာဝင်၊ စာမူအချောတွေထုတ်ပြီး ၃၃ လမ်းရှိ လာဘ်မိုးရွှေစာပေတိုက်သို့ တက်ခဲ့တော့၏။ မိမိကား အဆိုပါစာပေတိုက်၌ အယ်ဒီတာ တစ်ဦး။

လုပ်စရာလုပ်ပြီးချိန်မှာတော့ တိုက်သားတစ်ဦးဖြစ်သော အယ်ဒီတာအိုကြီး ဆရာဦးသက်ကျော်က မိမိကို မောင်မြေကြီးပွဲ ရောက်မလာဖြစ်သည့်အတွက် တောင်းပန်စကားဆိုသည်။ ထိုခဏ အဆိုပါပွဲသို့ တက်ဖြစ်ခဲ့သော မောင်မြေသွေး (မြန်မာစာ) လည်း ရောက်လာသည်။

"အေးဗျာ.. မအားမလပ်လို့ မလာဖြစ်တာ ကိစ္စမရှိပါဘူး။ လာရင်တော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိတာပေါ့ ဦးသက်ကျော်ရယ်"

"မလာနိုင်ပေမယ့် စိတ်ကတော့ ရောက်နေပါတယ်ကွာ။ ပြောရဦးမယ်။ အဲဒီညက ငါ ဝင်းလှိုင်ကို အိပ်မက်မက်တယ်။ စုတ်တီးစုတ်ချာ





မဟုတ်ဘဲ သစ်သစ်လွင်လွင်၊ ပြောင်ပြောင်ရောင်ရောင်နဲ့"

"ဟာ.. ဒါဆိုရင် တိုက်ဆိုင်လိုက်တာ ဦးသက်ကျော်ရယ်။ ကျွန်တော်လည်း အိပ်မက်မက်တယ်"

မောင်မြေသွေး (မြန်မာစာ) က ဝင်ပြောသည်။

"ဒါပေမဲ့ ကျွန်တော် အိပ်မက်ထဲတွေ့ရတာက ကိုဝင်းလှိုင်မဟုတ်ဘူး။ ကိုမြေကြီးခင်ဗျ..။ ကျွန်တော့်ကို အသံတိတ်နှုတ်ဆက်သွားတယ်။ အဝတ်အစားတွေ သစ်သစ်လွင်လွင်၊ တကယ့်ကို ဖိတ်ဖိတ်တောက် ပပဗျာ"

"ဒါဆို သူတို့ဟာ ကွယ်လွန်သွားပြီးတဲ့နောက် အထက်လည်း မရောက်၊ အပါယ်လည်းမကျ၊ ပေတံ့ပှာ သွားဖြစ်ကြရင်း အမျှဝေသံကို စောင့်နေခဲ့ကြတာဖြစ်မယ်။ ခုတော့ မင်းတို့ငါတို့ တစ်နိုင်တစ်ပိုင် ပေါင်းစု ပြုလိုက်ကြတဲ့ ကုသိုလ်ဒါနကြောင့် အမျှဝေတဲ့အခါ သာဓုခေါ်ခွင့်ရလိုက်ပြီး ကောင်းမွန်မြင့်မြတ်တဲ့ဘုံဘဝကို ရောက်သွားကြပြီပေါ့ကွာ"

ဦးသက်ကျော်၏စကားကို မိမိလက်ခံပါသည်။

မိမိတို့သုံးဦးသားအဖို့ ကံ–ကံ၏အကျိုး၊ ဗုဒ္ဓဘာသာဝင်တို့အတွက် အခွင့်အလမ်း၊ ကုသိုလ်၊ ဒါန၊ ဘာဝနာအကြောင်းတွေကို ပြောဆိုဖြစ်ခဲ့ကြပြီးသကာလ မိမိမက်ခဲ့သော အိပ်မက်ကိုလည်း ရဲရဲကြီး ပြောနိုင်ပါတော့သည်။ သည်မှာတင်ပဲ ကောက်ချက်တစ်ခုကို ဆွဲနိုင်ပါချေပြီ။

'သူတို့ အမှုရသွားကြတာ သေချာပါပြီ'..တဲ့လေ။ ။

❖

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com




## ပဝါးခြေထယ်လိုက်ခဲ့တယ်

ဆောင်းအကုန် နွေအကူးမှီ ရာသီဥတုကလည်း သာယာလှသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့လည်း ဝေခဲ့ပြီ။ သစ်ပင်ကြီးငယ်တို့တွင်လည်း ပုရစ်ဖူးခေါ် ရွက်နုငယ်များ ဖြာဝေလျက်ရှိနေပါသည်။ ကညွတ်ကွင်းမြို့၏ အရှေ့ဘက်တွင် ကွင်း/ရှေ့ကျေးရွာအုပ်စု ဒေါ်မကွင်းရွာ ရှိပါသည်။

တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း၌ 'ခင်'ကိုးခင်၊ 'ကွင်း'ကိုးကွင်းဟူ၍ ရွာ (၁၈) ရွာရှိပါသည်။ ရွာအမည်များတွင် 'ခင်' ပါသော ရွာကိုးရွာနှင့် 'ကွင်း' ပါသော ရွာကိုးရွာရှိခြင်းကို ဆိုလိုပါသည်။ ဤရွာအမည်များသည် ရှေးယခင်ကတည်းက မှည့်ခေါ်ခဲ့သော အမည်များဖြစ်ပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိုက်တန်းခင်၊ လင်းယောခင်၊ ကျွန်းခင်၊ သပြေခင်၊ ခင်ကြီး၊ ခင်နောက်မီး ဆီးဖြူခင်၊ ခင်တန်း၊ အုတ်ရှစ်ခင်တို့ဖြစ်ကြပြီး ကွင်းကိုးကွင်းမှာ ကညွတ်ကွင်း၊ ဒေါ်မကွင်း၊ ကွင်းဝိုင်း၊ သမင်ကွင်း၊ သနပ်ကွင်း၊ အုတ်သံကွင်း၊ မြက်နီကွင်း၊ ကွင်းချောင်း၊ အင်ကွင်း အစရှိသည်တို့ ပါဝင်လေသည်။ ဤရွာများသည် ဘုရင့်နောင်ကျော်ထင်နော်ရထာ ဟံသာဝတီ (ပဲခူး)သို့ စစ်ချီရာလမ်းကြောင်းတွင် ရှိခဲ့ဖူးသော ရွာများဖြစ်သည်။

ရာသီဥတုကောင်းမွန်၍ သစ်ကြီးဝါးကြီးများဖြင့် စိမ်းစိုညို့မှိုင်း အုံ့ဆိုင်းလျက်ရှိကြသည်။ ရွာနီးပတ်ဝန်းကျင်တို့တွင်လည်း ကျွန်းတောကြီးများဖြင့် ညို့မှိုင်းအုံ့ဆိုင်းလျက်။ ကျား၊ ဆင်၊ မျောက် အစရှိသည့် သားကောင်များလည်း ပေါများကြသည်။ လယ်ယာစိုက်ခင်းများလည်း ဖြစ်ထွန်းလှသည်။ ဆန်ရေစပါး ပေါကြွယ်ဝ၍ ရွာသူရွာသားများ စီးပွားရေးအဆင်ပြေကြသည်။ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိမ်များကိုလည်း သစ်လုံးအိမ် ဆောက်ကြသည်။ ခြေတံရှည်အိမ်ဖြစ်၍ လှေကားအရှင်များ တပ်ထားသည်။ လုပ်ငန်းခွင်မှ နားပြီး နေဝင်သည်နှင့် အိမ်သားအားလုံး အိမ်ပေါ်တက်ကြသည်။ သားကောင်များ၏ အန္တရာယ်မှ ကင်းဝေးစေရန် အိမ်သားအားလုံး အိမ်ပေါ်ရောက်သည်နှင့် လှေကားကို အိမ်ပေါ်သို့ ဆွဲတင်ထားလိုက်ကြသည်။ နံနက်မိုးသောက် အလင်းရောက်မှသာ မိမိတို့လယ်ယာလုပ်ငန်းခွင်သို့ဝင်ရန် လှေကားကို ပြန်ချပြီး အသုံးပြုကြလေသည်။

တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာကြရာတွင် ကျွန်းတောကြီးများကို ဖြတ်သန်းသွားလာကြရပါသည်။ ဤနယ်မြေ ဤဒေသသည် သဘာဝသယံဇာတတို့ ပေါများကြွယ်ဝလျက်ရှိသည်။ ရှေးယခင် တောင်ငူခေတ်က ငယ်အမည် ရှင်ရဲထွဋ် (တပင်ရွှေထီးက 'နောင်တော်' ဟုသာ





ခေါ်သဖြင့်) တပင်ရွှေထီး ဘုရင်ဖြစ်လာသောအခါ ဘုရင့်နောင်ဟူသော ဘွဲ့အမည်ကို ရရှိခဲ့သည်။ တပင်ရွှေထီးနတ်ရွာစံသောအခါ ဘုရင့်နောင်သည် တောင်ငူကို ပြန်လည်သိမ်းပိုက်ခဲ့ရသည်။

အနော်ရထာမင်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီး တည်တံ့စေဖို့အတွက် လက်နက်လူသူစုရုံးကာ ထောင်ထားခြားနားနေသော ဟံသာဝတီ (ပဲခူး) သို့ ဘုရင့်နောင်မင်းတရား စစ်ချီခဲ့ရပါသည်။ ဘုရင့်နောင်မင်းတရားကြီး စစ်ချီရာတွင် မိဖုရားခေါင်ကြီး ခင်ခင်ကြီးနှင့် မိဖုရားနန်းခင်ဒေဝီတို့လည်း လိုက်ပါခဲ့သည်။ တောင်ငူမှ အုတ်တွင်း၊ ဇေယျဝတီ၊ ဖြူးကိုဖြတ်၍ ဒေါ်မကွင်းရွာ၏ အရှေ့ဘက် (၂) ဖာလုံခန့် အရောက်တွင် နေရာအကွက်အကွင်းလည်းကောင်း၍ လက်နက်လူသူစုရုံး၍ ရိက္ခာထောက်ရန် မိဖုရားခေါင်ကြီး ခင်ခင်ကြီးကို ထားခဲ့သည်။ လက်ျာစစ်ကဲမှူး လက်ျာမင်းထင်ကိုလည်း အစောင့်အနေထားခဲ့သည်။

ခင်ခင်ကြီးမှာ မောင်ဘုရားနှင့် တစ်ဖဝါးမကွာ လိုက်ပါလိုသော်လည်း တိုင်းပြည်အရေးမို့ နေရစ်ခဲ့ရပါသည်။ အနီးအနားရှိ ကျေးရွာများကို ခြေကုတ်ယူ၍ လက်နက်လူသူစုရုံးခဲ့သည်။ ရိက္ခာစုဆောင်းခဲ့သည်။ ဘုရင့်နောင်ဘုရင်မင်းတရားကြီးထံ ရိက္ခာထောက်ခဲ့သည်။ မောင်တော်ဘုရားဆင်နွှဲနေသည့် တရားသောစစ်ပွဲ အောင်မြင်စေဖို့ နန်းဦးဆရာတော်ကို လျှောက်ထားကာ စေတီတစ်ဆူတည်ထားခဲ့ပါသည်။ ဘေးမသီရန်မခဘဲ အောင်ပွဲနှင့်အတူ ပြန်လာမည့် မောင်တော်ဘုရင်မင်းမြတ်ကိုလည်း စေတီတော်တည်ရင်း မျှော်လင့်စောင့်စားခဲ့ရသည်။ နန်းဦးဆရာတော်၏ လမ်းညွှန်မှုကို ခံယူကာ စေတီတော်အား တည်ထားပြီးမြောက်ခဲ့ပါသည်။ ဘွဲ့တော်ကိုလည်း 'မဟာအတုလမုနိ ဆုတောင်းပြည့် မင်းမျှော်စေတီတော်' ဟု မှည့်ခေါ်ခဲ့ပါသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ရာသီတွေအလီလီပြောင်းခဲ့၍ နှစ်တွေလည်းကြာညောင်းလာခဲ့ပါပြီ။ မိဖုရားခေါင်ကြီးခင်ခင်ကြီး တည်ထားကိုးကွယ်ခဲ့သော 'မဟာအတုလမုနိ ဆုတောင်းပြည့် မင်းမှော်စေတီတော်' မှာလည်း ဒေါ်မကွင်းရွာ၏ အရှေ့ဘက် ၂ ဖာလုံခန့်တွင် ဆယ့်ငါးပေခန့်ရှိ စေတီငုတ်တို ဖြစ်နေခဲ့ပါပြီ။ ဘုရား၏အရှေ့တောင်ထောင့်တွင် ရင်ကွဲဇရပ်ကလေးကတော့ ရှိနေဆဲပင်။ လူသူအရောက်အပေါက်နည်းသဖြင့် သရဲခြောက်သည်ဟုလည်း နာမည်ကြီးခဲ့သည်။

လင်းယောခင်ရွာသား လူဆိုးကြီးဦးဟန်သည် အသိတရားရကာ ရဟန်းဘောင်သို့ ဝင်ခဲ့သည်။ ဤစေတီငုတ်တိုကိုလည်း ပြင်လိုသည့်ဆန္ဒများ ပေါ်ပေါက်လာ၏။ ထို့ကြောင့် ဘုရား၏တောင်ဘက်ဘေးတွင် တဲကျောင်းငယ်လေးဆောက်၍ တရားကျင့်ခဲ့သည်။

တစ်နေ့သော သသန်းခေါင်ယံလောက်တွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်သုံးဦး လက်နှိပ်ဓာတ်မီးများနှင့် ရောက်လာလေသည်။ ကျောင်းပေါ်သို့ တက်လာကာ..

"ဦးပဥ္စင်းကြီးဘုရား.. မကြောက်ပါနဲ့။ မေတ္တာများများပို့ပါ။ ပုတီးများများစိပ်ပါ။ တပည့်တော်တို့ ရှိပါတယ်"

ဟု လျှောက်ထားလေသည်။

နောက်တစ်လခန့်ကြာသောအခါတွင်လည်း ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြန်ပါသည်။

"ဦးပဥ္စင်းကြီးဘုရား.. မကြောက်ပါနဲ့။ တပည့်တော်တို့ စောင့်ရှောက်နေပါတယ်။ မေတ္တာများများပို့ပါ။ ပုတီးများများစိပ်ပါ"

ဟု လျှောက်ထားပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ဦးပဥ္စင်းကြီးက ထိုပုဂ္ဂိုလ်အား..





"ဒကာ.. မင်းက ဘယ်သူလဲ။ ဘယ်ကလာသလဲ"

ဟု မေးလိုက်သည်။

"တပည့်တော်နာမည် ကျော်အေးလို့ ခေါ်ပါတယ်။ ဖြူးကပါဘုရား"

ဟု ပြောပြီး ထိုပုဂ္ဂိုလ် ပြန်ထွက်သွားပါသည်။ ဦးပဥ္စင်းကြီးကလည်း ယခင်ကထက် ပိုပြီး မေတ္တာပို့ခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်း၊ ပုတီးစိပ်ခြင်းအစီအစဉ်တို့ကို လုပ်လေသည်။ နောက်နှစ်လခန့်ကြာသောအခါ ထိုပုဂ္ဂိုလ်ရောက်လာပြန်သည်။ လဆန်းရက်ဖြစ်၍ လသာနေပါသည်။ သည်တစ်ခါ ကျောင်းပေါ်သို့ မတက်ဘဲ..

"ဦးပဥ္စင်းကြီးဘုရား.. ရင်ပြင်တော်ပေါ် ခဏဆင်းပါဦးဘုရား"

ဟု လျှောက်ထားလေသည်။ ဦးပဥ္စင်းကြီးလည်း ရင်ပြင်တော်ပေါ်သို့ ဆင်းခဲ့သည်။ ထိုအခါ ဦးကျော်အေးက ဘုရားငုတ်တို၏ အနောက်ဘက်ကို လက်ညှိုးထိုးပြသည်။ ဦးပဥ္စင်းကြီးကြည့်လိုက်သောအခါ မည်းမည်းအရိပ်နှစ်ခုကို တွေ့ရသည်။ ဦးကျော်အေးကပင် ပြောပြန်သည်။

"အဲဒါ ဘုရင့်နောင်မင်းတရားကြီးရဲ့မိဖုရားခေါင်ကြီး ခင်ခင်ကြီးနဲ့ မိဖုရားခင်ခင်လေးတို့ပါဘုရား"

ဟု လျှောက်သည်။

"ဩော်.. ဘယ်လိုဖြစ်ကြတာလဲ"

"နှန်းဦးဆရာတော် တားတဲ့ကြားက ဘုရင့်နောင်မင်းတရားကြီးနဲ့အတူ ဘုရားကို ထီးတော်တင်၊ ရေစက်ချခဲ့မိလို့ ဒီဘဝကို ရောက်နေတာပါဘုရား"

ဦးပဥ္စင်းကြီး သေသေချာချာကြည့်လိုက်သောအခါ ခင်ခင်ကြီးမှာ အရပ်ရှည်ရှည်၊ ခေါင်ကောင်းကောင်းနှင့် ဝဲဘက်ပါးတွင် မှဲ့ရှိကာ ချောမော



www.burmeseclassic.com

www.burmeseclassic.com



လှပလေသည်။ ဦးကျော်အေးက တစ်ဖန် ဘုရားငုတ်တိုရဲ့အရှေ့မြောက်
ထောင့်ကို လက်ညှိုးထိုးပြပြန်သည်။ ဘုန်းကြီးတစ်ပါး တရားထိုင်နေသည်
ကို တွေ့ရပြန်သည်။ ထို့ကြောင့် ဦးပဥ္စင်းကြီးက သွားရှုံ့ရှိခိုးလိုက်ပြီး
ဦးကျော်အေးထံ ပြန်လာခဲ့လေသည်။

"ဦးပဥ္စင်းကြီး အဲဒီဘုန်းကြီးကို သိလား"

"မသိဘူး ဒကာ"

"အဲဒါ ရှင်အဋ္ဌဂေါနပါဘုရား"

"သြော်.. ဟုတ်လား"

ဟု ဆိုကာ ဦးပဥ္စင်းကြီးပြန်လှည့်ကြည့်လိုက်တော့ ထိုဘုန်းကြီး
ကို မတွေ့ရတော့ပါ။ ပြီးနောက် ဦးပဥ္စင်းကြီး၊ ဦးကျော်အေး၊ ခင်ခင်ကြီးနှင့်
ခင်ခင်လေးတို့ ဘုရားကို လက်ျာရစ် ပတ်ကြလေသည်။
ဦးကျော်အေး..

"ဒီဘုရားကို ပြင်ရမယ့်အချိန် ရောက်ပါပြီဘုရား။ ဘုရားပြင်
မယ့်လူကတော့ ကညွတ်ကွင်းမြို့ စက်တောင်ရပ်ကွက်မှာရှိတဲ့ ဦးစိန်
ဒေါ်မှုံတို့ရဲ့သား ကျောင်းဆရာဦးတင်မောင်ပါပဲ။ ဦးတင်မောင်ကို ပြော
အိုရတာနမာတ် ၆ ပါး၊ ၁၂ ပါး၊ ၁၈ ပါး အားလုံး သုံးဆယ့်ခြောက်ပါး
တစ်ကြိမ်တည်းသော်လည်းကောင်း၊ သုံးကြိမ်ခွဲ၍သော်လည်းကောင်း
ဓာတ်လာဖွင့်ပါ။ ဘုရားရဲ့မြောက်ဘက်မှာ လမ်းရှိတယ်။ ဦးပဥ္စင်းကြီး
လည်း အဲဒီမှာ အဓိဋ္ဌာန်ဝင်ပါ။ ပုတီးစိပ်ပါ။ မေတ္တာပို့ပါ"

ဟု လျှောက်လေသည်။ ဦးကျော်အေးက ဆက်ပြောသည်မှာ..

"မောင်ဟန်.. မောင်ဟန်.. ထူးတဲ့ကံ"

ဟု ပြောပြီး ထွက်သွားလေတော့သည်။

တကယ်တော့ ဦးပဥ္စင်းကြီး ဦးဟန်သည် ဆရာဦးတင်မောင်





ယခင်က မသိပါ။ ဆရာဦးတင်မောင်ကလည်း ဦးဟန်ကို မသိပါ။ မဟာ
အတုလမုနိ စေတီငုတ်တိုတွင် ဦးပဥ္စင်းကြီးအဓိဋ္ဌာန်ဝင်နေသည်ကိုလည်း
မသိပါ။ သို့သော် ဦးပဥ္စင်းကြီး ဦးဟန်သည် ဆရာဦးတင်မောင်ထံ ဆိုက်
ဆိုက်မြိုက်မြိုက်ရောက်လာလေသည်။ အကြောင်းစုံကို ပြောပြလေသည်။

ဆရာဦးတင်မောင်သည် ဦးလှအောင်၊ ဦးတင်အောင်၊ ဦးတင်
မြင့်၊ ဦးမောင်ချို၊ ဦးကျော်ဝင်းတို့နှင့်အတူ စေတီငုတ်တိုရှိရာသို့ သွား၍
ဓာတ်ဖွင့်ကြသည်။ ဓာတ်ဖွင့်ပြီးသောအခါ ဆရာဦးတင်မောင် အိပ်မက်
မက်လေသည်။

အိပ်မက်ထဲတွင် ဘိုးပေါက်စိန် ကြွလာသည်။

"မင်းတို့ ပြီးပြီလား။ အဘတော့ ရှင်းစရာရှိသေးတယ်"

ဟု မိန့်ကြားလေသည်။ နောက်တစ်နေ့တွင် ဦးပဥ္စင်းကြီးနေ
သည့် ကျောင်းလေးပေါ်သို့ အနီးရှိထန်းပင်ကြီး လဲကျလေသည်။ ထန်းပင်
ကြီးပိ၍ ကျောင်းလေးပျက်စီးသွားလေတော့သည်။

၁၃၅၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဘုရားပြင်ရန် အုတ်မြစ်ချ
သည်။ ၁၃၅၃ ခုနှစ် တပို့တွဲလဆန်း (၈) ရက်နေ့တွင် မြို့လှကျောင်းမှ
ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိရုပ်ပွားတော်၊ ရှင်ဥပဂုတ္တရုပ်ပွားတော်တို့အား
စေတီငုတ်တိုရှိရာသို့ ဆရာဦးတင်မောင်နှင့်အဖွဲ့က ပင့်ဆောင်ခဲ့ကြလေ
သည်။ ဆရာဦးတင်မောင်တို့တစ်ဖွဲ့လုံး အဓိဋ္ဌာန်ကျင့်စဉ်များ ကျင့်ကြလေ
သည်။

ထို့နောက် ဆရာဦးတင်မောင်က ဇနေသား ဆရာဦးတင်ဝင်းကို
လာခေါ်လေသည်။ ဆရာဦးတင်ဝင်းလည်း ဆရာဦးတင်မောင်နှင့်အတူ
လိုက်သွားပြီး မေတ္တာပွားခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းတို့ ပြုလုပ်
လေသည်။ နောက်ပိုင်းတွင် စေတီပြင်ရာသို့ ဦးမောင်မောင်သွင်၊ ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



လှိုင်တို့ ရောက်လာကြသည်။ ကျောက်ကြီးမှ ဦးစိန်သန်းအဆက်အသွယ်ဖြင့် အင်ဂျင်နီယာဦးရွှေဝင်း၊ ဒေါက်တာမြသောင်း၊ ဦးစံလှိုင်၊ ဦးအောင်ရင်၊ ဦးတင်ရွှေတို့ ထပ်မံရောက်လာကြသည်။ ဘုရားကို ဆက်လက်ပြုပြင်ကြပြန်သည်။

ဆရာဦးတင်မောင်နှင့် ပထမအဖွဲ့က စေတီတော်ရှစ်မြှောင့်အထိပြီးလေသည်။ နောက်ထပ်ရောက်လာသည့်အဖွဲ့က ရှစ်မြှောင့်အထက်ကို ဆက်ပြီးတည်ထားကြလေသည်။ ၁၃၅၆ ခုနှစ် တန်ခူးလတွင် ဘုရားကြီးပြင်ရှုပြီးစီးလေသည်။

ဉာဏ်တော်အမြင့် ၅၄ ပေ ၉ လက်မရှိလေသည်။ မူလစေတီငုတ်တို ၁၅ ပေခန့်ကို ငုံ၍တည်ခဲ့ခြင်းဖြစ်လေသည်။ ထို့နောက် ဗိုလ်မှူးခင်မောင်လတ် (ငြိမ်း) က ထီးတော်နှင့် ထီးတင်ပွဲအတွက် လှူဒါန်းသဖြင့် ၁၃၅၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့တွင် ထီးတော်ကို တင်လှူနိုင်ခဲ့လေသည်။

❋ ❋ ❋

ထက်အာကာနှင့် ခက်အာကာတို့ ညီအစ်မနှစ်ယောက် ရန်ကုန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ရာမှ ခွင့်ရသဖြင့် မွေးရပ်ဇာတိစိုက်တန်းခင်ရွာသို့ ခေတ္တပြန်လာကြသည်။ စိုက်တန်းခင်ရွာသည် ကညွတ်ကွင်းမြို့





အရှေ့ဘက်တွင် ရှိလေသည်။ ကညွတ်ကွင်းမြို့အထွက်တွင် ခင်တန်းရွာရှိလေသည်။ ခင်တန်းရွာကိုဖြတ်ပြီးမှ စိုက်တန်းခင်ရွာသို့ သွားရလေသည်။

မွေးရပ်မြေ၏ သဘာဝအလှအပများကို ပြန်လည်ခံစားရင်း ညီအစ်မနှစ်ယောက် စကားတပြောပြောနှင့် တာလမ်းမကြီးအတိုင်း လျှောက်လာကြလေသည်။ ဒေါမကွင်းရွာဘက်သို့ ထက်အာကာလှမ်းကြည့်လိုက်သောအခါ ကြည်ညိုဖွယ်ရာစေတီတစ်ဆူကို ရွာအနီးတွင် တွေ့မြင်ရလေသည်။

"ခက်. . ဒေါမကွင်းနားမှာ အရင် တို့ငယ်ငယ်တုန်းက ဒီဘုရားမရှိပါဘူး"

"ထက်မသိဘူးလား။ အဲဒါ ဘုရင့်နောင်မင်းတရားကြီးရဲ့မိဖုရားခေါင်ကြီး ခင်ခင်ကြီးတည်ခဲ့တဲ့ ဘုရားလေ။ တို့ဆရာ ဦးတင်မောင်နဲ့အဖွဲ့က ပြုပြင်ခဲ့ကြတာလေဟာ"

"ငါ ကြားတော့ ကြားတယ်။ ဒါပေမဲ့ ဒီဘုရားမှန်း မသိဘူး"

"ရာဇဝင်မှာ သမိုင်းတင်ချင်မှတော့ တင်မှာပေါ့။ ရှေးလူကြီးသူမတွေရဲ့ လက်ဆင့်ကမ်းပြောကြားချက်အရတော့ ဒီဘုရားရဲ့ မူလဘုရားဒါယကာဟာ ခင်ခင်ကြီးဆိုတာ တစ်နယ်လုံး သိကြတယ်ဟ"

"ငါစိတ်ဝင်စားတယ်ဟာ။ အတိအကျသိရရင် ကောင်းမှာ"

"တောင်ငူခေတ်က ဒီနယ်မြေတွေက မင်းတရားရွှေထီးတို့၊ ဘုရင့်နောင်တို့ စစ်စခန်းချတဲ့ နယ်မြေတွေဟ"

"အေး. . ဟုတ်တယ်ဟာ။ တို့ရွာရဲ့ အနောက်ဘက်က သစ်ပုတ်လို့ခေါ်တဲ့ ရွာပျက်မှာ သံခေါက်တွေ တူးဖော်ရရှိတယ်လို့ တို့ငယ်ငယ်က ကြားဖူးတယ်"

"သတင်းစာတွေထဲမှာလည်း ပါတယ်လေဟာ။ တပင်ရွှေထီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထက်တုန်းက အခုရွာပျက်ဖြစ်နေတဲ့ သစ်ပတ်မှာ 'သံပတ်တစ်ရာ' မြို့တည်ဖို့ သံအခေါက်တွေ ပို့ထားတာ။ ဘုံးဖော်တွေ့ရှိတော့ သံအခေါက်တစ်ရာ တွေ့ရတယ်လို့ ပါတယ်ဟ"

"မြို့သစ်မတည်နိုင်ခင် တပင်ရွှေထီး လုပ်ကြံခံရပြီး နတ်ရွာစံသွားလို့ သံခေါက်တွေပဲ ကျန်ရစ်ခဲ့ပြီး 'သံပတ်တစ်ရာ' ကနေ 'သံပတ်'၊ 'သံပတ်' ကနေ တဖြည်းဖြည်း 'သစ်ပတ်' လို့ ဖြစ်လာတာလို့ ထင်တာပဲ။ အခုတော့လည်း ရွာပျက်ကြီးဖြစ်နေပြီ"

"ရွာပျက်သာ ဖြစ်နေတာ၊ သစ်ပတ်ဆိုတဲ့နာမည်တော့ ကျန်နေတုန်းပဲ"

"အခုလည်း ဒီမဟာအတုလမုနိဆုတောင်းပြည့်မင်းမျှော်စေတီကို ဘုရင့်နောင်မင်းကြီးရဲ့မိဖုရား ခင်ခင်ကြီး တည်ခဲ့တယ်ဆိုတာတော့ သိနေကြတာပဲ၊ ဘုရင့်နောင်မင်းကြီးကိုစောင့်မျှော်ရင်း တည်ခဲ့လို့ လူတွေက မင်းမျှော်စေတီလို့ အလွယ်ခေါ်နေကြတာ"

"အထောက်အထားအတိအကျသာ ရှာလို့ရရင် ဒီစေတီဟာ ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဆိုတာ လူတိုင်းသိကြမှာဟ"

"စေတီတော်ကို မွမ်းမံစဉ်တုန်းက မူလစေတီကို မဖြိုရဲလို့ အထဲမှာ ဘာတွေဌာပနာခဲ့တယ်ဆိုတာ မသိရဘူးဟ"

"ဌာပနာတိုက်ထဲမှာ မှတ်တမ်းမှတ်ရာ ပေ၊ ပုရပိုက်တွေ ထားချင်ထားခဲ့မှာဟ"

"အထောက်အထား ခိုင်ခိုင်မာမာတွေ့ရရင် ကောင်းမှာ"

"ဒကာမတို့က ဘယ်ရွာကို သွားကြမှာလဲ"

နောက်ဘက်မှ မေးသံကြားရ၍ လှည့်ကြည့်သောအခါ ဦးပဉ္စင်းကြီးတစ်ပါးကို တွေ့ရပါသည်။





ထက်..

"တပည့်တော်မတို့က စိုက်တန်းခင်ကို သွားကြမှာပါဘုရား"

"ခုနက မင်းမျှော်စေတီအကြောင်း ပြောနေသံ ကြားလို့ပါ"

"တင်ပါ့ ဘုရား"

"ဦးပဉ္စင်းကြီးက လင်းယောခင်ရွာသား ဦးဟန်ပါ။ ဦးပဉ္စင်းဦးဟန်လို့ပဲ လူတွေက ခေါ်နေကြတာ။ လူ့ဘဝတုန်းက ဆိုးခဲ့၊ မိုက်ခဲ့လို့ လူဆိုးကြီးဦးဟန်လို့ လူသိများခဲ့တယ်။ အသက်ကြီးလာတော့ အသိတရားရပြီး ဆိုးခဲ့၊ မိုက်ခဲ့တာတွေ သင့်ပုန်းချေဖို့ ရဟန်းဘောင်ကို ဝင်ခဲ့တာ။ အကာမတို့သိချင်နေတဲ့ ဒီစေတီတော်နားမှာ ဘုရားပြင်ချင်လို့ အဓိဋ္ဌာန်ဝင်ခဲ့တာ ဦးပဉ္စင်းကြီးပါပဲ'

"တိုက်ဆိုင်လိုက်တာဘုရား။ ဦးပဉ္စင်းကြီး သိသလောက် ပြောစမ်းပါဘုရား"

"မူလက ဒီနေရာမှာ ဆယ့်ငါးပေလောက်ပဲရှိတဲ့ ဘုရားငုတ်တိုပဲ ရှိတာ။ တရားအားထုတ်ချင်တာနဲ့ ဘုရားငုတ်ရဲ့ တောင်ဘက်နားမှာ တဲကျောင်းလေးဆောက်ပြီး တရားအားထုတ်ခဲ့တာ"

"တင်ပါ့ ဘုရား"

"ဦးပဉ္စင်းက အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်တယ်။ မေတ္တာပို့တယ်။ အချိန်အတော်ကြာလာတဲ့အခါမှာတော့ ညသန်းခေါင်လောက်မှာ ဝတ်ဖြူစင်ကြယ်ဝတ်တဲ့ ပုဂ္ဂိုလ်သုံးဦး ကျောင်းပေါ်တက်လာတယ်၊ သူတို့ရှိနေပါတယ်၊ ဦးပဉ္စင်းကြီး မကြောက်ပါနဲ့၊ မေတ္တာများများပို့ပါ၊ ပုတီးများများစိပ်ပါလို့ လျှောက်ပြီး ပြန်ဆင်းသွားကြတာပဲ"

"တင်ပါ့ ဘုရား"

"နောက်တစ်လလောက်ကြာတော့ ညသန်းခေါင်လောက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ် ရောက်လာပြီး ပထမတုန်းကအတိုင်း လျှောက်ပြန်တာပဲ၊ ဒီတစ်ခါတော့ ဦးပဉ္ဇင်းကြီးကမေးလို့ သူ့နာမည် ဦးကျော်အေးပါ၊ ဖြူးကပါလို့ ပြောသွားတယ်"

"တင်ပါ့ ဘုရား"

"အဲ . . နောက်ထပ်နှစ်လလောက်ကြာတော့ လသာတဲ့ညသန်းခေါင်လောက်မှာ ဦးကျော်အေးရောက်လာပြန်တယ်"

"တင်ပါ့"

"ဒီတစ်ခါတော့ ကျောင်းပေါ်ကို တက်မလာတော့ဘူး။ ရင်ပြင်တော်ပေါ်ကို ခဏလောက်ဆင်းခဲ့ဖို့ လျှောက်တယ်။ ဒါနဲ့ ဦးပဉ္ဇင်းလည်း ရင်ပြင်တော်ပေါ် ဆင်းသွားလိုက်တယ်။ သူညွှန်ပြရာ ကြည့်လိုက်တော့ မည်းမည်းအရိပ်နှစ်ခု တွေ့ရတယ်။ သူက ပြောတာပဲ၊ အဲဒါ ဘုရင့်နောင်မင်းကြီးရဲ့မိဖုရားခေါင်ကြီး ခင်ခင်ကြီးနဲ့ ခင်ခင်လေးတို့ဖြစ်တယ်လို့ ပြောတယ်၊ ရဟန်းတစ်ပါးကိုလည်း ဖူးလိုက်ရတယ်၊ ရှင်အဓွဂေါနဆရာတော်လို့ ဦးကျော်အေးက ပြောတာပဲ"

"တင်ပါ့"

"နောက်ပိုင်းလည်း သန်းခေါင်ကျော်လောက်ဆိုရင် ဦးကျော်အေး ရောက်ရောက်လာတယ်"

"တင်ပါ့ . . ဆက်အမိန့်ရှိပါဘုရား"

"ဦးကျော်အေးဟာ ဘဝဟောင်းတုန်းက ဘုရင့်နောင်မင်းတရားကြီးရဲ့ လက်ျာစစ်ကဲမှူး လက်ျာမင်းထင်လို့ ပြောတယ်။ ဘုရင့်နောင်မင်းတရားကြီး ဟံသာဝတီ (ပဲခူး) ကို စစ်ချီတော့ အခုဘုရားရဲ့ အနီးတစ်ဝိုက်မှာ တပ်စခန်းချခဲ့ကြတယ်။ ကေတုမတီက စစ်ချီလာစဉ်ကတော့ မိဖုရားခေါင်ကြီး ခင်ခင်ကြီးနဲ့ မိဖုရားနန်းခင်ဒေဝီတို့ ပါခဲ့ကြတယ်။ ဒေါ်မကွင်း





အနီးတစ်ဝိုက်မှာ စခန်းချတော့မှ ခင်ခင်ကြီးကို ဒီနေရာမှာ နေခိုင်းခဲ့တာ။ နန်းခင်ဒေဝီကတော့ ဘုရင်နောင်မင်းကြီးနဲ့အတူ ဟံသာဝတီကို စစ်ချီရာမှာ ပါသွားခဲ့တယ်"

"မိဖုရားကြီး ခင်ခင်ကြီးကို ဘာဖြစ်လို့ ထားခဲ့တာလဲဘုရား"

"အဲဒီအချိန်တုန်းက ခင်ခင်ကြီးဟာ အနည်းငယ်နာမကျန်းဖြစ်နေတယ်။ ဆေးဝါးကုသဖို့ အနားယူဖို့ လိုအပ်တာကလည်း တစ်ကြောင်း၊ ရှေ့ကိုစစ်ချီရာမှာ ရိက္ခာထောက်ဖို့ လက်နက်လူသူစုရုံးဖို့ လိုအပ်တာကလည်း တစ်ကြောင်းတို့ကြောင့် ထားခဲ့တာလို့ သိရတယ်"

"ဒါဆို မိဖုရားခင်ခင်ကြီးဟာ လေးစားစရာကောင်းတာပေါ့ဘုရား။ ဘုရင့်သမီးတော်ပီပီ သတ္တိဗျတ္တိနဲ့လည်း ပြည့်စုံနေလို့ ဘုရင့်နောင်မင်းတရားကြီးက စိတ်ချယုံကြည်စွာ တာဝန်ပေးခဲ့တာ နေမှာပေါ့"

"ဖြစ်နိုင်တာပေါ့။ အဲဒီတုန်းက ခင်ခင်ကြီးဟာ ဒီနယ်တစ်ဝိုက်က လူတွေကို စုစည်းတယ်၊ ရိက္ခာစုဆောင်းတယ်။ ဘုရင့်နောင်မင်းတရားကြီးရဲ့ တိုင်းပြည်ထူထောင်ရေးအတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးဆောင်ရွက်ပေးခဲ့တယ်လို့ သိရတယ်"

"တစ်ဖက်ကလည်း သူ့မောင်တော် မင်းတရားကြီး ပြန်အလာကို မျှော်မှာပေါ့ဘုရား"

"ဟုတ်တယ်ကွယ့် . .။ ဘုရင့်နောင်မင်းတရားကြီးပြန်အလာကို မျှော်ရင်းနဲ့ စေတီတည်ခဲ့တာပဲ၊ သစ္စာတွေလည်း ပြုခဲ့တယ်။ ဘုရင့်နောင်မင်းတရားကြီး ဆင်နွှဲနေတဲ့ တိုက်ပွဲတွေ အောင်စေဖို့ အဓိဋ္ဌာန်တွေလည်း ဝင်ခဲ့တယ်။ လက်ျာစစ်ကဲမှူးကြီး လက်ျာမင်းထင်ကလည်း ဘုရင့်နောင်မင်းတရားကြီးရဲ့ လက်ရုံးဆိုတော့ နောက်တန်းကနေ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးနိုင်ခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားခင်ခင်ကြီးရဲ့ စိတ်ဓာတ်ကို တပည့်တော်လေးစားတယ် ဘုရား"

"ဘာဖြစ်လို့လဲ"

"သာမန်မိန်းမသာဆို မိဖုရားနန်းခင်ဒေဝီကိုတော့ အတူခေါ်သွားပြီး သူ့ကျွမှ ခွဲထားခဲ့ရမလားဆိုပြီး စိတ်ဆိုးမှာပေါ့ ဘုရား"

"အဲဒီလိုမျှော်လို့လည်း ရတာပေါ့"

"နန်းခင်ဒေဝီလောက် သူ့ကို အလေးမထားဘူးလို့ ယူဆချင်လည်း ယူဆနိုင်တာပဲ ဘုရား။ သူ အဲဒီလိုမယူဆဘဲ သဘောထားကြီးလို့သာ ရိက္ခာထောက်၊ ဘုရားတည် လုပ်နိုင်တာပေါ့ဘုရား"

"ဟုတ်တာပေါ့"

"ဒါနဲ့ ဖြူးက ဦးကျော်အေးဆိုတာ လူစင်စစ်လား ဘုရား"

"ဦးပဥ္စင်းလည်း အဲဒါတွေကို မဆန်းစစ်တော့ဘူး။ သူပြန်သွားတာနဲ့ ကိုယ့်တရားအလုပ် ကိုယ်ပြန်လုပ်တာပဲ၊ သူဖြစ်စေချင်တာလေးတွေ သူလျှောက်ပြီး ပုတီးများများစိပ်၊ မေတ္တာများများပို့ပေးဖို့တော့ သူအမြဲတောင်းဆိုခဲ့တယ်။

တစ်ရက်မှာတော့ ညကြီးသန်းခေါင်ရောက်လာပြီး ဘုရားတည်ဖို့ အချိန်ကျပါပြီဆိုပြီး ဆရာဦးတင်မောင်ရဲ့လိပ်စာ အတိအကျပြောပြီး သူမှာတာတွေပြောဖို့ လျှောက်တယ်၊ ဦးပဥ္စင်းလည်း တရားအလုပ်ပြီးပြီးချင်း နောက်တစ်နေ့ နေပူပူကြီးမှာပဲ ကညွတ်ကွင်းက ဆရာဦးတင့်မောင်ဆီကို သွားခဲ့တယ်။ ဦးကျော်အေးမှာတာတွေကို ပြောပြတော့ ဆရာဦးတင်မောင်က လက်ခံတယ်။ သူလုပ်သင့်လုပ်ထိုက်တာတွေ လုပ်တော့တာပဲ"

"ဆရာဦးတင်မောင်တစ်ယောက်တည်း ဘုရားငုတ်တိုရှိရာကို





လာတာလားဘုရား"

"မဟုတ်ဘူး. . ။ သူ့အဖွဲ့နဲ့ လာတာ"

"နောက်တော့ ဘာဖြစ်သေးလဲဘုရား"

"ဆရာဦးတင်မောင်တို့အဖွဲ့တွေ ဘုရားမှာ အဓိဋ္ဌာန်ဝင်ကြတယ်။ တစ်ညတော့ သန်းခေါင်လောက်မှာပဲ ဦးကျော်အေးရောက်လာခဲ့တယ်။ တပည့်တော်တာဝန် ပြီးဆုံးသလို ဦးပဥ္စင်းရဲ့တာဝန်လည်း ပြီးဆုံးသွားပါပြီလို့ လာလျှောက်တယ်။ ဦးပဥ္စင်းတာဝန် ပြီးဆုံးလို့ ဒီမှာဆက်နေစရာ မလိုတော့တဲ့အကြောင်းနဲ့ ဦးပဥ္စင်းကြီးသွားရမယ့်နေရာကို သူပြောပြတယ်"

"သူ့တာဝန် ပြီးပြီဆိုတော့ ဦးကျော်အေးဘယ်ရောက်သွားလဲ ဘုရား"

"ဦးကျော်အေးလည်း သူသွားသင့်တဲ့နေရာကို သွားမှာပေါ့။ ဟိုအရင်က ဘုရင့်နောင်မင်းတရားကြီးရဲ့ အဆက်အနွယ်တွေ လူ့ဘဝကို ပြန်ရောက်နေကြတယ်။ သည်ဘုရားပြုပြင်တဲ့နေရာမှာ သူ့တာဝန်ပိုင်းနဲ့ သူ အချိန်မီရောက်လာကြမှာပါလို့လည်း သူပြောခဲ့သေးတယ်"

"ဪ. . အံ့သြစရာ ကောင်းလိုက်တာ"

"အဲဒီလူတွေကရော သူတို့ကိုယ်သူတို့ ဟိုဘဝတုန်းက ဘုရင့်နောင်မင်းတရားကြီးရဲ့ အဆက်အနွယ်ဆိုတာ သိကြသလားဘုရား"

"သိချင်မှ သိကြမှာပေါ့။ တချို့လည်း သိချင်သိနိုင်တာပေါ့။ ဦးကျော်အေးပြောတဲ့အတိုင်းဆို သိလို့ဖြစ်ဖြစ်၊ မသိဘဲနဲ့ဖြစ်ဖြစ် လိုအပ်တဲ့အချိန်မှာတော့ အကြောင်းဖန်ပြီး ရောက်လာလိမ့်မယ်လို့ ပြောတယ်"

"အံ့သြစရာပါပဲ ဘုရား"

"ဦးတင်မောင်တို့အဖွဲ့ ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ လေ



www.burmeseclassic.com

www.burmeseclassic.com



မတိုက်၊ ပိုးလည်းမထိုးပါဘဲနဲ့ ကျောင်းနားမှာရှိတဲ့ ထန်းပင်က သူ့အလိုလို ဦးပဋ္ဌင်းနေတဲ့ တဲကျောင်းလေးပေါ် လဲကျခဲ့တယ်။ ကျောင်းလေးလည်း ပျက်စီးသွားခဲ့တယ်။ ဦးပဋ္ဌင်းလည်း တာဝန်ပိုင်းပြီးဆုံးပြီလို့ သဘောပေါက်ပြီး အဲဒီနေရာက. ထွက်ခွာလာခဲ့တော့တာပဲ"

"အခု ဦးပဋ္ဌင်းကြီး ဘယ်ကြွမလို့လဲဘုရား"

"အဲဒီစေတီရှိရာကို ခေတ္တကြွလာတာပါ။ ဘုရားဖူးပြီးတာနဲ့ ဦးပဋ္ဌင်းတာဝန်ရှိတဲ့နေရာကို ပြန်ကြွရမယ်။ ကဲ. . ဒကာမတို့လည်း စိုက်တန်းခင်ရွာဘက် ဆက်သွားကြပေတော့။ ဦးပဋ္ဌင်းလည်း စေတီတော်ရှိရာကို ကြွလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် ဦးပဋ္ဌင်းကြီးသည် ဒေါ်မကွင်းရွာဘက်သို့ ကြွသွားလေတော့သည်။

ထက်အာကာနှင့် ခက်အာကာတို့ရင်ထဲတွင် ခင်ခင်ကြီးကိုပဲ လွမ်းသလိုလို၊ ဘုရင့်နောင်မင်းတရားကိုပဲ လွမ်းသလိုလို အတွေးပို၍ ကျန်ရစ်ခဲ့ပါသည်။

"ခက်ရေ. . အခုနေအခါမျိုးသာ ခင်ခင်ကြီးလိုနေရာမျိုးဆိုရင် ငါကတော့ သည်းခံနိုင်မယ် မထင်ဘူး။ ကိုယ့်ကိုပစ်ခဲ့ပြီး တခြားတစ်ပါးမိန်းမနဲ့ အတူလက်တွဲနေရပြီမလားဆိုပြီး ဂျင်းစိမ်းနဲ့မိတ်သလင် သူကြင်မှ ကိုယ်ကြင် သဘောထားမှာ။ အိမ်က ယောကျ်ားသာ အဲဒီလိုလုပ်လို့ကတော့ လုံးဝကို ခွင့်လွှတ်မှာမဟုတ်ဘူး"

"ပဒေသရာဇ်စနစ်တုန်းကတော့ တရားဝင် မိဖုရားလေးပါးရှိမှ ရာဇာဘိသေကမင်္ဂလာ ဆင်ယင်ကျင်းပလို့ ရတာလို့ ပြောတာပဲ"

"အေးပေါ့လေ. . ။ သူ့ခေတ်နဲ့ သူ့အခါကိုးဟ"

"ငါတော့ စဉ်းစားကြည့်တယ်။ ခင်ခင်ကြီးနဲ့ ဘုရင့်နောင်မင်း





တရားကြီးတို့က ငါတို့ခေတ်စကားနဲ့ပြောရရင် ငယ်ရည်းစားတွေ၊ ငယ်ကျွမ်းဆွေတွေဟ။ ရှင်ရဲထွဋ်ဘဝကတည်းက ခင်ခင်ကြီးကို ချစ်ခဲ့တာ။ ခင်ခင်ကြီးကလည်း ရှင်ရဲထွဋ်ဘဝကတည်းက ပြန်ချစ်ခဲ့တာမဟုတ်လား"

"အေး. . ဟုတ်တယ်ဟ"

"ဆံတစ်ပင်တင်။ ချစ်ခြင်းမယား။ ရည်းစားလှလှ၊ အနုကျွဲခတ် ဆိုတဲ့ အင်မတန်အခံရခက်တဲ့ ကိစ္စတွေဟ"

"အေးဟ"

"ခင်ခင်ကြီးဘဝမှာ ရည်စားလှလှ မခံရဘူး။ ဒါကြောင့် အနုလည်း ကျွဲခတ်မခံရဘူးပေါ့ဟ။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားဆိုတဲ့ ခံစားချက်တော့ သူ့မှာ ခံစားရမှာဟ"

"မပြောတတ်ဘူးလေ"

"နင်စဉ်းစားကြည့်လေ၊ ရှင်ရဲထွဋ်ကို ချစ်လို့ ခင်ခင်ကြီးခမျာ ခမည်းတော်မင်းကြီးညိုရဲ့ အမျက်တော်ရှတာကို ခံခဲ့ရသေးတာ၊ ရှင်ရဲထွဋ်လည်း အဲဒီအချိန်တုန်းက အတော်ခံစားခဲ့ရတာ။ တပင်ရွှေထီးကောင်းမှုကြောင့် သူတို့နှစ်ယောက် ပေါင်းဖက်ခဲ့ရတာဟ"

"ဒါ့အထင်တော့ တပင်ရွှေထီး နတ်ရွာမစံခင်အချိန်အထိတော့ မိဖုရားလေးယောက် ထားစရာမလိုလို့ ခင်ခင်ကြီးတစ်ယောက်တည်းသာ မိဖုရားမြှောက်တာဆိုတော့ ဆံတစ်ပင်တင်း ဖြစ်ခဲ့မှာမဟုတ်ဘူး"

"နင်ပြောတာ ဖြစ်တော့ဖြစ်နိုင်ပါတယ်"

"တပင်ရွှေထီးနတ်ရွာစံပြီးမှ ဘုရင့်နောင်ရှင်ဘုရင်ဖြစ်လို့ မိဖုရားလေးယောက် ထားရတာ။ အဲဒီတော့မှ ခင်ခင်ကြီးမှာ အချစ်ကို ဝေမျှပေးရလို့ စိတ်ဆင်းရဲချင် ဆင်းရဲမှာပေါ့။ ဒီကြားထဲ လက်အောက်ခံ နယ်စားတွေက သမီးကညာဆက်သလို့ တော်ကောက်ပြီး မိဖုရားမြှောက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ရှိသေးတယ်''

''သူ့ခေတ်နဲ့ သူကိုးဟ''

''ဒါတင် မကသေးဘူးနော်။ ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားကိုစစ်ချီရာ လမ်းကြောင်းတစ်လျှောက်မှာလည်း ဒီမင်းမျှော်စေတီတော်နဲ့ ဓားလွယ်ခုတ်အရပ်တွေမှာ နောက်ထပ်စေတီနှစ်ဆူကိုလည်း ခင်ခင်ကြီးတည်ထားခဲ့သေးတယ်မဟုတ်လား''

''အေး.. ဟုတ်တယ်''

''မိဖုရားခေါင်ကြီး ခင်ခင်ကြီးဟာ အင်မတန်မေတ္တာတရားကြီးမားတာပဲ''

''ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားကို စစ်ချီတော့ ဟံသာဝတီကို စစ်ချီတုန်းကလိုပဲ နောက်ကနေ စစ်သည်ဗိုလ်ပါစုရုံးပြီး ရိက္ခာထောက်ခဲ့တာပဲ''

''သူစခန်းချရာ နေရာမှာလည်း ဘုရားတည်ခဲ့တာပဲ''

''ယိုးဒယားကို စစ်ချီတော့လည်း ယိုးဒယားကို နိုင်ခဲ့တာပဲ''

''ယိုးဒယားကို သိမ်းပိုက်နိုင်ရုံတင် မကဘူး။ ယိုးဒယားဘုရင်ဆက်သလိုက်တဲ့ သမီးတော် 'ဆုပန်ကလျာ' ကိုလည်း မိဖုရားမြှောက်ခဲ့ရသေးတယ်။ ခေတ်စကားနဲ့ပြောရရင် ခင်ခင်ကြီးမှာ အသည်းကွဲစရာကြုံရပြန်တာပဲ''

''သူလည်း ပုထုဇဉ်မို့ ခံစားချက်တွေ ရှိချင်ရှိမှာပေါ့''

''အတပ်တော့ ဘယ်ပြောနိုင်ပါ့မလဲ။ ကိုယ်မှ မမြင်ရ မကြားရတာ''

''ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။ ဘုရင့်နောင်မင်းတရားကြီး ပဲခူး(ဟံသာဝတီ)မှာ ထီးနန်းစံတော့ ကမ္ဘောဇသာဒီနန်းတော်





ကြီးကို တည်ဆောက်ခဲ့တယ်တဲ့။ နန်းတော်ရဲ့ အမိုးတွေက ရွှေပြားတွေနဲ့မိုးထားတယ်လို့ ရေးထားတယ်။ နန်းတော်တိုင်တွေမှာလည်း ရွှေချထားပြီး ဘုရင်ရုပ်တု၊ မိဖုရားရုပ်တုတွေကို ရွှေအစစ်တွေနဲ့ ထုလုပ်ထားတယ်တဲ့။ ဘုရင်နဲ့ မိဖုရားတွေရဲ့ ကိုယ်အလေးချိန်အတိုင်း ထုလုပ်ထားလို့ ရွှေကိုယ်လေးလို့ ခေါ်တယ်တဲ့ဟ''

''တို့မြန်မာတွေအတွက် ဂုဏ်ယူစရာ အဖြစ်တွေပေါ့။ ယိုးဒယားတောင် မြန်မာနိုင်ငံရဲ့ လက်အောက်ခံဖြစ်ခဲ့သေးတာ''

''အဓိကကတော့ စံတင်လောက်တဲ့ ဘုရင့်နောင်မင်းတရားကြီးရဲ့ စိတ်ဓာတ်ပဲ။ သတ္တိဖျတ္တိနဲ့လည်း ပြည့်စုံတာကိုး''

''မိဖုရားခေါင်ကြီး ခင်ခင်ကြီးရဲ့ စိတ်ဓာတ်ကလည်း စံတင်လောက်တဲ့ စိတ်ဓာတ်ပဲ။ ဘုရင့်နောင်ရဲ့မိဖုရား ပီသတာပဲ''

''ခင်ခင်ကြီးရဲ့ သစ္စာရှိပုံ၊ သစ္စာမဖောက်ဘဲ ခိုင်မြဲပုံကလည်း စံတင်လောက်တာပဲ''

''သူတည်ထားခဲ့တဲ့ စေတီတော်တွေက သက်သေတည်နေတာပဲလေ''

''သူတို့ခေတ်တုန်းက အခုလို လေယာဉ်ပျံတွေ၊ ကားတွေ၊ ရထားတွေ ရှိတာမဟုတ်ဘူး''

''ဆင်တို့၊ မြင်းတို့၊ ဖေါယာဉ်တို့လောက်သာ ရှိတာ။ ခရီးကြမ်းနှင်ပြီး နောက်တန်းကနေ ရိက္ခာထောက်နေတဲ့ ခင်ခင်ကြီးရဲ့ အပင်ပန်းခံနိုင်မှု၊ ဇွဲရှိမှု၊ သတ္တိရှိမှုတွေကလည်း စံတင်လောက်စရာပါပဲ''

''ဘုရင့်နောင်မင်းတရားကြီးကလည်း မိဖုရားတွေများပေမယ့် စည်းစိမ်ခံစားနေတာတော့ မဟုတ်လောက်ဘူးဟ''

''အေးလေ''



www.burmeseclassic.com

www.burmeseclassic.com



"အနော်ရထာမင်းကြီး ထူထောင်ထားခဲ့တဲ့ ပထမမြန်မာနိုင်ငံတော်ကြီးအတိုင်းဖြစ်အောင် ပြန်လည်ထူထောင်ခဲ့တယ်။ ပြည်ပက ကျူးကျော်လာတဲ့ ရန်ဟူသမျှကိုလည်း အောင်မြင်အောင်တွန်းလှန်နိုင်ခဲ့တယ်။ မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ခဲ့တာပဲ"

"ဒါကြောင့်သာ ခင်ခင်ကြီးကလည်း ဘုရင့်နောင်မင်းတရားကြီးအပေါ် ခွင့်လွှတ်နိုင်ခဲ့တာ ဖြစ်မယ်"

ဟိုတုန်းကသာ အခုခေတ်လို စာရေးဆရာတွေပေါရင် အချစ်ကြီးချစ်တတ်သူ၊ သဘောထားကြီးသူ၊ ခွင့်လွှတ်သည်းခံနိုင်စွမ်းသူ၊ သစ္စာတရားကြီးမားသူ၊ ဖွဲ့သတ္တိနှင့်ပြည့်စုံသူ မိဖုရားခေါင်ကြီး ခင်ခင်ကြီးရဲ့ဘဝဇာတ်ကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားမှတ်တမ်းတင်ခဲ့မည်မှာ မလွဲပေ။

သို့သော် စာတစ်စောင်ပေတစ်ဖွဲ့ မရေးခဲ့စေကာမူ မိဖုရားခေါင်ကြီး ခင်ခင်ကြီး တည်ထားခဲ့သော စေတီတော်သုံးဆူကတော့ ဖြူးမြို့နယ်တစ်ကြောတွင် အထင်အရှားတည်ရှိနေပါတော့သည်။

စိတ်ဝင်စားသူများ 'မဟာအတုလမုနိ ဆုတောင်းပြည့် မင်းမျှော်စေတီတော်' ကို ဖူးမြော်လိုပါက ရန်ကုန်မှ ရထားနှင့်သော်လည်းကောင်း၊ ကားနှင့်သော်လည်းကောင်း သွား၍ ကညွတ်ကွင်းမြို့တွင်ဆင်းပါ။ ကညွတ်ကွင်းမှ အရှေ့ဘက်သို့ထွက်သည့်ကားလမ်းအတိုင်း လိုက်သွားပါက ဒေါ်မကွင်းရွာသို့ ရောက်ပါမည်။ ဒေါ်မကွင်းရွာ၏အရှေ့ဘက် ၂ဖာလုံခန့်အကွာ ခမရ (၄၃၉) အနီးတွင် ထိုစေတီတော်အား ဖူးတွေ့ရမည်ဖြစ်ပါသည်။

❖

နိုင်ခန့်သိင်တ



www.burmeseclassic.com

# ကနားစီးမစံနှင့် အပျိုခေါင်းမသုန်

## ‹က›

သူ့ကို အများက 'မစံ' ဟုခေါ်ကြ၏။ ဘဝတူများက 'မမစံ' ဟု ခေါ်ကြ၏။ အလွန်ရင်းနှီးပြီး ပြောမနာဆိုမနာများက 'မိဖေ' ဟု ခေါ်ကြလေ၏။

သူ၏အမည်ရင်းအမှန်ကား 'ဦးစံဖေ' တည်း။

ရှေးဘဝဝဋ်ကြွေးကြောင့်ပေလား..။

ဆေးပညာသဘောအရ မိန်းမဟိုမှန်းများ မွေးကတည်းက များလာလို့လား မသိ။ ယောကျ်ားစင်စစ်ကနေ မိန်းမစိတ်ပေါက်နေရှာ၏။

လေးလုံးခြောက်ဖက် ဗလကောင်းတုတ်ခိုင်လှသော်လည်း သူ၏ အသွင်သဏ္ဌာန်သည် ယောကျ်ားတို့၏ အလုံးအပေါက်နှင့် လုံးဝမတူ။





မိန်းမတို့၏ အင်္ကျီရုပ်အတိုင်း ရင်၊ တင်များ ဖွံ့၍ ခါးသေး၍ ကန့်ကလျှရှိနေရကား ငယ်စဉ်ကတည်းမှသည် ယနေ့ အသက်လေးဆယ် အရွယ်သို့ ရောက်သည့်တိုင် မိန်းမတစ်ယောက်အတိုင်းနီးပါး ပြုမူနေထိုင်လာသောအခါ..

ဦးစံဖေခေါ်ရမည့်အစား..

အများက 'မစံ' ဟုလည်းကောင်း၊ 'မမစံ' ဟုလည်းကောင်း၊ 'မာမီစံ' ဟုလည်းကောင်း၊ 'မိဖေ' ဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်လေသည်။

ငယ်စဉ်က ဒိုးဝိုင်း၊ အိုးစည်ဝိုင်းမှာ 'ခေါ်မိုး' အဖြစ် က,၏၊

အရွယ်ရောက်လာသောအခါ အငြိမ့်က,ပွဲများမှာ သူလိုဘဝတူ ကံကြမ္မာမွဲသူများနှင့် စင်ပေါ်မှာပဲ ဘေးသရုပ်ဖော်က,၏။

ဘေးသရုပ်ဖော်က,တော့ မစံ (ခေါ်) မမစံ၏ ရုပ်ရည်က ချောလို့ လှလို့လားဟု မေးကြမည်။ လုံးဝပါပဲခင်ဗျာ။

မစံ (ခေါ်) စံဖေ၏မျက်နှာပေါ်၌ ကျောက်ပေါက်မာများ အပြောက် အပြားရှိ၏။ ၎င်းကျောက်ပေါက်မာအချိုင့်အခွက်များကို သနပ်ခါး ဒါမှ မဟုတ် မိတ်ကပ်ဖို့၍ ခပ်ထူထူပြုပြင်ရ၏။

သရုပ်ဆောင်ဟန်အမူအရာကောင်းလှတော့ အောင်သန်းကို မာမီစိန် (ဟန်စိန်) တို့၊ မို့မို့ဟန် (ဘဟန်)၊ ဒေဝီသောင်း (ခေါ်) ကိုသောင်းတို့ နှင့် နင်လားငါလား ရှိရကား..

'မိုးကြိုးငှက်ငယ်လေးများ' အကအဖွဲ့ကြီး ပေါ်လာသောအခါ မစံတို့လည်း နည်းတူ အရေးပါအရာရောက်လာခဲ့လေသည်။

သို့သော်..

မစံ (ခေါ်) စံဖေသည် အလွန်ဆင်းရဲနွမ်းပါးရှာ၏။ က,ပွဲရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com



ငါးရောင်းရ၏။

"ဒီက ငါးယူကြဦးမလား..တော့..ဟော့..ဟော့.."

မိန်းမသံနှင့် အော်ပြီး ရောင်း၏။ ကာလသားများက ဝိုင်း၍ နောက်ပြောင်စ,သော် ထဘီလိုလုပ်ဝတ်ထားသော ပုဆိုးကို စွန်တောင်ဆွဲပြီး ခြေဆောင့်၊ တင်ကောက်၍ မေးငေါ့ နှုတ်ခမ်းစူပြီး ထွက်သွားလေ့ရှိရကား..

ကာလသားများ နှုတ်ဖျားမှာလည်း မစံခေါ် စံဖေသည် ခင်မင်နောက်ပြောင်လို့ကောင်းသည့်သူတစ်ဦး ဖြစ်ခဲ့ရလေ၏။

မစံ (ခေါ်) စံဖေ ကံလေးထ,ချင်တော့ နတ်ကနားစီးခင်စိန်နှင့် ပေါင်းမိသွားပြီး ကနားစီးခင်စိန်တို့ နတ်ပွဲက,ရာသို့ ပါသွားခဲ့၏။

နတ်ကနားပွဲမှာ ထမင်းချက်၊ ဟင်းချက် လုပ်၏။ (၃၇) မင်း နတ်ရုပ်မျိုးစုံကို သယ်ပိုးပေးရ၏။ နေရာထိုင်ခင်းချပြီး ဖုန်သုတ်ရ၏။ ငှက်ပျောပွဲ၊ အုန်းပွဲ ကန်တော့ပွဲများ ပြင်ပေးရ၏။

အဲဒီမှာ ကနားစီးခင်စိန်က ဒါ..ဘာနတ်၊ ဟိုဟာ ဘာနတ်၊ ဒါက ဘိုးတော်ပွဲ၊ ဒါက ကိုကြီးကျော်ပွဲ၊ ဟောဒါက အမေနံကရိုင်းပွဲ၊ ဘိုးမြို့ရှင်ပွဲကျရင် ဒီလိုပြင်၊ ပုပ္ပားမယ်ဝဏ္ဏကျရင် ခေါင်းတောင်က ဒီ သို့ယှက်၊ ရင်စီးပဝါက ဟောဒီလိုချည်..။

ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးကျရင် ဟောဒီလို အချိတ်ကိုဆင်၊ ဖျတ်ဝိန်နဲ့ဖျတ္တကျ ဒီလိုနေရာမှာထား..။

သည်လိုနှင့် ကာလအတန်ကြာသောအခါ ထမင်းချက်၊ ပွဲပြင်၊ နေရာချလုပ်နေရင်း၊ နတ်ချေ့သည်၊ နတ်ဝင်သည်များ၏ ပုဆိုးများကို ခါက်ပေးရင်းက နတ်ယိုင်၊ နတ်ချင်းများ အလွတ်နီးပါးရလာခဲ့၏။

ရွာစားကျော်စိန်တင်ကြိုင် ဟစ်လေ့ရှိသည့် အထက်နတ်သံကို





ပွဲဆက်များလာတော့ အလွတ်နီးပါးရလာ၏။

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ xxxရောင်းဆိုင်ငယ်မှ လေးလီxx သာမောငယ်စည်xxxနတ်ပြည်ထိလုxxပျော်စွယ်ငယ်ကောင်းxxနတ်ပေါင်းစု ၏xxမေရုပဟိုxxမြင်းမိုရ်ထိပ်ချာxxဝေယန္တာကxxသူဇာနန္ဒxxစိတြနှင့်xx စိတ္တမွာxxကြင်ရာအများxxမိဖုရားအပေါင်းxxထောင်သောင်းမကxxငါ သိကြားမှန်xxထက်ဖျားငယ်စံxxဝန်းရံခ၏xxနတ်များအမျှးxxလူ့ဘုံပြည် တွင်xxငါအရှင်သည်xxပျော်ရွှင်မြူးမည်xxလာသည်တကားxxမင်္ဂလာစံ ခင်းxxပွဲများဆောင်xxဂုဏ်ရောင်လင်းပါတဲ့xxမင်းအများတို့xxxx"

သည်မှာ ဆိုင်းဝိုင်းတော်သားများထဲက အသံကောင်းသူက..

BURMESE CLASSIC

"ဟုတ်မှဟုတ်ကြရဲ့လား မောင်တို့"

သို့ကလိုတိုင်၍ ဟစ်လိုက်သော် ကျန်ဝိုင်းတော်သားများ။ နတ်ကနားမှာ ပါဝင်သရုပ်ဆောင်ကြမည့်သူများ အားလုံးက ညီညီညာညာ သံပြိုင်ဟစ်ရသည်ကား..

"ဟုတ်ပေ့ချို့"

ဤသို့ 'ဟုတ်ပေ့ချို့' ဟု အော်ရာတွင် မိစံဖေပါဝင်ရလေသည်။ မိစံဖေ၏အသံကား အားလုံးထဲမှာ အကျယ်ဆုံးတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## <၁>

ပွဲစဉ်များလာတော့ လုပ်ငန်းသဘောကို နားလည်ကျွမ်းဝင်လာသည်။ နတ်ချင်းနတ်ယိုင်များကိုလည်း အလွတ်ရလာ၏။

"အတူလေးရယ်တဲ့မှ××ယှဉ်ကာပြိုင်××ယှဉ်ကာပြိုင်×××
ဖဲမွေ့ရာ××ရွှေကော်ဇော××ရောနှောလို့ထိုင်×××"

ကိုကြီးကျော်ချော့ သည့်သီချင်းလည်း မိစံဖေရသည်။

"သန်းခေါင်ကို နေ့မှတ်ပါလို့××
အရပ်ကလေးကိုတဲ့××အားမနာ××အားမနာ×××
အိမ်ကြီးရှင်ကိုတဲ့××အားမနာ×××
မသောက်ရရင်××သီလစောင့်တယ်×××
ဖိုးကျောင်းတကာ×××
မြောင်းတူကိုလျှောက်ပါလို့××
ဗိတောက်ကယ်တဲ့ရွှေဂူနီ××





သင်းပြန့်ခဲ့ပြီ×××
ညနေ××ညနေဆီ××နွယ်နီသောင်စွန်း×××
ကိုကြီးကျော် ပလီလွှန်းတယ်×××
ဆေးစိုက်တဲ့ကျွန်း××××"

အဲဒီသီချင်းကို ကန်တော့ပွဲပြင်ရင်း မိစံဖေ ဟန်နှင့်ပန်နှင့် အသံနှင့် ဟစ်သည်။

တစ်ခါ ရွှေပြုန်းမင်းညီနောင်မြင်ရသည်နှင့်..

"ရွှေပြုန်းက ပန်းခွာညို××မွှေးလှတယ်ဆို×××
ပန်စေလို××လောင်းညိုလေးနဲ့××ကူးပို့ခဲ့လေး×××
ရွှေပြုန်းကို သွားမယ်လို့××လှံသွားသုံးတောင်××
ပြောင်လောက်အောင်သွေး×××
ကျောက်ပျဉ်ကြီးငယ်နှင့်××မှန် ဘီးယူခဲ့ပါ××
ညိုနွဲ့ရဲ့လေး××××"

အဲဒီလို နတ်ယိုင်၊ နတ်ချင်းနှင့် တဘောင်များကို ပွဲပြင်ရင်း၊ နတ်ရုပ်တုများဖုန်သုတ်ရင်း ဆိုနေသည်ကို နတ်ကနားစီးခင်စိန် တွေ့ပါများသောအခါ..

"ဟဲ့..မိစံ.."

"ရှင်..အမေစိန်"

"နင်..နတ်ချင်း၊ နတ်ယိုင်တွေ အလွတ်ရနေပြီလားဟဲ့"

"ဟုတ်ကဲ့အမေစိန်..။ အမေစိန် ဘာနတ်ချင်း ဘယ်ထောင်ချင်လဲ..ပြော။ မစံဆိုပြမယ်"

"တကယ်ပဲလား"

"အို..အမေကလည်း။ အဟုတ်ပြောတာပါတော်။ ပြော.."



www.burmeseclassic.com

www.burmeseclassic.com



သည့်မှာပဲ နတ်ကနားစီးခင်စိန်က သင်းကလေး ဘယ်လောက်များရနေသလဲ သိချင်၍ ပညာစမ်းကြည့်လိုက်သည်။

"အောက်နတ်သံ ဆိုစမ်းအေ"

ဤသီချင်းကား အလွန်ခက်၏။ ဆိုင်းသမား ပညာစမ်းသည့် သီချင်းဖြစ်၏။

*"တစ်ကြိမ်ငယ်မှနှစ်ကြိမ်××သုံးကြိမ်ငယ်တင်းတင်း×××*
*မြို့တော်ရှင် မယ်လျှင်ကန်တော့ပါ၏××*
*စုံလင်ငယ်မှမယွင်း××ပွဲစုံခင်း၍××ထမင်းမှန့်နှော××အုန်း၊ ငှက်ပျောနှင့်××သဘောဖြူစင်××ကျွန်ုပ်ကယ်တင်××စည်ပင်ထွန်းကား××မ,ပါ ဘုရားဟု××သနားငယ်ခံ၍××နန်းစံမယ်ဘုရင်××*
*မြို့တော်ကိုပိုင်အုပ်စိုးပါတဲ့××နတ်မျိုးရှင်××နတ်မျိုးညီလာခွင်××*
*နန်းတော်ကြီးရှင်××ဦးသုံးကြိမ်တင်××မယ်လျှင်ကန်တော့ပါ၏××*
*နတ်နန်းရယ်ကွန်းစင်က××ကျေးဇူးရှင်×××ကျွန်တော်မျိုးတို့ကို*
*ဘုရား××တိုး××ဟိုး××ဟိုး××ဟိုး××မ××ပါ××××"*

မိစံဖေက အသံနေအသံထားနှင့် အောက်နတ်သီချင်းကို ဟစ်ပြလိုက်သောအခါ ကနားစီးခင်စိန်ခေါ် အမေစိန် အံ့သြသွားခဲ့ရသည်။ အသံက အသံကောင်း။ အဆွဲအငင်၊ အတင်အချ၊ အရှိက်အငင် အားလုံး မှန်နေသည်။

"အင်း။ မဆိုးဘူးပဲအေ။ နောက်ဘာသီချင်းရသေးလဲအေ"

"မြှတ်ယိုင်ရော၊ နတ်ချင်းရော၊ တဘောင်ရော အကုန်ရတယ် အမေစိန်"

အလိုတော်.. နတ်ယိုင်၊ နတ်ချင်း၊ တဘောင်ပါမကျန် အကုန်ရသတဲ့။





ဟုတ်ပါ့မလား..။ သင်းလေး ကြွားနေတာလား။ သို့နှင့်..

"ဒါဆို.. တဘောင်ဆိုစမ်းအေ"

*"တုတ်တိုတို××မမလေးတို့ဆို×××*
*အပျိုတော်လေး××မရှုပ်တေး××က,ပါတော့လေး×××*
*ရွှေစာပြောက်နဲ့ ဆယ့်ခြောက်ကျပ်ပေး××*
*ဝိုင်းတော်ကြီးနောက်ထိုင်××သံလွင်ကိုင်မောင်လေး××*
*ထွေးသုတ်ဖို့လေး××*
*မင်းဟိုကလာ××ငါဒီကသွား××*
*မရှောင်သာတဲ့××လမ်းမြောင်ကြားမှာ××*
*ညည်းနဲ့ငါညား××ပေါ့××××"*

သည့်မှာပဲ မိစံဖေက အက,လေးပါဝင်လိုက်ရကား ကနားစီး အမေစိန် သူ့တပည့်ကိုကြည့်ပြီး အရမ်းကိုအံ့သြသွားခဲ့ရလေသည်။

ထိုနေ့ထိုရက်မှစ၍ နောင်နတ်ပွဲက,ရတိုင်း မိစံဖေသည် မနဲ့လေး ဖြေဖျော်ရေးမှာ ဟာသလုပ်၍ ဘဲဥလက်ဝါးထဲထည့်ပြီး ချော့ရ က,ရ၏။ နဂိုအခံရုပ်က ကျောက်ပေါက်မာနှင့်မို့ သူ့ မနဲ့လေးအခန်း က,သောအခါ ကာလသားများက 'မနဲ့ကြီး' ဟု ဝိုင်း၍စကြလေ၏။

သည်လိုနှင့်..

ပုပ္ပားမယ်ဝဏ္ဏသရုပ်ဆောင်ရင်း နတ်ကနားကြည့်ပရိသတ်ကို မျက်ရည်စို့အောင် ဆိုင်းချက်နှင့် သရုပ်ဆောင်လာနိုင်ခဲ့ပြီ။

အနောက်မယ်တော်အကကိုလည်းကောင်း၊ အမေရေယာဉ် အကကိုလည်းကောင်း ဓားစွမ်းပြ၍ က,နိုင်ခဲ့သည်။

မျက်ရည်ကျလုနီးပါး သရုပ်ဆောင်ရာ၌ နံ့ကရိုင်းမယ်တော်နှင့် အသသကမှာ နတ်ချော့ခန်းမှာ နာမည်ကြီးလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင်..

နတ်ကနားစီး အမေခင်စိန်သည် ရုတ်တရက်ကွယ်လွန်သွားသောအခါ သူ နတ်ကနားစီးနီးပါး ဖြစ်လာခဲ့ပါသော်လည်း..

အမေခင်စိန်ရဲ့ အမွေခံများက နတ်ကနားတစ်စီးတစ်ဆင်စာ ပစ္စည်းများကို လက်လွှဲရောင်းစားလိုက်သောအခါ..

မိစံဖေ.. တရားဝင် နတ်ကနားစီးကြီး မဖြစ်ရဘဲ နေ့စားအငှားလက်ထောက်အဆင့်ဖြင့်သာ ပါဝင်သရုပ်ဆောင်ရင်း ဘဝကို ရပ်တည်ခဲ့ရလေသည်။

❊ ❊ ❊

## ⟨၈⟩

တစ်နေ့သောအခါ မိစံဖေ မသုန်ဆိုသူနှင့် ရင်းနှီးခဲ့ရလေ၏။

မသုန်ကလည်း ရှေးဘဝကံဝဋ်ကြွေးနှံ့နဲ့လှဲ့စွာဖြင့် မိန်းမစိတ်ပေါက်နေသော ယောက်ျားဖြစ်လေ၏။

အမည်ရင်းကား ကိုမောင်သုန်..။

သူ့ခများလည်း လူဖြစ်လာကတည်းက ကျားဟိုမှန်းနည်းပြီး မ,ဟိုမှန်း များ၍ထင့်။ ခန္ဓာကိုယ်အချိုးအစားသည် ကန္တ့ကလျဖြစ်နေ၏။ မိဘများက ဘယ်လိုပင် ယောက်ျားတစ်ယောက်ဖြစ်အောင် ဆုံးမပြုပြင်ပါသော်လည်း သူ့ဘဝဝဋ်ကြွေးပါရမီနှင့် သူဖြစ်လာရကား..

နောက်ဆုံး 'မသုန်' ဟုသာ အမည်ပေါက်ခဲ့လေ၏။

မသုန်သည် ခန့်ချော ချော၏။

ကောက်စိုက်၊ ဖျိုးနုတ် မိန်းမသားအစစ်များကို ဦးဆောင်၏။ မိန်းကလေးလိုဝတ်လိုက်လျှင် အသားညိုချောလေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟော့ဟော့ရမ်းရမ်းမနေ။ အနေအထိုင် လိမ္မာယဉ်ကျေးရကား မိန်းမအစစ်များကပင် အောချရလောက်၏။

အရုက်အကြောက်ကြီး၏။ ရှက်ဖွယ်သောစကား၊ ရှန့်ရမ်းကြမ်းတမ်းသောစကားကို လုံးဝမပြော။ ဘုရားတရားမြဲ၏။

သန့်သန့်ပြန့်ပြန့်ဝတ်စား၏။

ကြာတော့ ရွာမှာ အပျိုခေါင်းအဆင့် ဖြစ်လာခဲ့၏။ အပျိုသားသမီးရှိသူများသည် အပျိုခေါင်း ဒေါ်သုန်ကို အားကိုးကြ၏။ ယုံကြည်ကြ၏။

ဒေါ်သုန်ကား အလှူမင်္ဂလာဆောင်ရှိလျှင် အလှူရှင်၊ မင်္ဂလာရှင်ကိုယ်စား ရွာရှိအပျိုများကို ဆေးလိပ်ကမ်း၍ လက်ဖက်ကမ်း၍ ဖိတ်ရ၏။ ပြီးလျှင် ကွမ်းတောင်၊ ပန်းတောင်ကိုင်မည့် အပျိုများကို ရွေး၍ နေရာချရ၏။

ဒေါ်သုန့်စကားကို မည်သူမျှ မပယ်ရှားဝံ့။

ဒေါ်သုန်က သည်နေရာမှာနေဟု အမိန့်ပေးလျှင် သည်နေရာမှာပဲ နေကြရသည်။ သွားအတူ၊ လာအတူ၊ စားအတူ. . ။

အပျိုခေါင်းဒေါ်သုန်အုပ်ချုပ်သော ရွာကွမ်းတောင်ကိုင်အဖွဲ့သည် ဘယ်ရွာ၊ ဘယ်ရပ်ကဖိတ်ဖိတ် သွားရောက်ကူညီ၏။ ပေါ်သွင်ထင်ရှား၏။

ဒေါ်သုန် အနေဟန်၌ မည်သည့်ကာလသားမှ မစရဲ မနောက်ပြောင်ရဲ၊ ဒေါ်သုန်သည် အလှူမင်္ဂလာပွဲများကို ဦးဆောင်ရလျှင် ကြိုးကြိုးချိတ်ထဘီကို ဝတ်၏။ အင်္ကျီလက်စက ပွပွ ရင်စေ့ကို ဝတ်၏၊ ဆံပင်ရှည်ကို ဆံထုံးကြီးထုံးပြီး စပယ်ပန်း၊ ခရေပန်း တစ်ခုခုကို ရစ်၍ပန်၏။

ပြီးလျှင် ပုသိမ်ထီးကို ကျကျနနဆောင်း၏။

ရှေ့ကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ဘေးကကြည့်ကြည့် အဝေးအနီးကကြည့်ကြည့်. .

---

စိတ်ကူးသစ်စာပေ



ဒေါ်သုန်သည် ပီဘိ ရှေးမြန်မာမိန်းမကြီးအတိုင်းတည်း။

မိဘတိုင်းက ဒေါ်သုန်ပါလျှင် ကိုယ့်သားသမီးကို စိတ်ချကြ၏။ ဒေါ်သုန်ကား သူနှင့်ပါလာသူ မိန်းကလေးများကို ကိုယ့်သားသမီးလို၊ ညီမအရင်းလို၊ တူမလေးများလို စောင့်ရှောက်၏။

ယဉ်ကျေးသိမ်မွေ့အောင် သင်၏။

သို့ဖြစ်၍ မိန်းမအစစ်များပင် ဒေါ်သုန်ကို လေးစားရလေသည်။ ယုတ်စွအဆုံး ကိုယ့်သမီးအပျို ရည်းစားရှိနေလျှင် ဒေါ်သုန်ကို ချဉ်းကပ်ပြီး ကောင်း၊ မကောင်း စုံစမ်းရ၏။

လင်ကောင်းသားကောင်းရလိုသူများ ဒေါ်သုန်ကို ချဉ်းကပ်ရ၏။

ရွာသူအပျိုချောကို ချစ်ခင်စုံမက်သော ယောက်ျားကာလသားများ ဒေါ်သုန့်အိမ်သို့ လေးလေးစားစား၊ ရိုရိုသေသေ လာရောက်ပြီး မိတ်ဖွဲ့ရ၏။ အကျိုးအကြောင်း ပြောပြရ၏။

သည်မှာ ဒေါ်သုန်က အမျိုးကောင်းသားသမီးဖြစ်လျှင်၊ သင့်တော်လျှင် လူကြီးချင်းစကားပြောဆိုစေပြီး သင့်မြတ်သွားအောင် အကျိုးဆောင်ပေး၏။

အပျိုခေါင်းကြီး ဒေါ်သုန်နှင့် နွေစားနတ်ကနားစီး မိစံဖေတို့ အလှူပွဲတစ်ခုမှာ ရင်းနှီးသွားပြီးနောက်ပိုင်း မိစံဖေက ဒေါ်သုန်ကို မမသုန်ဟု လေးစားစွာခေါ်ပြီး အဝင်အထွက်ပြုခဲ့ကြ၏။ သူတို့နှစ်ဦးကား. .

ရှေးဘဝရေစက်ကြောင့်ထင့်။ ညီအစ်မအရင်းကဲ့သို့ ချစ်ခင်ရင်းနှီးသွားခဲ့ကြလေသည်။

လူ့ဘဝသည် အံ့ဖွယ်ကောင်းလေစွတကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

<ဃ>

"မမသုန်.."

"ဘာလဲ မစံ"

မိစံဖေက တစ်နေ့နေ့ခင်း ဆေးပေါ့လိပ်ကြီးဖွာရင်းက ဒေါ်သုန်ကို ပြောၤ၏။

"မမသုန်နဲ့ တိုင်ပင်စရာရှိလို့"

"ဘာများလဲအေ"

"မစံတို့ရပ်ကွက်ထိပ်က ညောင်ပင်ကြီး တွေ့သမို့လား"

"တွေ့သားပအေ..။ နှင်တို့ရပ်ရွာက အလှူရှိရင် ရှာတော်ရှင်ပြတဲ့ ညောင်ပင်မဟုတ်လား"

မစံဖေတို့ရပ်ကွက်ထိပ် ကန်ကြီးနံ့ဘေးမှာ ရေမညောင်ပင်ကြီး ရှိ၏။ ဗွန့်ပစ်နတ်ရုပ်မျိုးစုံနှင့်ဖြစ်၏။ နတ်စင်သေးသေးလေးလည်း ရှိ၏။ ရပ်ထဲရွာထဲက အလှူရှိလျှင် မြို့ထိပ်က နတ်ကွန်းမှာ နတ်မပြကြ။





ကိုယ့်ရပ်ရွာထိပ်ကညောင်ပင်ကြီးမှာပဲ ရှင်လောင်း နတ်ပြကြ၏။

"အဲဒီညောင်ပင်မှာ ရုက္ခစိုးရှိတယ် မမသုန်ရဲ့"

"အိုတော်..ညောင်ပင်မှန်ရင် ရုက္ခစိုးရှိတဲ့ဥစ္စာ။ ဆန်းလို့လား"

"မဆန်းပေမယ့် ကိုယ့်ရပ်ရွာထဲက ဒီညောင်ပင်မှာ ရှင်လောင်းနတ်ပြ လုပ်နေကြတော့ ရှာတော်ရှင်နတ်ကွန်းတစ်ခု အထင်ကရလေး လုပ်ပေးချင်လို့ မမသုန်ရဲ့။ ရပ်တင့်ရွာတင့်အောင်ပါ"

"နှင့်မှာ ပိုက်ဆံရှိလို့လား"

"မရှိဘူး"

"ဖွီး..ဒါနဲ့များအေ"

"ဒီလိုရှိတယ် မမသုန်ရဲ့။ မစံစဉ်းစားထားတာက တန်ခူးလရောက်ရင် အရပ်ထဲ အလှူခံ၊ နတ်ကနားပွဲလုပ်၊ အလှူခံပြီး ရှာတော်ရှင်နတ်ကွန်းအလှူလေး လုပ်မလားလို့၊ ကုသိုလ်လည်း ရတာပေါ့"

"နှင် တကယ်ဖြစ်အောင် လုပ်နိုင်မလား"

"မမသုန်ပါ ဝင်ကူရင် ဖြစ်ပါတယ်တော်"

"အေး..နှင်ဆန္ဒပြင်းပြနေမှတော့ လုပ်ပေါ့အေ"

"မမသုန် ဝင်ကူရမယ်နော်"

"အေး.."

"အို..မိစံဝမ်းသာလိုက်တာ မမသုန်ရယ်"

"ထ,မနေနဲ့။ ကွာခြွေရရနေ။ ငါလုပ်လိုက်မယ်။ ဟင်း.."

"အဟွန့်.."

ထိုနေ့ကစ၍ တနင်္ဂနွေနေ့ရောက်တိုင်း ရှာတော်ရှင်နတ်ကွန်းဆောက်ရန်ဆိုပြီး ရပ်ကွက်ထဲရှိ ရင်းနှီးရာ အသိအိမ်များမှာ အလှူခံ၏။

နတ်ကနားပွဲလိုက်က,ရင်း ရသမျှကို စုဆောင်းကြ၏။ ဟတ်တော်



www.burmeseclassic.com

www.burmeseclassic.com



'လမှစ၍ အလှူခံခဲ့ကြသည်။ အစကနဲ့ဦးကတော့ အရပ်က အင်တင်တင်. . ။ မယုံရဲ. . ။

ရပ်ကွက်လူကြီးများကိုဖိတ်ပြီး အလှူခံလို့ရခဲ့သည့်ငွေပမာဏကို ပြောပြပြီး ရွာတော်ရှင်နတ်ကွန်းလေး တင့်တင့်တယ်တယ်လုပ်ချင်သည့် အကြောင်း ရှင်းပြလိုက်တော့ ရပ်ရွာလူကြီးများ သဘောကျသွားခဲ့ကြ၏။

ဟုတ်တော့ ဟုတ်ပေ၏။ မြို့ထိပ်က မြို့တော်ရှင်နတ်ကွန်းကား ပန်း၊ ရေ၊ ဆီမီးနှင့် ကားသမားများကသိုလ်ပြုကြ၍ တိုက်နန်းနှင့် ခန့်ညားနေသည်။ နတ်တော်လရောက်တိုင်း ကနားပွဲ ခြိမ့်ခြိမ့်သဲသဲနှင့်. . ။

မိမိတို့အရပ်က အလှူအတန်းလုပ်သူများကား မြို့ထိပ်ထိ နတ်ပြုရန် ဝေးသည်ကတစ်ကြောင်း၊ ရှင်လောင်းလှည့်လျှင် ဝေးလွန်း၍ ပင်ပန်းကြသည်ကတစ်ကြောင်းကြောင့် မြို့ထိပ်နတ်ကွန်းသို့ မသွားကြ။

ကိုယ့်အရပ်ထဲက သည်အထိကရဲ့ညောင်ပင်ကြီးမှာပဲ ရိုရိုသေသေ၊ လေးလေးစားစား နတ်ပြုကြသည်။

အင်း. . တင့်တင့်တယ်တယ် နတ်ကွန်းတစ်ခုတော့ ရှိသင့်ပေသည်။

သို့နှင့် အရပ်လူကြီးများပါ ထောက်ခံအားပေးမှုရှိလာခဲ့သောအခါ မိစံဖေနှင့်ဒေါ်သုန်တို့ဦးဆောင်သော အကျိုးဆောင်အဖွဲ့ကလေးကို ရပ်ရွာက အသိအမှတ်ပြုလာပြီး အလှူငွေများ ထည့်ဝင်ကြ၏၊ အားပေးကြလေ၏။

ဝါးလအတွင်း အလှူခံလို့ရသမျှနှင့် နတ်ပွဲလိုက်က,လို့ ရသမျှကို ဝါးပိုးဝါးကျည်တောက်နှင့် စုထားခဲ့ရကား တစ်တောင်ခန့်ရှည်သော ဝါးပိုးဝါးစုဘူးကြီးသုံးလုံး အပြည့်ရခဲ့ပြီ။

ငင်းစုဘူးသုံးလုံးကို တစ်နေ့ အရပ်လူကြီးများရှေ့မှာ ခွဲပြလိုက်





သောအခါ အဲဒီခေတ်ငွေငါးထောင်ကျပ်ကျော်ရခဲ့၍ အားလုံးအံ့သြကြရ၏။

ထိုငွေများအားလုံးကို အရပ်လူကြီးများသို့ အပ်နှံလိုက်သည်။ ဦးလှသောင်တို့ အရပ်လူကြီးများက အချိန်ဆိုင်းမနေကြဘဲ အုတ်၊ သဲ၊ ဘိလပ်မြေများဝယ်၍ ပန်းရံဆရာများငှားပြီး ရွာတော်ရှင်နတ်ကွန်းကို တည်ဆောက်လိုက်ကြ၏။

ကြည့်စမ်း. . ။

ရွာထိပ် ကန်ကြီးအနီးတွင် အုတ်ခံ၊ သွပ်မိုး ရွာတော်ရှင်နတ်ကွန်းသည် အထိကရဲ့ညောင်ပင်ကြီးနှင့် တင့်တယ်ခန့်ညားစွာ ပေါ်လာခဲ့ပြီ။

သည်မှာ အရပ်လူကြီးဦးလှသောင်တို့အဖွဲ့က နတ်ကွန်းမျက်နှာစာ နံရံမှာ စာတန်းတစ်ခု ရေးထိုးလိုက်ကြသည်။

'ကုသိုလ်ရှင် မိစံဖေ၊ ဒေါ်သုန်နှင့် အများကောင်းမှု'

အဲဒီစာတန်းလေးကို မြင်လိုက်ရသောအခါ မိစံဖေနှင့် ဒေါ်သုန်တို့ ပါးပြင်ပေါ်မှာ မျက်ရည်ဥများ စီးလိမ့်၍ကျလာခဲ့ကြသည်။

ဝမ်းသာလွန်း၍ ကျသည့် မျက်ရည်စက်များ။

သူတို့နှစ်ဦး သူတို့အမည်ကို ရေးထိုးပေးပါရန် လုံးဝမတောင်းဆိုခဲ့ပါ။ ဒါကတော့ သူတို့နှစ်ဦးအပေါ် အရပ်က လူကြီးများက အသိအမှတ်ပြုထားခဲ့သည့် စေတနာ။

ထိုနေ့က ရွာတော်ရှင်နတ်ကွန်းပေါ်မှာ အဘိုးရုက္ခစိုးရုပ်တုနှင့် အတူ ရွာတော်ရှင်နတ်ရုပ်တုကို ပန်းသပြေ၊ ဆီမီး၊ အမွှေးနံ့သာများနှင့် သူတို့ထပ်ဆင့်မွမ်းမံခဲ့ကြသည်။

"အဘိုးရုက္ခစိုးကြီးနှင့် ရွာတော်ရှင်တို့ရှင့်. . ။ ဤရပ်၊ ဤရွာမှ သားများ၊ သမီးများကို ကျန်းမာချမ်းသာအောင်၊ ဘယာဘေး ဝေးအောင် စောင့်ရှောက်ပါရှင့်"

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## ၄

တစ်ည မိစံဖေနှင့် ဒေါ်သုန့်တို့ ဘုရားရှိခိုး၊ သုံးဆယ့်တစ်ဘုံကို မေတ္တာပို့ အမျှဝေပြီး အိပ်ပျော်သွားခဲ့စဉ် အိပ်မက်ဆန်းတစ်ခု မက်ခဲ့၏။

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ် သိုရင်းအင်္ကျီနှင့် ဖော့လုံးခေါင်းပေါင်း ပေါင်းထားပြီး ချိတ်အဖြူနှင့် အဘိုးအိုတစ်ဦး ရောက်လာ၏။

"အဘိုး.. ဘာကိစ္စများ ရှိလို့ပါလဲဟင်"

နှစ်ဦးသား ဝတ်ဖြူနှင့်အဘိုးကိုကြည့်၍ မေးလိုက်ကြ၏။

"ဟဲ့.. နင်တို့ မိဖေနဲ့ မသုန် မဟုတ်လားဟဲ့"

"ဟုတ်ပါတယ်အဘိုး။ အဘိုးက ဘယ်သူလဲ၊ ဘာအကူအညီ လိုလို့ပါလဲရှင်"

"ငါ ဘာမှမလိုဘူး။ ငါ နင်တို့ကို ကူညီမလို့"

"ဟင်.. အဘိုးက ကူညီမလို့"

"အိမ်း.. ဒီမှာ နားထောင်၊ မနက်မိုးလင်းရင် နှစ်ယောက်စပ်ပြီး





ထီထိုး။ ဘဝကူးကောင်းအောင်လုပ်။ ဒါပဲ.."

"အဘိုး.. အဘိုး.."

သိုရင်းအဖြူဝတ် အဘိုးအိုသည် ထိုမျှသာပြောပြီး ချာခနဲလှည့်ထွက်သွားရင်း မှုန်ဝါးစွာပျောက်ကွယ်သွားခဲ့လေသည်။

နှစ်ယောက်စလုံး အဘိုးဟုအော်ခေါ်ရင်း အိပ်ရာမှ လန့်နိုးခဲ့ကြ၏။ သည့်ထူးဆန်းသောအိပ်မက်ကို နှစ်ယောက်လုံး ပြိုင်တူမက်ခဲ့ကြ၏။

သို့နှင့် မိုးလင်းသောအခါ နှစ်ယောက် တစ်ယောက်တစ်ကျပ်စီစပ်ပြီး မြို့ဈေးမှာ ထီတစ်စောင်သွားထိုးလိုက်ကြသည်။

(မှတ်ချက် – ထိုစဉ်က ထီတစ်စောင် နှစ်ကျပ်ခေတ်ဖြစ်၏။)

ကံတရားများ ဆန်းကြယ်လိုက်ပါဘိ။

လဆန်းလို့ ထီဖွင့်တော့ သူတို့ထီလက်မှတ်က တစ်သိန်းဆုကြီး ပေါက်သည်။ ကြားကြသမျှ အံ့သြလို့ မဆုံးကြ။

"အဘိုးရုက္ခစိုး မ,တာပေါ့"

"ရွာတော်ရှင်ကြီးလည်း ပါမှာပဲပေါ့"

"ဝမ်းသာလိုက်တာ မိစံနဲ့ ဒေါ်သုန့်ရယ်"

အားလုံး ဝမ်းသာကြ၊ အံ့သြကြ။ သည်မှာ နှစ်ဦးသား တိုင်ပင်ကြသည်။ သည်ငွေတစ်သိန်းကို ဘာလုပ်ရင် ကောင်းမည်လဲ။

"မိစံ.."

"ဘာလဲ မမသုန်"

"ငါ..ဒီလိုလုပ်ချင်တယ်အေ"

"ပြောလေ မမသုန်"

"ငါတို့နှစ်ဦးရဲ့ဘဝဟာ ရှေးဘဝဝဋ်ကြွေးကြောင့် ယောကျ်ားမြင် ဒါလျက် ယောကျ်ားဘဝအစစ် မရကြဘဲ မိန်းမသားများလို နေခဲ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောင်ဖြစ်လေရာဘဝတိုင်း ဒီလိုဘဝမျိုးနဲ့ မကြုံရအောင် ဆင်းရဲနွမ်းပါးတဲ့ ယောကျ်ားကလေးတွေကို ရှင်ပြုပြီး ကိုရင်ဝတ်၊ အလှူလုပ်ကြရအောင် မိစံ''

''အို့ . . ဒါ . . သိပ်ကောင်းတဲ့အစီအစဉ်ပဲမမသုန်။ မိစံတို့ဘဝက ယောကျ်ားဖြစ်ပါလျက် မိန်းမစိတ်နဲ့ လူဖြစ်နေရတယ်။ သူများယောကျ်ားတွေလို ရဟန်းဘောင်ဝင်ချင်ပေမယ့် ဝင်လို့မရခဲ့ဘူး။ မမသုန်ပြောတဲ့အစီအစဉ် ကောင်းတယ်။ နက်ဖြန်ကစပြီး အကောင်အထည်ဖော်ကြစို့ရဲ့''

သို့နှင့် အရပ်လူကြီးများကိုဖိတ်ပြီး သူတို့အစီအစဉ်ကို ပြောလိုက်ရာ အားလုံးက သာဓုခေါ်ကြသည်။

သည်လိုနှင့် မကြာခင် ရပ်ရွာထဲမှ ဆင်းရဲနွမ်းပါးပြီး ရှင်မပြုနိုင်ကြသေးသူ ဆယ့်ငါးဦးကို သူတို့ငွေနှင့် ရှင်ပြုပေးသည်။ ရဟန်းဘောင်ဝင်ချင်သူလေးဦး ထပ်ပေါ်လာ၍ သူတို့ ရဟန်းရှင်ဘဝကို ခံယူပြီး ရှင်ပြု ရဟန်းခံပွဲကို ဘုန်းကြီးကျောင်းမှာပဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့၏။

သူတို့ကောင်းမှု ရွာတော်ရှင်နတ်ကွန်းမှာ ရှင်လောင်းများကို အိုးစည်ဗုံနှင့် နတ်ပြပြီး သူတို့နှစ်ဦး အားရပါးရ က,ပစ်လိုက်ကြသည်။

အဘိုးရှဲကွစိုးရုပ်တုကို ရွှေချပေးလိုက်သည်။

အလှူပွဲမှာ အပျိုဗိုင်းများ၊ နက်ကနားက,ဘက်များ၊ တစ်ရပ်လုံးက ဧည့်ပရိသတ်များ၊ အိုးစည်ဗိုင်း၊ ဒိုးပတ်ဗိုင်း အဆိုအကများနှင့် နေ့ရော၊ ညပါ စည်ကားလှသည်။

သူတို့နှစ်ဦးကို 'အပျိုကြီး . . အပျိုကြီး . .' နှင့် ဗိုင်းစကြသော ရွာထဲက မှဆိုးဖိုကြီးများနှင့် ဗိုင်းစကြ၊ နောက်ကြ၏။

ရေစက်ချချိန်သို့ ရောက်သောအခါ ဆရာတော်ဦးသီလက ရေစက်ချ၊ တရားပေးခဲ့၏။





''တကာ၊ တကာမအပေါင်းတို့ . .။ လူ့လောက၊ လူ့ဘဝသည် အလွန်ရခဲပါသည်။ လူ့ဘဝမှာ လူလာဖြစ်ကြရသော်လည်း ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသည်သာမက ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လူလာဖြစ်ခဲ့ရသည်တွယ်။ အချို့က မျက်မမြင်၊ အချို့ ခြေမပါလက်မပါ၊ အချို့က ချောမောလှပ၊ အချို့က အရုပ်ဆိုးအကျည်းတန်၊ အချို့ ပညာရှိ၊ အချို့ ပညာမဲ့၊ ဘယ်လိုဘဝမျိုး၊ ဘယ်လိုအသွင်သဏ္ဌာန်မျိုးနဲ့ပဲရောက်ရောက် လူအဖြစ်ကို ရခဲ့ပြီဆိုရင် ဒါန၊ သီလ၊ ဘာဝနာ ဒီသုံးမျိုးကို ပြုမူကျင့်ကြံရမယ်။ ဒါနနဲ့သီလပါရင် ဘဝကူးကောင်းတယ်။ ဘာဝနာကိုကျင့်ရင် မြတ်သော နိဗ္ဗာန်ကို ရမယ်။ သံသရာ မလည်တော့ဘူး။ အသစ်တစ်ဖန် ဒုက္ခဝဲဩဃမှာ ပြန်မလည်တော့ဘူး။ ဒါကြောင့် ပေဟဒီ မိစံခေါ် တကာကြီးစံဖေနဲ့ သုန်ခေါ် ကိုသုန်တို့ ရရာ၊ ကြုံရာဘဝကနေ ဒါန၊ သီလ ကုသိုလ်စေတနာ အကျိုးကြောင့် သုခကို ခံစားရပြီး နိဗ္ဗာန်ကိုမရခင်စပ်ကြား သာသနာပြုနိုင်သော မင်းယောကျ်ားကောင်းဘဝကို ရောက်အောင်ဆုတောင်းကြပါ။ အဲဒီကနေ ဒါန၊ သီလ၊ ဘာဝနာ မြဲမြဲကြပါလို့ပြောရင်း ကိုင်း . . ရေစက်ချကြစို့''

ရေစက်ချပြီးတော့ မင်္ဂလာဗျောသံကို ကြားလိုက်ရသည်။ ကျက်သရေမင်္ဂလာ ရှိလိုက်ပါဘိ။

သာဓုခေါ်သံများ ဝေဝေစည်နေ၏။ ကြည်နူးချမ်းမြေ့လိုက်ပါဘိ။ သူတို့နှစ်ဦး ပြိုင်တူဆုတောင်းခဲ့သည်။ ဖြစ်လေရာဘဝတိုင်း နိဗ္ဗာန်မရခင်စပ်ကြား ယောကျ်ားစိတ်၊ ယောကျ်ားဘဝ ကောန်နှင့် ရပ်ကျိုးရွာကျိုးတိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုး ဆောင်ထမ်းပိုး တိုး၍ပြုနိုင်ရပါလို၏ဘုရား . . ဟု။

❋ ❋ ❋

www.burmeseclassic.com

<၁>

ကံအကြောင်းတရားများကား ဆန်းကြယ်လာပြီဆိုလျှင် အလွန်
ကို အံ့ဩဆန်းကြယ်ဖို့ ကောင်းလှ၏။

အံ့ဩစရာကောင်းလွန်းလှ၍ ဂန္ထိရဟု ခေါ်ကြလေရောသလား

မိစံဖေနှင့် ဒေါ်သုန်တို့သည် ခုနစ်ရက်ပတ်လုံး သူတို့ရဟန်းခံ
ပေးခဲ့သည့် ရဟန်းလေးပါးနှင့် ကိုရင်ဆယ့်ငါးပါးအတွက် နေ့စဉ်အရှု
ဆွမ်းကိစ္စကို မပျက်မကွက် ချက်ပြုတ်လှူဒါန်း ဆက်ကပ်ခဲ့၏။

ဒီလိုနှင့် ခုနစ်ရက်ပြည့်သွားခဲ့သည်။

ရှစ်ရက်မြောက်သောနေ့မှာ မိစံဖေရော၊ ဒေါ်သုန်ပါ အိမ်မှ
ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြသည်။

ဘယ်သွားလို့ ဘယ်လာမှန်း မသိကြ။ အိမ်တံခါး သော့ခတ်လို့
တစ်နေ့လာနီးလာနီးနှင့် အိမ်နီးနားချင်းများက မျှော်နေကြသော်လည်း
ရက်မှလ၊ လမှနှစ်သို့ ကူးသွားခဲ့သည်။ နှစ်ဦးစလုံးအကြောင်း စုံစမ်းသေ





မြန်းလို့ မရ..။

သူတို့လို ဘဝတူ နတ်ကနားသမားများကလည်း ဟိုမြို့ သည်
မြို့ နတ်ကနားရှိသည်ဟု ကြားရတိုင်း မိစံဖေတို့များ ပါလေမလားဟု
လိုက်ရှာကြည့်ပေမယ့် သူတို့နှစ်ဦး လုံးဝမပါ,ပါတဲ့။

အချို့က..

အမျိုးမျိုးဝေဖန်ကြ၏။ သေပြီဟုလည်း ဆိုကြ၏။

နှစ်နှစ်ခန့်ကြာတော့ သူတို့နှစ်ဦးစလုံးကို မေ့လျော့သွားခဲ့ကြ၏။

တစ်နေ့သောအခါ..

မိစံဖေတို့နေသွားသည့် အိမ်ခြံဝိုင်းထဲသို့ မြင်းလှည်းတစ်စီးဝင်
သွားပြီး မိန်းမယောကျ်ား စုံတွဲနှစ်တွဲ ဝင်ရောက်သွားကြ၏။

ဘယ်သူတွေပါလိမ့်ဟု အိမ်နီးနားချင်းများက စူးစမ်းကြည့်ကြ
၏။ မြင်းလှည်းပေါ်မှ ပစ္စည်းများကို သယ်ချနေကြသည်။ အားလုံး
အသက်ကြီးပိုင်းရောက်သော်လည်း သွက်လက်ဖျတ်လတ်ကြ၏။

ဝတ်ကောင်းစားလှများနှင့်ဖြစ်၍ မည်သူမှန်းမသိ။

အချိန်ကလည်း မှောင်ရိုဖျိုးဖျလေး..။

သည်မှာပဲ စုံတွဲနှစ်တွဲအနက် လူကြီးတစ်ဦးက အိမ်ရှေ့မှာရပ်ပြီး
ကြည့်နေသည်။ ဦးလှသောင်ကို လှမ်းမေးလိုက်သည်။

"ကိုလှသောင်..နေကောင်းတယ်နော်"

"ဟင်.."

ကိုလှသောင် သည်အသံမျိုး ကြားဖူး၍ ရှေ့သို့တိုးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ်ကိုမမှတ်မိဘူးလား။ မိစံဖေလေ..။ ခုတော့ ဦးစံဖေပေါ့
ဗျ။ ဟား..ဟား..ဟား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..မိစံဖေ..အဲ..အဲ..ဦးစံဖေ.."

"ဟုတ်ပါ့ဗျာ"

"ဒါ..ဒါဆို..ခင်ဗျား..ခင်ဗျား..ဟို..မိန်းမရှာ..အဲ.."

"ဟား..ဟား..ဟား..ကိုလှသောင်၊ မိတ်ဆက်ပေးရဦးမယ်ဗျ။ ဟောဒါ ကျုပ်မိန်းမပဲ။ နာမည်က မအောင်ကြင်းတဲ့"

"ဘုရားရေ.."

"ဟောဟိုလူကြီးရော သိလား"

"အဲဒါ..အဲဒါ..ဟို..ဟို.."

"ဒေါ်သုန်လေ..အပျိုခေါင်းဒေါ်သုန်။ ခုတော့ ဦးသုန်ပြန်ဖြစ်ပြီး မိန်းမရသွားပြီပေါ့ဗျာ။ ဟိုဟာ သူ့မိန်းမ။ နာမည်က မစံပယ်တဲ့"

"ဟော..ဘယ်လိုဖြစ်ကုန်ကြပါလိမ့် ကိုစံနဲ့ ကိုမောင်သုန်"

သည်မှာပဲ ကိုလှသောင်၏ ဗျို့ဟစ်သံကြီး ဟိန်း၍ပေါ်လာတော့သည်။

"ဟေ့..သန်းချစ်တို့ အောင်ရွှေတို့ အေးစိန်တို့ရေ..။ ဟောဒီမှာ မိစံတို့ မယ်သုန်တို့..အဲ..အဲ..ကိုစံဖေတို့ ဦးသုန်တို့ ပြန်ရောက်နေပြီဟေ့။ လာကြည့်ကြစမ်းပါဦး"

"ဟုတ်လား..။ မယ်သုန်တို့ ရောက်နေပြီလားဗျို့"

"အမေစံ ရောက်နေဆို။ ဘယ်မှာလဲတော့"

"ဟော့..မစံ။ ဘယ်လင်ရှာသွားနေလို့ ပျောက်..ချက်..အက်..အက်.."

ဝင်လာသူများသည် မစံဖေကို မိန်းမလိုပုံစံမျိုး မဟုတ်တော့ဘဲ ယောကျ်ားများလို ပုဆိုးတိုတိုဝတ်နှင့်လည်းကောင်း..၊

မသုန်ကို အလျှင်လို ကြိုးကြိုးချိတ်ရင်စေ့နှင့်မဟုတ်ဘဲ အင်္ကျီ





ကျောပြောင်၊ ပုဆိုးခါးတောင်းကျိုက်နှင့် တကယ့်ယောကျ်ားအစစ်များကဲ့သို့ ကျားကျားလျားလျားကြီး မြင်လိုက်ရပြီး သူတို့နှစ်ဦး၏ အနီးမှာလည်း သူတို့နှင့်သက်တူရွယ်တူ မိန်းမချောနှစ်ဦးကို မြင်လိုက်ရသောအခါ ဝင်လာကြသူ အိမ်နီးနားချင်းများ ပါးစပ်ဟောင်းလောင်းပွင့်သွားကြ၏။

"သန်းချစ်.."

"ရှင်..ဟို..ဟို..မစံ..အဲ..ဦးစံ.."

"အောင်ရွှေ..ပါးစပ်ထဲ ယင်ကောင်ဝင်မယ် ဟကောင်ရ..။ ဟား..ဟား.."

"ဟာ..ဦး..ဦးစံ..အံ့သြလိုက်တာ။ ဝမ်းသာလိုက်တာဗျာ"

သည်မှာပဲ ယောကျ်ားသားများက ဦးစံဖေနှင့် ဦးသုန်တို့ကို ပြေးဖက်နှုတ်ဆက်ကြသည်။ မိန်းမသားများက ဦးစံဖေနှင့် ဦးသုန်တို့၏ ဇနီးများဖြစ်ကြသော ဒေါ်အောင်ကြင်းနှင့် ဒေါ်စံပယ်တို့ကို နှုတ်ဆက်ရင်း ဝိုင်းကူလုပ်ပေးကြရာ နှစ်နှစ်ကျော်ကြာကြာ ဆိတ်ငြိမ်ခဲ့သော အိမ်ကလေးသည် ရယ်သံများဖြင့် ရှုန်းစိုသွားခဲ့လေပြီ။

"လုပ်ပါဦး မစံ..အဲ..အဲ..ဦးစံ..။ ဘယ်လိုဖြစ်.."

"ကံတရားက အပြောင်းအလဲရှိတယ် မောင်လှသောင်တို့ရေ၊ ငါတို့နှစ်ဦးဘဝ ယောကျ်ားဖြစ်လျက်နဲ့ မိန်းမစိတ်နဲ့လှုပ်ရှားခဲ့ရတာ အနှစ်လေးဆယ်ကျော်နီးပါးပဲ။ အခု ငါတို့ ယောကျ်ားဘဝကို ပြန်ရခဲ့ပြီကွယ့်"

"ဘယ်လိုဖြစ်သွားတာလဲဟင်"

"အစားအသောက်ကြောင့်ပဲလား၊ စိတ်ကြောင့်ပဲလား၊ ဒါမှမဟုတ် ဘဝဝဋ်ကြွေးကုန်လို့ပဲလား။ ဒါမှမဟုတ် ငါတို့ရဲ့ ကောင်းမှုကုသိုလ်ဆုတောင်းများကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက မကြည့်ရှင်လို့ ချက်ချင်းဖြည့်ဆည်းပေးလိုက်လို့ပဲလား မသိဘူး။ တို့နှစ်ယောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရာအရပ်မှာ ကြုံရာကျပန်းလုပ်ကိုင်ပြီး ဘဝကို ရုန်းကန်လိုက်ရင်းကနေ ယောကျ်ားစိတ် ပြန်ဝင်ခဲ့ကြပြီး. . အဲ. . အဲ. .”

သည်မှာ သူတို့နှစ်ဦးက ဒေါ်အင်ကြင်းတို့ဘက်သို့ လှည့်ကြည့်ပြီး. .

“ဖူးစာရေးနတ်များကလည်း သူတို့ရှိရာကို တွန်းပို့လိုက်ရော လင်မယားဖြစ်ကြလေသတည်းဘဝကို ရောက်သွားပါရောဟော့”

ဟူလေသတည်း။ ။

(မှတ်ချက်– တကယ့်ဖြစ်ရပ်မှန်တစ်ခုကို အခြေခံ၍ ရေးဖွဲ့ပါသည်)

❖

နတ်လှူဦး



www.burmeseclassic.com

www.burmeseclassic.com

# ကျိန်စာသင့်မှုဆိုး

## ‹၁›

မရမ်းနော်သည် လက်ထဲတွင် သေနတ်ကိုင်လျက် ခင်တန်းကြောလေးအတိုင်းကိုဖြတ်ကာ ဆတ်ပေါက်ထွက်ကောင်နောက်သို့ အားသွန်ပြေးလိုက်လျက်ရှိသည်။ ရှေ့လောကြီးလွန်းနေသည့်အတွက် အောက်တွင် ဘာရှိသည်ကို သတိမပြုမိပေ။

ရုတ်တရက် ရင်ထဲတွင် အေးခနဲဖြစ်ပြီး သတိလစ်သွားတော့သည်။ သတိရ၍ ကြည့်လိုက်သောအခါ မတ်စောက်၍ ကျဉ်းမြောင်းလျက်ရှိပြီး ရေတွင်းနှင့်တူလှသော တွင်းတစ်တွင်းအောက်ခြေသို့ ရောက်နေမှန်း သိရလေတော့သည်။ တွင်းနှုတ်ခမ်းထိပ်၌ပေါက်လျက်ရှိသော ကြိမ်





တော၊ ချုံဖုတ်များကြားမှ ပြာလဲ့လဲ့ကောင်းကင်တစ်ပိုင်းတစ်စကို တွေ့မြင်နေရ၏။

တွင်းမှာ ဆယ့်ငါးပေခန့်မြင့်ပြီး တွင်းနံရံများမှာ ချောမွေ့သော ကျောက်သားလိုမြေမာများ ဖြစ်နေသဖြင့် လက်တွယ်စရာ၊ ခြေကုတ်ယူစရာ လုံးဝမရှိသည့်အတွက် အကြိမ်ပေါင်းများစွာကြိုးစား၍ ကုတ်ကပ်တွယ်တက်သော်လည်း အချည်းနှီးသာဖြစ်လေသည်။ မရမ်းနော်သည် စိတ်ပျက်အားငယ်စွာနှင့်ပင် ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်တော့၏။ မိမိ၏မုဆိုးဘဝသည် ဤနေရာ၌မှာပင် တဖြည်းဖြည်း အစာငတ်၊ ရေငတ်ဖြင့် သေရမည့်ဘေးကို တွေးမိလေသည်။

ထိုစဉ်မှာပင် တွင်းထောင့်တစ်နေရာမှ တောက်ပစူးရှလွန်းသော မျက်လုံးနှစ်လုံးကို သတိထားလိုက်မိ၏။ သေသေချာချာ အနားကပ်၍ ကြည့်လိုက်ရာ ရဝမ်မုဆိုးလေး မရမ်းနော်မှာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေတော့သည်။ သူတွေ့ရသည်က ကြီးမားလွန်းလှသော မြွေကြီးတစ်ကောင်သည် ခွေလျက်က မုဆိုးလေးမရမ်းနော်ကို စူးစိုက်ကြည့်နေသောကြောင့်ပါတည်း။

မုဆိုးလေးမရမ်းနော်မှာ ထိုင်နေရာက လုံးဝမလှုပ်ဝံ့တော့ပေ၊ သူနှင့် မြွေကြီးမှာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ကြည့်ကာ မည်သူမျှ မလှုပ်ရဲကြပေ။

မြွေကြီးကို သေနတ်နှင့်ပစ်သတ်ရန် မရမ်းနော်စိတ်ကူးမိပါသေး၏။ သို့သော် တစ်ချက်ပစ်ရုံနှင့် သေနိုင်ပါမည်လား။ အကယ်၍ မြွေကြီးမသေလျှင် ငါဘာဖြစ်မလဲဟူသောအတွေးက သူ့စိတ်ကူးအတွေးကို ဟန့်တားလျက်ရှိနေတော့သည်။

အစတွင် မြွေကြီး၏မျက်လုံးအစုံမှာ ဒေါသရောင်တို့ဖြင့်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လျက်ရှိသော်လည်း တဖြည်းဖြည်း ပျော့ပျောင်းမှေးမှိန်လာလေသည်။ ထို့နောက် သူ၏ ကြီးမားလွန်းသောခေါင်းပြားကြီးမှာ ရှေ့သို့ တဖြည်းဖြည်းရွေ့လျားလာလျက်ရှိနေသည်။ သို့စေကာမူ စူးရှတောက်ပြောင်သော မျက်လုံးအစုံကား မရမ်းနော်ထံမှ တစ်ချက်မျှ အလစ်ပေးခြင်း မရှိပေ။

'အင်း. . ငါတော့ မြွေစာဖြစ်ရတော့မှာပါလား' ဟူ၍ တွေးကာ မရမ်းနော်မှာ ဇောချွေးပြန်လျက်ရှိနေသည်။ သေနတ်ကို ကောက်ကိုင်လိုက်သော်လည်း လက်များက သေနတ်ရှိရာသို့မရောက်နိုင် ဖြစ်နေတော့သည်။ ထိုစဉ် မြွေကြီးသည် တဖြည်းဖြည်းတွားလာရာမှ ခွေလိုက်ပြီးသောအခါ ခေါင်းကို အပေါ်သို့ထိုင်လျက် မှဆိုးလေးမရမ်းနော် မျက်လုံးတည့်တည့်ရှိရာသို့ စူးစိုက်ကြည့်နေပြန်ပါသည်။

မရမ်းနော်သည် ကြောက်လွန်းသောကြောင့် တစ်ကိုယ်လုံးတုန်လှုပ်ချောက်ချားလျက်ရှိနေသည်။ မြွေကြီး၏အပြုအမူများမှာ ရန်လိုသောအရိပ်အယောင်များ မရှိသော်လည်း မြွေတစ်ကောင်၏ရည်ရွယ်ချက်အားမည်သို့သိနိုင်ပါအံ့နည်း။ မြွေနှင့်ပက်ပင်းတိုးနေသူများအတွက် မာကျောသောအသည်းနှလုံးဖြင့် သူ၏မျက်လုံးများအား စူးစိုက်ပြန်ကြည့်နိုင်ရန် အထူးလိုအပ်နေပေသည်။

မုဆိုးလေးမရမ်းနော်သည် မလှုပ်မယှက်ထိုင်နေသကဲ့သို့ မြွေကြီးကလည်း တစ်ချက်မျှမလှုပ်ပေ။ မရမ်းနော်အဖို့ ဤအချိန်သည် တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်နေမိသည်။ သို့ရှိနေစဉ်မှာပင် မြွေကြီးသည် သူ၏ခေါင်းကို သူ့ပေါင်ပေါ်သို့ တင်လာ၏။ ထို့နောက် တစ်ခွေပြီးတစ်ခွေနှင့် နောက်ဆုံး တစ်ကိုယ်လုံး သူ့ပေါင်ပေါ်သို့ ရောက်လျက်ရှိတော့သည်။ ရဝမ်လူမျိုး မရမ်းနော်၏ နွေးသောအတွေ့ကို သဘောကျ





သွားဟန်တူပါသည်။ ကြည်ကြည်ဖြူဖြူလက်ခံထားခြင်းကသာ သူ့အဖို့ အကောင်းဆုံးဖြစ်သည်ဟု နားလည်မိရကား သူ့ကိုယ်တွင်ဖတ်ထားသော တိုင်းရင်းသားဂျပ်ခုတ်ကချင်စောင်ကြီးဖြင့် မြွေကြီးအပေါ်သို့ အသာလွှမ်းပေးထားလိုက်လေတော့သည်။

ထိုအခါကျမှပင် အေးအေးဆေးဆေးတွေး၍ ကြောက်လန့်တုန်လှုပ်ခွင့် ရလေတော့၏။ မြွေတစ်ကောင်၏ အေးစက်စက်၊ ပျော့စိစိသော အတွေ့အထိကား အနည်းငယ်မျှ စိတ်ချမ်းသာစရာကောင်းသော အတွေ့အထိ မဟုတ်ပါပေ။

သို့နှင့်ပင် ကြောက်စိတ်များ တဖြည်းဖြည်းငြိမ်သက်စပြုလာတော့သည်။ ထိုအခါမှ သူ့ဆရာမုဆိုးကြီးများဖြစ်သော လမုန်ထန်နှင့်ဇော်ကျန်းပြည့်တို့ ပြောပြသည်ကို မှတ်သားထားဖူးသော မြွေများအကြောင်းကို ပြန်၍သတိရလာလေသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် မြွေအား စတင်၍ တိုက်ခိုက်ရန်မူခြင်းမပြုပါက မြွေကလည်း ရန်မူခြင်းမရှိသည့်အပြင် တစ်ခါတစ်ရံ မိတ်ဆွေအဖြစ်ပင် ရရှိနိုင်ပါသေးသည် ဟူ၍ပင်။

သူ့ပေါင်ပေါ်ရှိ မြွေကြီးမှာ အသက်အတော်ကြီးသလို အတွေ့အကြုံ အတော်များပြား ရင့်ကျက်ဟန်ဟန် တူပါသည်။

စိတ်ရှုပ်ရှုပ်ထွေးထွေးနှင့်ပင် သူ့ဘာသာ တစ်ကိုယ်တည်းပြောသလို ပြောမိလေသည်။

"ကောင်းပါလေရဲ့ကွာ. .။ သဘာဝတရားကတော့ ငါ့ကို မြွေတစ်ကောင်နဲ့ ရဲဘော်ရဲဘက်ဖြစ်ဖို့ ဖန်တီးပေးလိုက်ပါပေါ့လား။ အခြေအနေကြည့်ပြီး လှုပ်ရှားရတော့မှာပဲ။ ရှေ့လျှောက် ဘာတွေဖြစ်ဦးမယ်ဆိုတာ စောင့်ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှာ တဖြည်းဖြည်းမှေးမှိန်လာတော့သည်။ မကြာမီ တွင်းထဲ၌ မှောင်အတိဖြစ်သွားလေတော့သည်။

မြွေကြီးသည် ငြိမ်သက်စွာပင်အိပ်ပျော်လျက်ရှိနေသည်။ မြွေကြီး၏ အေးစက်သောအရှိန် အထိအတွေ့နှင့် ကချင်ပြည်နယ်တောတောင် သဘာဝ၏ အအေးဒဏ်တို့ပါ ပေါင်းစပ်ပြီး မရမ်းနော်အဖို့ ရိုးတွင်းချဉ်ဆီထိအောင် စိမ့်သွားစေပါသည်။ ဤတစ်ညတာမှာ သူ့အတွက် တစ်နှစ်မျှ ကြာသည်ဟု ထင်မှတ်နေမိတော့သည်။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မြွေကြီးနိုးလာသည်နှင့် ခေါင်းကိုထောင်မတ်ကာ မုဆိုးလေးမရမ်းနော်၏မျက်နှာကို အချိန်အတော်ကြာအောင် စူးစိုက်၍ကြည့်နေပြန်ပါသည်။ ထို့နောက် ပါးစပ်ကြီးကို ဟ,၍ ရဝမ်မုဆိုးလေးမရမ်းနော်၏ မျက်နှာကို ကြမ်းတမ်းသောလျှာဖြင့် လျက်နေပြန်၏။

မုဆိုးလေးမရမ်းနော်မှာ ချောက်ချောက်ချားချားနှင့်ပင် ရှိစုမဲ့စု သတ္တိကလေးများကို စုစည်း၍ အရဲစွန့်ကာ မြွေကြီး၏ခေါင်းနှင့် လည်တံကို ပွတ်သပ်ပေးလိုက်သည်။ ထိုသို့သော ယုယကြင်နာမှုကပင် မြွေကြီး၏ စိတ်ကို ထိခိုက်သွားစေဟန် တူလေသည်။ မရမ်းနော်အား ညင်သာသိမ်မွေ့သောမျက်ဝန်းများဖြင့် ကြည့်နေလေသည်။ ထိုအခါ မုဆိုးလေးမရမ်းနော်၏ ကြောက်ရွံ့တုန်လှုပ်စိတ်တို့မှာ အရည်ပျော်ကျကုန်လေတော့သည်။

ထို့နောက် မြွေကြီးသည် သူ့ပေါင်ပေါ်မှ အသာလျောဆင်းသွားပြီး တွင်းထောင့်သို့သွားကာ ကျောက်တုံးဖြူဖြူကလေးအား လျှာဖြင့် အတန်ကြာ လျက်နေလေသည်။ နောင်တွင်လည်း ထိုကျောက်တုံးဖြူဖြူလေးအား မကြာခဏ လျှာဖြင့်လျက်နေသည်ကို တွေ့ရ၏။ သို့သော် မည်သို့သောကျောက်တုံးဖြစ်သည်ကိုမူ မရမ်းနော် မသိပေ။





နေ့လယ်ခင်းသို့ရောက်သောအခါ မြွေကြီးသည် သူ၏အမြီးပေါ်တွင်ထောက်ကာ နံရံပေါ်တွင် မှီကပ်၍ နံရံမှ တွားတက်၍ တွင်းထိပ်မှ အပြင်သို့ကြည့်လိုက်သည်။

မြွေကြီး၏ ရွေ့လျားနေသောကိုယ်ခန္ဓာပေါ်တွင် အမြီးအားကိုယ်ပေါ်တွင် ကိုယ်လုံးကို နံရံနှင့်ထောက်ကာ တွားတက်ပြီးမှ တွင်းထိပ်မှ အပြင်သို့ကြည့်လိုက်၏။

ထိုသည့်အခါ မြွေကြီးသည် သူ၏ဦးခေါင်းဖြင့် ပေါင်လုံးခန့်ရှိ ကျွန်းပင်ငယ်ပင်ခြေကို ရစ်ပတ်ကာ အောက်ပိုင်းကိုယ်ထည်တစ်ခုလုံးကို ဆွဲတင်လိုက်လေတော့သည်။

မြွေကြီးမရှိတော့သည့်အခါ မုဆိုးလေးမရမ်းနော်သည် ထိုင်ရာမှ ထ၍ တွင်းနှုတ်ခမ်းပေါ်သို့ ရောက်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားကြည့်နေတော့၏။ ရောက်ရန် အထပ်ထပ်အခါခါ ကြိုးစားသော်လည်း နောက်ဆုံး ပင်ပန်းနွမ်းနယ်ရုံသာ အဖတ်တင်ကျန်ခဲ့၏။ မတတ်သာသည့် အဆုံးတွင် စိတ်ဓာတ်ကျဆုံးကာ တွင်းထောင့်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး ချုံးပွဲချငိုကြွေးမိလေတော့သည်။

‘ငါ ဒီလိုပဲ ဒီနေရာမှာ သေရတော့မှာပါလား’

တွေးမိရင်းက ကလေးများကို သတိရကာ ယူကျုံးမရ ဖြစ်မိလေ၏။

မကြာမီမှာပင် တွင်းထိပ်မှ ပွတ်တိုက်သံကြားရသဖြင့် ကြည့်လိုက်ရာ ခေါင်းတစ်ကောင်ကိုက်ထားသော မြွေကြီး၏ခေါင်းကို မြင်ရလေသည်။ ထို့နောက် အမြီးဖြင့် ကျွန်းပင်ငယ်တွင် ရစ်ပတ်၍ ခေါင်းကို အောက်သို့ တဖြည်းဖြည်းလျောချလာလေသည်။ မြွေကြီးသည် ခေါင်းအား သူ့ရှေ့တွင်ချပေးပြီး ခေါင်းသေကိုတစ်လှည့်၊ သူ့ကိုတစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက်ရှိ၏။ မရမ်းနော်မှာ ဆာလောင်မွတ်သိပ်လျက်ရှိသော်လည်း ခေါင်းကိုမူ မတို့မထိ၊ မကိုင်ရဲပေ။ သူ့အစာအား လုစားသူအဖြစ် ရန်မူပါက အခက်တွေ့ခြိမ့်တော့မည်။ သို့သော် မြွေကြီးသည် ခေါင်းသေအနားသို့ပင်မကပ်ဘဲ သူ့ကိုတစ်လှည့်၊ ခေါင်းသေကိုတစ်လှည့် ကြည့်ပြီး မရမ်းနော်အား တစ်စုံတစ်ရာကို နားလည်သဘောပေါက်စေရန် ကြိုးစားနေသကဲ့သို့ ပြုမူလျက်ရှိနေလေသည်။

နောက်ဆုံးတွင် မရမ်းနော်သည် အရဲစွန့်၍ ခေါင်းသေပေါ်သို့ လက်တင်ကြည့်လိုက်သည်။ မြွေကြီး နည်းနည်းမျှ မလှုပ်မရှားသောအခါမှပင် စိတ်အေးသွားပီ၏။ တွင်းထဲရှိ လက်သန်းလုံးခန့်သစ်ကိုင်းခြောက်အနည်းငယ်နှင့် သစ်ရွက်ခြောက်များကို မီးရှို့၍ ခေါင်းကို အမွေးနုတ်ပြီး ကင်စားလိုသော်လည်း အိမ်ရှင်မကြိုက်မည်စိုးသည့်အတွက် မလုပ်ရဲပေ။ ထို့ကြောင့် အမွေးနုတ်ပြီးသားခေါင်းကို အစိမ်းအတိုင်း စားလိုက်ရလေတော့၏။

ညနေပိုင်းသို့ ရောက်သောအခါ မြွေကြီးသည် ထုံးစံအတိုင်း သူ့ပေါင်ပေါ်သို့တက်လာပြီး ခွေလိုက်ကာ အမြီးကမူ သူ့ခြေထောက်တွင် ပတ်ထားလိုက်သည်။ မကြာခင်မှာပင် မြွေကြီးအိပ်ပျော်သွားလေသည်။ နွေရာသီပင်ဖြစ်သော်လည်း ဒရူခတောင်ကြောတွင်မူ နှင်းဖုံးလျက် အေးစိမ့်လျက်ပင် ရှိနေပါသည်။ ဤသို့ဖြင့် မရမ်းနော်သည် မြွေမင်းသားအား နွေးထွေးစေရန် အိပ်ဖန်စောင့်အဖြစ် ကြီးမားသောတာဝန်ကြီးတစ်ရပ်အဖြစ် ဆောင်ရွက်နေရတော့၏။ ထိုစဉ်မှာပင် 'မြွေမွေးခါးပိုက် ပိုက်' ဟူသော စကားပုံကို သွား၍သတိရမိသည်။ မိနစ်တိုင်း၊ စက္ကန့်တိုင်း အန္တရာယ်ကို ရင်ခွင်ပိုက်ထားရသူတစ်ယောက်အတွက် စိတ်ဆင်းရဲဖွယ်ရာ ကောင်းလှပါဘိသည်။





နောက်တစ်နေ့တွင် မြွေကြီးသည် လုပ်ရိုးလုပ်စဉ်အတိုင်း တွင်းပေါ်သို့တက်ကာ နေပူစာလှုံနေသည်။ ထို့နောက် ပျောက်ကွယ်သွားပြီး မကြာမီ ရစ်တစ်ကောင်ကိုက်ချီလာပြီး သူ့ရှေ့တွင်ချကာ ပြန်ထွက်သွားလေသည်။ သို့နှင့်ပင် အသင့်ဆောင်ယူလာသော မီးခတ်ကျောက်နှင့် သစ်ကိုင်းငယ်ခြောက်၊ သစ်ရွက်ခြောက်ငယ်များကို မီးပုံရှို့လိုက်ပြီးမှ ရစ်ကို အမွေးနုတ်ပြီး ရင်ခွဲ၍ မီးကင်သည်။ လုံလောက်သောမီးအပူရှိန် မရသဖြင့် ရစ်ကင် မကျက်တကျက်ဖြစ်နေ၏။ သစ်ကိုင်းခြွေးခြောက်နှင့် သစ်ရွက်ခြောက်များလည်း မရှိတော့ပေ။

သို့သော် ဆာလောင်မွတ်သိပ်လွန်းသော မုဆိုးအတွက် အသားစိမ်းပင်ဖြစ်စေ အကျဉ်းအကျပ်တွေ့သောအခါ စားနိုင်ရမည်ဟု သူ့ဆရာဝါရင့်မုဆိုးကြီးလမုန့်ထန် သွန်သင်ချက်အရ ရစ်တစ်ကောင်လုံးကို စားလိုက်လေသည်။ ပြီးမှ ရေငတ်သောဝေဒနာကို အပြင်းအထန်ခံစားရလေတော့၏။ ရေဆာလောင်လွန်းသဖြင့် အာခေါင်များကွဲကာ သတိလစ်မတတ်ပင် ခံစားရလေသည်။

ညနေစောင်းတွင် မြွေကြီးပြန်လာသောအခါ အစာပါမလာသည်ကို တွေ့ရသည်။ သူမစားဘဲ ချန်ထားသော အူ၊ အသည်း၊ ခေါင်းလည်းပင်းရှိ၊ ခြေထောက်တို့ကို ချပေးလိုက်ရာ တစ်လုတ်တည်းနှင့်ပင် အားလုံးကိုမျိုချလိုက်သည်။

မြွေအစာစားရာတွင် ခွေးမျှား၊ ဝံပုလွေများနှင့် မတူပေ၊ မျိုချလိုက်သော အစာများကို တစိမ့်စိမ့်စုပ်နေတတ်သည်။

ဤသို့ဖြင့် ရဝမ်မုဆိုးလေးမရမ်းနော်နှင့် မြွေကြီးသည် ရင်းနှီးလှသော ငယ်ပေါင်းမိတ်ဆွေရင်းချာများကဲ့သို့ ဖြစ်သွားကြတော့၏။ ထို့နောက် မြွေကြီးသည် တွင်းထောင့်သို့သွားပြီး ကျောက်တုံးဖြူဖြူအား



www.burmeseclassic.com

www.burmeseclassic.com



လျှာဖြင့်လျက်လိုက်၊ သူ့ကိုကြည့်လိုက်နှင့် သူလုပ်သကဲ့သို့ လိုက်လုပ်ရန် တိုက်တွန်းနေသယောင် ပြုလေသည်။ သို့နှင့်ပင် ကျောက်တုံးရှိရာသို့ ထသွားကာ ကောက်ယူပြီး မြွေကြီးလျှာနှင့်မထိသောနေရာကို လျှာဖြင့် တို့ကြည့်သည်။ ထိုအခါမှပင် ဝါရင့်မုဆိုးကြီးများ ပြောစကားကို သတိရမိ၏။

သားကောင်များနောက်သို့လိုက်သော မုဆိုးတိုင်းသည် ဖြတ်သန်းရသော တောတောင်ရေမြေသဘာဝအရ အချို့သောတောတောင်များတွင် ရေကို ရုတ်တရက် ရှာဖွေမရနိုင် ဖြစ်တတ်သည်။ ထိုအခါ မုဆိုးကြီးများသည် ကျောက်တုံးတစ်မျိုးကို အမြဲဆောင်ထားကြပြီး သောက်ရန် ရေ ရုတ်တရက်ရှာဖွေမတွေ့ခဲ့သော် ထိုကျောက်တုံးကို ပါးစပ်တွင်ထည့်၍ ငုံထားကြရသည်။ ထိုကျောက်တုံးသည် ရေငတ်သောဝေဒနာကို ပျောက်ကင်းစေလေသည်။

မရမ်းနော်သည် ကျောက်တုံးကို ပါးစပ်ဖြင့်စုပ်ကြည့်ရာ အံ့ဩစရာကောင်းလောက်အောင် ရေငတ်ပြေစေသည်ကို တွေ့ရသည်။ ဤသို့ ရေငတ်ပြေစေသော သတ္တိထူးသည် အဘယ့်ကြောင့် ကျောက်တုံးတွင် ရှိနေသည်ကို မရမ်းနော်စဉ်းစား၍မရပေ။

သို့နှင့်ပင် တွင်းထဲ၌ နောက်သုံးရက်ကုန်ဆုံးသွားခဲ့ပြန်ပါသည်။ နောက်ဆုံး ဆာလောင်မွတ်သိပ်ခြင်းနှင့် ရေငတ်သောဝေဒနာမှာ မခံမရပ်နိုင်လောက်အောင် ပြင်းပြစွာခံစားရတော့သည်။ အားအင်များကုန်ခန်းလျက် မတ်တတ်ပင် ကောင်းစွာမရပ်နိုင်တော့ပေ။

နောက်တစ်နေ့နံနက်တွင်မူ မြွေကြီးသည် ခါတိုင်းကဲ့သို့ အပေါ်တက်၍နေစာလှုံခြင်း မပြုတော့ဘဲ မရမ်းနော်၏တစ်ကိုယ်လုံးအား ရစ်ပတ်ထားလေသည်။ သူ၏နွေးသောကိုယ်ခန္ဓာအား ပို၍သဘောကျဟန်





တူပါသည်။

ရုတ်တရက် စွန်တစ်ကောင်၏ရန်မှ ကြောက်အားလန့်အားပြေးလွှားရင်း ငှက်တစ်ကောင် တွင်းထဲသို့ ခုန်ဆင်းလာ၏။ သူနှင့်မြွေကြီးအား မြင်သောအခါ ပျံပြေးရန် ကြိုးစားသော်လည်း မြွေကြီး၏ ညို့စာတတ်ပါသောမျက်လုံးဒဏ်ကြောင့် မလှုပ်မရှားနိုင်အောင် ဖြစ်နေသည်။

မြွေတစ်ကောင်၏ စူးရှသောမျက်လုံးအောက်မှ မည်သည့်ငှက်မျှ ရှေ့လျားခြင်းပြုပံ့ကြမည်မဟုတ်ပေ။

မြွေကြီးသည် ငှက်မျက်စိတည့်တည့်သို့ စိုက်ကြည့်လျက်ရှိရာ လေငန်းဖမ်းသူကဲ့သို့ တစ်ကိုယ်လုံးတုန်နေလေသည်။ ထိုသို့ စူးစိုက်ကြည့်နေရာမှ တဖြည်းဖြည်း ငှက်၏လည်တံကို ဖမ်း၍ငုံလိုက်ပြီး မရမ်းနော်ထံသို့ ယူလာပေး၏။

ငှက်ကို အမွေးနုတ်ပြီး နှစ်ခြမ်းခွဲကာ တစ်ခြမ်းကို မြွေကြီး၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်ရာ မြွေကြီးသည် အရူး အသည်းများပါမကျန် မျိုချလိုက်လေသည်။ ထို့နောက် ကျောက်တုံးဖြူဖြူကို လျက်နေသည်။

ရဝမ်မုဆိုးလေး မရမ်းနော်သည် ငှက်တစ်ခြမ်းကို အစိမ်းလိုက်စားပြီးသောအခါ ရေငတ်ခြင်းဝေဒနာကို ရင်ဆိုင်ရပြန်သည်။ လျှာများခြောက်သွေ့လျက် လည်ချောင်းတွင် ပူပြင်းလှသောဝေဒနာကို မချိမဆံ့ခံစားရတော့သည်။ သတိလစ်မတတ်ဖြစ်ပြီး နာကျင်စွာညည်းညူရင်း တွင်းနံရံကို သေနတ်ပြောင်းဖြင့် ထိုးဆွနေမိလေသည်။

ကယောင်ချောက်ချားဖြစ်နေရကား အပေါ်သို့ချက်ချင်းရောက်တော့မည့်အတိုင်း နံရံများပေါ်သို့ ခုန်၍တက်နေလေရာ မြေပေါ်သို့ တဖန်ပြုတ်ပြန်ကျလာပြီး မောပန်းခြင်းသာ အဖတ်တင်လေတော့၏။

သူ့အပြုအမူများကို အံ့ဩသောဟန်ဖြင့် မြွေကြီးကြည့်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံးတွင် သူတွင်းပေါ်သို့ရောက်လိုကြောင်း နားလည်သွား ဟန်တူလေသည်။ သို့နှင့်ပင် မြွေကြီးသည် နံရံပေါ်မှ တွင်းပေါ်သို့ အမြီး ထောက်၍တက်သွားပြီး ခေါင်းဖြင့် ကျွန်းပင်ငယ်ပင်ခြေကို ပတ်လိုက်၏။ ပြီးမှ သူ၏အမြီးအား တွဲလောင်းချထားလိုက်သည်။

မြွေကြီး အဘယ့်ကြောင့် ဤသို့သောအပြုအမူမျိုး ပြုသည်ကို ရဝမ်မုဆိုးလေးမရမ်းနော် သဘောမပေါက်သဖြင့် အံ့သြငေးမော၍သာ ကြည့်နေမိ၏။

အချိန်အတော်ကြာသောအခါ အကြောင်းတစ်စုံတစ်ရာ ထူး မလာသဖြင့် မြွေကြီးသည် သူ၏အမြီးကို ဆွဲတင်လိုက်ပြီး ခေါင်းကြီးက အောက်သို့ပြန်ကျလာပြီး မုဆိုးလေးမရမ်းနော်အား မေးခွန်းထုတ်လိုဟန် ဖြင့် ကြည့်နေသည်။

ထို့နောက် ယခင်အတိုင်း ခေါင်းပိုင်းဖြင့် ကျွန်းပင်ငယ်ကိုပတ် ကာ အမြီးအား အောက်သို့ချပေးပြန်သည်။ မုဆိုးလေးမရမ်းနော်၏ ခေါင်းအထက်တွင် တွဲလဲကျလျက်ရှိသော မြွေအမြီးမှာ ဆင်နှာမောင်းနှင့် ပင် တူနေသေးတော့၏။

အင်အားကြီးမားလှသော မြွေကြီးများအကြောင်းကို သူ့ဆရာ မုဆိုးကြီးများထံမှ မကြာခဏ ကြားဖူးနေသည်။ သို့သော် သူ မြွေကြီး၏ အမြီးအား ဆွဲလိုက်ပါက နာသွားလေမလားဟုတွေးပြီး မဝံ့မရဲဖြစ်နေ သည်။

သူမတတ်နိုင်တော့ပါ။ ဒေါသဖြစ်၍ ပေါက်သတ်လို့ သေလည်း ဘဝတစ်ခုချုပ်ငြိမ်းတာပါပဲဟုတွေးကာ မြွေကြီး၏အမြီးကို လက်နှစ်ဖက် ဖြင့် ဆွဲလိုက်သည်။ ထိုအခါ မြွေကြီးသည် သူ့ကိုယ်လုံးကြွက်သားများကို တောင့်လိုက်ရာ သံချောင်းတမျှ မာကျောလာပြီး အပေါ်သို့ဆွဲတင်လိုက်





တော့သည်။

နာရီပေါင်းများစွာ ငရဲပြည်၌ နေခဲ့ရပြီးမှ ဩကာသလောက ကြီးကို ပြန်၍တွေ့ရသောအခါ သူသည် ဘဝသစ်တစ်ခုသို့ ရောက်နေမိ သလားဟု ထင်မှတ်ရသည်။ သူချစ်မြတ်နိုးလှသော အဝေးမှ တောင်ယာ ခင်းများနှင့် မလိခမြစ်ရေပြင်ကို အတော်ကြာကြာ စိုက်၍ကြည့်နေမိ၏။ ထို့နောက် ငြိမ်သက်အေးချမ်းစွာ ကျောက်ဆောင်၊ ကျောက်ကမ်းပါး၊ ကျောက်ဆွယ်များကို ရစ်ပတ်ကွေ့ကောက်စီးဆင်းနေသော မလိခမြစ်နှင့် မြစ်ဆုံရွာမှ ကောင်းကင်သို့ထိုးတက်နေသော မီးခိုးများနှင့် ရေနွေးရေငွေ့ များ. . ။

ထိုမြင်ကွင်းများက သူ့အား ကလေးငယ်တစ်ယောက်ကဲ့သို့ ရွှင်မြူးစေရန် ဖန်တီးပေးလျက်ရှိနေ၏။

ရဝမ်မုဆိုးလေး မရမ်းနော်သည် ကယ်တင်ရှင်မြွေကြီးအား လက်မောင်းဖြင့် သိမ်းကျုံးသိုင်းဖက်ကာ ကလေးငယ်တစ်ယောက်ကဲ့သို့ အော်ဟစ်နေမိပြန်သည်။

သို့သော် ဆာလောင်ခြင်းနှင့် ရေငတ်ခြင်းတို့ကြောင့် သူ့ခေါင်း ထဲတွင် တစီစီမြည်လျက်ရှိသည်။ ဟိုယိမ်းသည်ယိုင်ဖြင့် မလှမ်းချင်လှမ်း ချင်နှင့် မြစ်ဆုံရွာရှိရာသို့ ဦးတည်၍ လျှောက်လာခဲ့ရာ မြွေကြီးသည် ဦးခေါင်းကို အပေါ်သို့ထောင်ရင်း မြက်ခင်းထဲမှ သူ့နောက်သို့ လိုက်လာ လေ၏။

လမ်းတွင် ဝါးရုံပင်အောက်တွင် ရစ်တစ်အုပ်ကို တွေ့သဖြင့် မရမ်းနော်သည် သူ၏နှစ်လုံးပြူးသေနတ်နှင့် ပစ်လိုက်သောအခါ မြွေ ကြီးသည် လန့်ပြီး ခုန်လိုက်လေသည်။ ထို့နောက် မြွေကြီးမျက်လုံးမှာ ဒေါသဖြင့် တောက်ပြောင်စူးရှလျက်ရှိသည်။ သို့သော် ခြောက်လုံးကျည်ဖူး

www.burmeseclassic.com



ထိမှန်သွားသော ရစ်သေသုံးကောင်ကို ကောက်၍ သူ့ရှေ့သို့ ပစ်ချပေးလိုက်သောအခါ ငြိမ်သက်သွား၏။ ရစ်သုံးကောင်ကို တစ်ကောင်ပြီး တစ်ကောင် ဆက်တိုက်မျိုချလိုက်ရာ လည်ချောင်းတွင် ဖောင်းလာပြီး တဖြည်းဖြည်း အဲထဲသို့ဝင်သွားသော ရစ်သေများကို အပြင်မှ အတိုင်းသား မြင်နေရလေသည်။

ဤသို့ဖြင့် တောတွင်းမုဆိုး မိတ်ဆွေနှစ်ယောက် တရွေ့ရွေ့ ရွာစည်းရိုးနားသို့ ရောက်လာကြလေသည်။ မှောင်ရီသန်းလျက်ပြုပြီဖြစ်သည်။ စားကျက်မှ သွင်းလာသော ကျွဲ၊ နွားများ၏ အော်သံများ၊ အိမ်ခေါင်မိုးများမှ ထိုးတက်ပျံ့လွင့်နေသော မီးခိုးများ၊ ခွေးဟောင်သံများက သူတို့အား ဆီးကြိုနေလေသည်။ သူ့မိတ်ဆွေ မြွေကြီးသည် ဆက်၍ မလိုက်တော့ဘဲ နောက်ချန်၍ နေခဲ့သည်။

မြစ်ဆုံရွာထဲသို့ဝင်သောအခါ မုဆိုးလေးမရမ်းနော်သည် နောက်သို့လှည့်ကြည့်လိုက်ရာ တောစပ် ယာခင်း ပြောင်းပင်များကြားမှ သူ့အား ခေါင်းထောင်၍ မျက်စိတစ်ဆုံးလိုက်၍ကြည့်နေသော မြွေကြီးကို တွေ့ရသဖြင့် မရမ်းနော်မှာ လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် စိတ်မကောင်းဖြစ်မိလေသည်။

အိမ်သို့ရောက်သောအခါ ဇနီးနှင့် သားသမီးများက ဝမ်းသာအားရဖြစ်ကြသည်မှာ ပြောဖွယ်ရာမရှိပေ။ တစ်အိမ်လုံး ကျွက်ကျွက်ဆူညံလျက်ရှိတော့သည်။ တစ်ရွာလုံးမှ လာရောက်မေးမြန်းကြသည်မှာလည်း အိမ်လုံးပြည့်၊ ခြံဝင်းပြည့်မျှ ဖြစ်သည်။ တစ်ရွာလုံးက သူ့အား လူသားစားကျားနှင့်တွေ့ကာ ဘဝဇာတ်သိမ်းပြီဟုထင်ကာ တောနင်းရှာခဲ့ကြသေးကြောင်း ပြန်ပြောပြ၏။

သူ့အဖြစ်အပျက်အား အစမှ အဆုံးတိုင် ကြားရသောအခါ





လူသားတို့၏ ထာဝရရန်သူအဖြစ် သတ်မှတ်ခြင်းခံရသော မြွေများအပေါ်တွင် သနားကြင်နာစရာကောင်းသော သတ္တဝါများအဖြစ် စိတ်ပြောင်းကုန်ကြလေတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ‹၂›

အချိန်ကာလတို့သည် နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ပင် ရောက်ခဲ့ချေပြီ။

ယနေ့သည် အခါတိုင်းနေ့များထက် ပို၍အအေးလွန်ကဲသော နေ့တစ်နေ့ဖြစ်၏။ လှုတိုင်းသည် မီးလင်းဖိုဘေးတွင်ထိုင်ရင်း ဖန်ခါးရည် သောက်၍ အအေးဒဏ်မှ ကာကွယ်နေကြရ၏။ အိမ်မွေးတိရစ္ဆာန်ငယ် ကလေးများသည် အအေးဒဏ်မှ သက်သာရာရစေရန်အတွက် အိမ် အောက်များတွင် တစ်ကောင်နှင့်တစ်ကောင် ပူးကပ်၍အောင်းနေကြသည်။

ရုတ်တရက် ဆူညံသောအော်ဟစ်သံများ ကြားရသဖြင့် ထွက် ကြည့်လိုက်ရာ ရွာသူရွာသားများနှင့် ကလေးများကို ရွာလယ်လမ်းပေါ် တွင် တွေ့ရသည်။ လူအုပ်၏ရှေ့တွင်ကား တိဘက်လူမျိုးကဲ့သို့ ဝတ်ဆင် ထားသော လူစိမ်းငည်သည်လေးယောက်ကို တွေ့ရ၏။ လေးယောက် အနက် တစ်ယောက်မှာ ကျောက်စိမ်းပုလွေတစ်ချောင်းကိုမှုတ်နေပြီး





တစ်ယောက်က သားရေကျက်ပုံတိုတစ်လုံးကို ပခုံးတွင်လွယ်သိုင်းရင်း တီးလာ၏။ ကျန်နှစ်ယောက်မှာ ရောင်စုံခြယ်ထားသော သေတ္တာများနှင့် မြွေများနှင့်ပြည့်ကျပ်လျက်ရှိသော လှောင်အိမ်တစ်လုံးကို မြည်းတစ် ကောင်ပေါ်တင်ရင်း ဆွဲလာ၏။

ရွာလယ်ကွက်လပ်ရှိ ညည့်ဆောင်တဲကြီးသို့ ရောက်သောအခါ အထုပ်အပိုးများကိုချပြီးနောက် မြည်း၏ဘေးတွင် အလိပ်လိုက်ကပ်ချည် ထားသော ရောင်စုံကော်ဇောများကို ဖြန့်ခင်းလိုက်၏။ ပြီးမှ မြည်း၏ ဘေးမှ သေတ္တာလှောင်အိမ်ကိုချပြီး ဖွင့်လိုက်သောအခါ အဆိပ်ပြင်းလှ သော တောကြီးမြွေဟောက်များ၊ ငန်းစောင်းများနှင့် အခြားအရောင် အမျိုးမျိုးရှိသော မြွေအထွေးလိုက်၊ အလုံးလိုက် ကော်ဇောပေါ်သို့ ဆင်း လာကြလေသည်။ အမျိုးသမီးများ လန့်အော်ဟစ်ကြ၏။ ကလေးများကမူ ပျော်လွန်း၍ ခုန်ပေါက်မြူးတူးလျက်ရှိသည်။ ရောင်စုံကော်ဇောပေါ်တွင် မြွေရောင်စုံများသည် တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်လျက်ရှိနေကြ၏။

မြွေဖမ်းမုဆိုးများပင် ဖြစ်ပါသည်။

ကျောက်စိမ်းပုလွေသံနှင့် ပုံသံကို ကြားလိုက်သည်နှင့်တစ်ပြိုင် နက် မြွေများသည် သူတို့၏အမြီးများပေါ်တွင် ခေါင်းနှင့်ကိုယ်ကိုထောင် လျက် ဟိုမှ၊ သည်မှ ယိမ်းလျက်ရှိရာ မြွေသဘင်သည်များနှင့်ပင် တူနေ ပေသေးသည်။

ထိုစဉ် မြွေဖမ်းမုဆိုးတစ်ယောက်သည် မြွေများကိုကောက်ကိုင်၍ ရင်ဘတ်ပေါ်သို့တင်လိုက်ရာ မြွေသည် ဝတ်ရုံအင်္ကျီအောက်တွင် ပျောက် ကွယ်သွားပြီးမှတစ်ဖန် အင်္ကျီရှေ့ပေါက်မှလည်းကောင်း၊ လည်ပင်း ကုပ် ကော်လာကြားမှလည်းကောင်း၊ အင်္ကျီလက်ထဲမှလည်းကောင်း ထွက်လာ ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဆိပ်အလွန်ပြင်းလှသော တောကြီးမြွေဟောက်တစ်ကောင်ကို ကောက်ယူပြီး မြွေခေါင်းအား ပါးစပ်ထဲထည့်ကာ ငုံပြလိုက်လေသည်။ မြွေမှဆိုးဆရာ တိဘက်ကြီးမှာ သူ မြွေကိုငုံရင်း ပြုံး၍ ပြလိုက်၏။ ကြည့်နေကြသော ပရိသတ်များထဲမှ လီဆူးအမျိုးသားတစ်ယောက်က..

"အလကားပါကွာ..။ ဒီမြွေတွေမှာ အဆိပ်ရှိမှာ မဟုတ်ပါဘူး။ အစွယ်ချိုးထားတာ ဖြစ်လိမ့်မယ်ကွ။ ဒါကြောင့် ပါးစပ်ထဲငုံပြရဲတာပေါ့။ ဒီလိုမြွေမျိုးတော့ ငါ့အဘိုးတောင် ခဏခဏငုံပြသေးတယ်"

ထိုစကားကို မြွေဖမ်းမှဆိုး တိဘက်ကြီး ကြားသွားသဖြင့် လီဆူးအမျိုးသားကြီးဘက်သို့လှည့်၍..

"ကဲ..ဒါဖြင့် ကောင်းပြီ။ မင်းစိတ်ထဲမှာ ဒီမြွေတွေ အဆိပ်မရှိဘူးလို့ထင်ရင် ကြက်တစ်ကောင်ယူလာခဲ့ပါ။ အဆိပ်ရှိ၊ မရှိ သိရပါလိမ့်မယ်"

ပါးစပ်သော့မိသူ လီဆူးကြီးမှာ သူ့စကားနှင့် သူမိနေသဖြင့် မတတ်သာတော့ဘဲ ကြက်ဖတစ်ကောင် ယူလာရ၏။ တိဘက်ကြီးက ယူ၍ မြွေရှေ့သို့ ချပေးလိုက်လေသည်။

ကြက်ဖကိုမြင်သောအခါ တောကြီးမြွေဟောက်သည် ပါးပျဉ်းထောင်၍ တောက်ပစူးရှသောမျက်လုံးဖြင့် ကြည့်နေ၏။ မာန်ထကာ မျက်လုံးများနီလာပြီး တရှီးရှီးဖြင့် အသံပြုသည်။ ထို့နောက် ပါးပျဉ်းကိုလွှဲ၍ ကြက်ခေါင်းအားပေါက်လိုက်သည်။ ကြက်ခေါင်းမှ သွေးစက်ကလေးတစ်စက် ကျလာသည်။ ပေါက်သောဒဏ်ရာမှာ သေးငယ်လှသော်လည်း အဆိပ်ပြင်းလွန်းရကား ကြက်တစ်ကောင်လုံး ဖူးရောင်လာတော့သည်။ ချက်ချင်း လူအများရှေ့မှာပင် ဆန့်ငင်ဆန့်ငင်ဖြစ်လျက် အသက်ထွက်





သွားလေတော့၏။

မြွေဖမ်းမှဆိုး တိဘက်ကြီးက မြွေများကိုသိမ်းရင်းက..

"ဒီကြက်ကို ခွေးတွေမစားနိုင်အောင် တွင်းနက်နက်တူးပြီး မြှုပ်လိုက်ပါ။ ခင်ဗျားတို့မြစ်ဆုံရွာမှာ မြွေကိုက်ခံရတဲ့သူတွေရှိရင် ပြောပါ။ ကျုပ်တို့မှာ ခရီးဆက်စရာတွေ ရှိပါသေးတယ်"

"တို့မြစ်ဆုံမှာ မြွေအတွက်နဲ့ ဒုက္ခရောက်တဲ့သူ မရှိတော့ဘူး။ တို့မှာ မိတ်ဆွေ မြွေကြီးတစ်ကောင်ရှိတယ်"

ရဝမ်အဘိုးကြီးတစ်ယောက်က ဝင်ပြောလိုက်သည်။

မြွေမှဆိုး တိဘက်ကြီးက ခနဲ့သံဖြင့်..

"လောကမှာ လူတွေကို ခိုးကျိုးမပေးဘဲ ကောင်းကျိုးပေးတတ်တဲ့ မြွေရယ်လို့ ရှိသေးလို့လားဗျာ"

"ကျုပ်အိမ်ဘေးက မှဆိုးမရမ်းနော်ဟာ ရောမမြွေကြီးတစ်ကောင်က သူ့အသက်ကို ကယ်တင်ပေးခဲ့ဖူးတယ်ဗျ"

မုဆိုးလေးမရမ်းနော်၏သူငယ်ချင်း ဇော်ဂမ်းက ပြန်ဖြေ၏။ ထိုအခါ မြွေမှဆိုး တိဘက်ကြီးသည် အံ့ဩသံဖြင့်..

"ခင်ဗျားတို့ တကယ်ပြောနေကြတာလား"

ထိုအခါ ရွာသားများက မုဆိုးမရမ်းနော် တောပစ်သွားရင်းက ကြုံခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်များကို အစမှ အဆုံးတိုင် ဇာတ်ကြောင်းပြန်၍ ပြောပြလိုက်လေသည်။ ယခုလည်း မကြာမကြာ တောပစ်ထွက်ရင်း ထိုမြွေကြီးကို သွားသွားတွေ့လေ့ရှိပြီး ရခဲ့သည့်သားကောင်ငယ်များကို မြွေကြီးအား ကျွေးလေ့ရှိကြောင်း။ သူသားကောင်ထမ်းပြီး ရွာပြန်လာလျှင်လည်း ထိုမြွေကြီးက ရွာအပြင် တောင်ယာခင်းအစွန်ထိ လိုက်ပို့လေ့ရှိကြောင်း ပြောပြလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြေဖမ်းမုဆိုး တိဘက်ကြီး၏ မျက်လုံးများကား ကြွက်တွေ့သောကြောင်ကဲ့သို့ လောဘရမ္မက်တို့ဖြင့် တောက်ပြောင်၍လာသည်။ ထို့နောက် မုဆိုးမရမ်းနော်ထံသို့သွား၍ တောင်းပန်ကြလေတော့၏။

"မိတ်ဆွေကြီး မရမ်းနော်..။ ဒီမြွေကြီးနေရာကို ကျွန်တော်တို့ကို ပြပေးပါလားဗျာ။ ကျွန်တော်တို့ တရုတ်ပြည်ကိုယူသွားပြီး ယူနန်ပြည်နယ်မှာသာ ပြလိုက်ရရင် လူတွေအတွက် အထူးအဆန်းဖြစ်ကုန်ကြမှာပါပဲ"

"ဒီအလုပ်ဟာ ရိုးသားတဲ့အလုပ် မဟုတ်ဘူးဗျ။ ကျွန်တော်လိုက်လည်းမပြနိုင်ဘူး"

"ဒီလိုတော့မလုပ်ပါနဲ့ မိတ်ဆွေမုဆိုးကြီးရယ်..။ ဒီအလုပ်ဟာခင်ဗျားအဖို့ ပြပေးလို့လည်း မရိုးသားတဲ့အလုပ် မဟုတ်ပါဘူး။ ခင်ဗျားရဲ့မြွေကြီးကို နွေးထွေးနူးညံ့တဲ့ ကျွန်တော်တို့တိဘက်ဖဲကတ္တီပါတွေနဲ့ ထားမှာပါ။ နောက်..သူ့ကို သိပ်ကောင်းတဲ့အစားအသောက်တွေကိုသာ ကျွေးပါမယ်။ ခင်ဗျားမြွေကြီးဟာ အမြဲတမ်း အေးစိမ့်တဲ့တွင်းထဲမှာ နေနေရတာမဟုတ်လား။ ဒါကြောင့် ခင်ဗျားမြွေကြီးကို အမြဲတမ်း နွေးထွေးပြီးသက်သောင့်သက်သာနေရပါစေ့မယ်ဗျာ။ ကျွန်တော်တို့ ကတိပေးပါတယ်။ နောက်ပြီး အခု ခင်ဗျားကိုင်နေတဲ့သေနတ်က နှစ်လုံးပြူးပဲ။ အမဲကြီးတွေကိုပစ်လို့ ဘယ်စိတ်ချရမလဲ။ ကျွန်တော်တို့က ခင်ဗျား အမဲကြီးတွေပစ်နိုင်တဲ့ သေနတ်ကောင်းတစ်လက်နဲ့ ကျည်ဆန်တွေရယ်၊ ငွေနှစ်သောင်းကိုပါ ထပ်ပေးပါဦးမယ်"

"ခင်ဗျားတို့ ကြင်နာသနားစိတ် မွေးကြပါဗျာ။ ကျွန်တော့်ကိုမကောင်းမှုလုပ်ဖို့ ခင်ဗျားတို့တိုက်တွန်းနေတာမဟုတ်လား။ ဘုရားသခင်မကြိုက်တဲ့အလုပ်ကို ကျွန်တော်မလုပ်နိုင်ဘူး"





"ခင်ဗျားကိုယ်တိုင်ဖမ်းပေးရမှာမှ မဟုတ်တဲ့ ကိုမရမ်းနော်ရယ်။ ခင်ဗျား နေရာလေးပြပေးရုံနဲ့ အပြစ်မရှိပါဘူး။ ဘုရားသခင်က ဒါမျိုးကို အပြစ်တစ်ခုလို့ မယူပါဘူး။ ကျွန်တော်တို့ဘာသာ ရအောင်ဖမ်းယူပါ့မယ်"

ပြောပြောဆိုဆိုနှင့် မြေဖမ်းမုဆိုး တိဘက်ကြီးသည် မြည်းကျောပေါ်တွင် ဟိုဘက်သည်ဘက်ခွတင်ထားသော ဒီတ်ရှည်ကြီးအတွင်းမှ တိုက်ချွတ်ထားသဖြင့် ပြောင်လက်နေသော ရိုင်ဖယ်တစ်လက်နှင့် ကျည်ကတ်နှစ်ခု၊ ကျည်ဆန်ဘူးနှစ်ဘူးကိုပါ ထုတ်ယူလာပြီး မရမ်းနော်လက်ထဲသို့ ထိုးထည့်ပေးရင်းက..

"ဒီသေနတ်ဟာ မိုရင် ၄၀၅ ဝင်ချက်စတာသေနတ်လို့ ခေါ်တယ်။ အမဲကြီးတွေပစ်လို့ သိပ်ကောင်းပေ့ဗျာ။ ခင်ဗျားရဲ့ မုဆိုးဘဝသက်တမ်းတစ်လျှောက်လုံး အသုံးဝင်မယ့် သေနတ်တစ်လက်ကို ကျွန်တော်ပေးပါတယ်။ ပိုက်ဆံလည်း ထပ်ပေးပါ့မယ် ကိုမရမ်းနော်။ ခင်ဗျားက နေရာလေးတင် ပြပေးပါ"

မုဆိုးမရမ်းနော်သည် ဝင်ချက်စတာသေနတ်ကို နှစ်သက်စွာကိုင်တွယ်ပွတ်သပ်ကြည့်ရင်းက သူ၏မိတ်ဆွေရင်းချာလည်းဟုတ်သလို အသက်သခင်ကျေးဇူးရှင်လည်းဖြစ်သော မြွေကြီးရှိရာသို့ ပြရန် သဘောတူလိုက်လေတော့၏။

အကြံပက်စက်လှန်းသောမုဆိုး။ စည်းမရှိသောမုဆိုးပင် ဖြစ်၏။

မြေဖမ်းမုဆိုး တိဘက်များမှာ ကျေနပ်ရွှင်မြူးနေကြလျက် မြွေကြီးရှိရာသို့ စတင်ထွက်လာကြလေသည်။ မြွေကြီးနေထိုင်ရာတွင်းနှင့် နီးလာလေလေ၊ စိတ်မကောင်းဖြစ်လေနှင့် မုဆိုးမရမ်းနော်အား အသိတစ်ခုက ခြိမ်းခြောက်လျက်ရှိသည်။

သူလိုမုဆိုးတစ်ယောက်အဖို့ သေနတ်ကောင်းတစ်လက်လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာလည်း အမှန်ဖြစ်ပါ၏။ ယခု သူရရှိသော သေနတ်အမျိုးအစားသည် သူ့ဘဝတွင် အိပ်မက်ပင်မမက်ခဲ့ဖူးပေ။ ဝယ်ယူရန်မှာလည်း သူ့အဖို့ ငွေကြေးမတတ်နိုင်ပါ။ အကယ်၍ ငွေကြေးတတ်နိုင်သည်ဆိုစေဦး။ ဝယ်ယူရန် လွယ်ကူချောမောမည်ကား မဟုတ်သည်ကို သူသိနေ၏။ သူ့အဖို့ သေနတ်ကောင်းတစ်လက်ကို တပ်မက်စရာလည်းကောင်းပါ၏။ ငွေကြေးလည်း ထိုက်သင့်သလောက်ထပ်မံရရှိခဲ့သည့်အတွက်လည်း လူတစ်ယောက်အား သစ္စာမဲ့သူ၊ ကျေးဇူးတရားမသိတတ်သူတစ်ယောက်ဖြစ်စေခဲ့သည်ပဲ မဟုတ်ပါလား။ နောက်ဆုံး အလိုလောဘရမ္မက်စိတ်ဖြင့် မြေ့တွေး တွေးလိုက်လေသည်။

"အို. . ကိစ္စမရှိတန်ကောင်းပါဘူး။ မြွေဆိုတာ ဘာအသိဉာဏ်ရှိတာမှတ်လို့။ ငါ သူ့အပေါ်မှာ သစ္စာမဲ့တယ်ဆိုပြီး ဒီတိရစ္ဆာန်ကရော ဒီမှာတဲ့လား။ နောက်ပြီး လူတစ်ယောက်ဆိုလည်း မျက်နှာပူဖို့ကောင်းသေးရဲ့"

သို့နှင့်ပင် မြွေကြီးနေထိုင်ရာ တွင်းရှိရာသို့ ရောက်လာကြလေသည်။ မုဆိုးမရမ်းနော်သည် ဘေးသို့အသာဖယ်နေလိုက်၏။ မြွေကြီးကား သူ့နေရာတွင်ပင် ရှိနေပါသည်။

မြွေဖမ်းမုဆိုးတစ်ယောက်သည် ရောင်စုံကော်ဇောတစ်ချပ်ကို ဖြန့်၍ တွင်းထဲသို့ချလိုက်ရာ နေရောင်တွင် အရောင်မျိုးစုံတောက်ပကာ လှပဆန်းကြယ်နေသည်။ မုဆိုးမရမ်းနော်သည် ချုံကွယ်မှကြည့်လိုက်ရာ ကျိန်စာသင့်နေသူတစ်ယောက်ကဲ့သို့ မြွေကြီးသည် တောက်ပြောင်လှပသော ကော်ဇောအား ငေးစိုက်ကြည့်နေသည်ကို တွေ့ရသည်။

ထိုသို့မြင်ရသောအခါ မုဆိုးမရမ်းနော်၏စိတ်ထဲတွင် ရန်သူများဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံနေရသည့် အစ်ကိုတစ်ယောက်၏အဖြစ်ကို





မြင်ရသော ညီငယ်တစ်ယောက်သဖွယ် နာကျင်ကြေကွဲသောဝေဒနာကို ခံစားရလေသည်။

မြွေဖမ်းမုဆိုးတစ်ယောက်သည် မန္တန်လိုလို ဂါထာတစ်ပုဒ်ကို ခေါင်းလောင်းကလေးများကို တခ်ဒင်ဒင်မြည်စေရန်လှုပ်ကာ သာယာညင်းပျောင်းစွာ တိုးတိုးရွတ်ဆိုလိုက်၏။

ထိုအခါ မြွေကြီးသည် ခွေနေရာမှ ခေါင်းထောင်၍ အံ့ဩသောအမူအရာဖြင့် ကြည့်သည်။ ဂါထာမန္တန်၏အသံသည် မြွေကြီးအား ငြိမ်သက်စေလေ၏။

နောက်မြွေဖမ်းမုဆိုးတစ်ယောက်သည် တောက်ပသောအရာတစ်ခုကို အိတ်ထဲမှထုတ်ယူကာ မြွေကြီးကိုပြရင်း ကျောက်စိမ်းပုလွေမှုတ်သံ ပေးပြန်သည်။

ဂါထာမန္တန်သံနှင့် ခေါင်းလောင်းသံလွင်လွင်က ထွက်ပေါ်နေဆဲပင်။ ထိုအခါ အင်အားကြီးမားလှသော မြွေကြီးသည် မိန်းမောနေ၏။ ဂါထာမန္တန်၏ ဆွဲဆောင်ချက်နှင့် ကျောက်စိမ်းပုလွေသံ၏ ဆွဲဆောင်ချက်များဖြင့် မြွေကြီးသည် တဖြည်းဖြည်း ကော်ဇောပေါ်သို့ တက်လာပြီးနောက် မြွေဖမ်းမုဆိုး တိဘက်လူမျိုး၏ပေါင်ပေါ်တွင် ခေါင်းတင်၍ မှိန်းနေလေ၏။

ဤသို့ဖြင့် လိမ္မာပါးနပ်လှသော မြွေဖမ်းမုဆိုးတို့၏ ပရိယာယ်ဖြင့် လှောင်အိမ်တွင်းသို့ ရောက်သွားရှာလေတော့သည်။ ထိုသို့သော မြင်ကွင်းများကို မကြည့်ချင်သဖြင့် မုဆိုးမရမ်းနော်သည် တစ်နေရာသို့ ရှောင်နေလိုက်သည်။ မကောင်းမှုကျူးလွန်သူကဲ့သို့ အရှက်ရနေမိ၏။

"မိတ်ဆွေမရမ်းနော်ရဲ့ မုဆိုးဘဝအတွက်တော့ ဒီသေနတ်ဟာ အင်မတန်အသုံးဝင်မှာဖြစ်သလို ထိရောက်မှုလည်း တိကျပါတယ်။ အဖိုး



www.burmeseclassic.com

www.burmeseclassic.com



တန်တဲ့ ရတနာကို ပေးအပ်တဲ့အတွက်လည်း ခင်ဗျားကို ကျွန်တော်တို့ ကျေးဇူးတင်ရပါလိမ့်မယ်''

လက်တွင်စုံကိုင်ထားသော ဝင်ချက်စတာသေနတ်မှာ မုဆိုးမရမ်းနော်အတွက် မီးခဲကဲ့သို့ ပူလောင်နေသည်ဟု ထင်မိသည်။

တိဘက်လူမျိုး မြွေမုဆိုးနှစ်ယောက်မှာ မြွေကြီးလှောင်အိမ်အား ဆွဲယူမ,သွားကြသည်။ မုရမ်းနော်အနီးမှ ဖြတ်သွားသောအခါ မြွေကြီးသည် ရုတ်တရက် ခေါင်းထောင်လိုက်ပြီး မုဆိုးမရမ်းနော်အား စူးစိုက်ကြည့်ပြီး ဒေါသထွက်ဟန်ဖြင့် တရှီးရှီးမြည်သံပြုသည်။ ထို့နောက် သူ၏ကိုယ်လုံးကြီးဖြင့် တအားတိုးဝှေ့ရုန်းကန်ကာ အပြင်သို့ထွက်ရန် ကြိုးစားလေတော့၏။

မုဆိုးမရမ်းနော် သစ္စာဖောက် လက်ထောက်ချကြောင်း ကောင်းစွာနားလည်သွားပုံရလေသည်။ မရမ်းနော်မှာ တစ်ခါက မြွေကြီး၏ရှေ့မှောက်တွင် ရောက်ရှိခဲ့သောငှက်ကလေးသဖွယ် မြွေကြီးနှင့် သံမှိုဆွဲထားသကဲ့သို့ တုတ်တုတ်မျှမလှုပ်တော့ပေ။ မုဆိုးမရမ်းနော်အား ခက်ထန်စွာတစ်ချက်ကြည့်ပြီး မြွေကြီးသည် သံတိုင်နှစ်တိုင်ကြားတွင် ခေါင်းကပ်၍ ပါးစပ်ထဲမှ အရည်တစ်မျိုးကို ထွေးထုတ်လိုက်ရာ မုဆိုးမရမ်းနော်၏ ညာဘက်ပါးတွင် ကပ်ရောက်သွားသည်။ မြွေကြီး၏ပါးစပ်ထဲမှ ထွေးထုတ်လိုက်သောအရည်မှာ စိမ်းရွှေရွှေအရောင်ရှိသည်။

''ခွေးလောက်မှ အသိဉာဏ်မရှိတဲ့ကောင်။ မင်းကို ငါဘယ်လောက်ဂရုစိုက်ခဲ့တယ်ဆိုတာ မင်းအသိဆုံးပါ။ နောက်ဆုံး မင်းကို သေတွင်းက ဘယ်သူကယ်တင်ခဲ့သလဲ။ ဒါကို မင်းသိပါတယ်လေ။ အခု..ခုတော့ မင်းက သေနတ်ကလေးတစ်လက်နဲ့ ငွေကလေးရလို့မှုနဲ့ ငါ့အပေါ် သစ္စာမဲ့ခဲ့တယ်ပေါ့။ အဲဒါကြောင့် မင်းကို ငါ့ရဲ့တံတွေးနဲ့ ကျိန်စာတိုက်ခဲ့





သဟော့''

မြွေကြီးက ပြောသွားသည့်အလား မုဆိုးမရမ်းနော်၏နားဝယ် ကြားယောင်မိလေ၏။

ထိုကဲ့သို့ဖြစ်ပျက်ပြီးသည့်နေ့မှစ၍ မုဆိုးမရမ်းနော်သည် မြွေကြီးကိုသာ အာရုံတွင်း၌ ထင်ဟပ်မြင်ယောင်နေမိသည်။ မြွေကြီး၏ပါးစပ်မှ ထွေးထုတ်လိုက်သော အရည်ပျစ်ချွဲချွဲသည် သုတ်သင်ဆေးကြောပစ်၍လည်း မရခဲ့သလို အဆိပ်ရည်ကဲ့သို့ ပါးတွင် ပူလောင်စပ်ဖျဉ်းလာသည်။

ထို့နောက် အနာဖြစ်ကာ သူ၏ညာဘက်ပါးကို ရိုးရာကချင်တိုင်းရင်းဆေးဝါးမျိုးစုံဖြင့် ကုသ၍ မရခဲ့သလို မြစ်ကြီးနားဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ပြန်သော်လည်း မည်သို့မျှ ကုသ၍မရနိုင်တော့ဘဲ ညာဘက်ပါးတစ်ခြမ်းလုံးရှိ အသားစိုင်များမှာ ပုပ်ပွရိကျကုန်တော့သည်။

ယနေ့တိုင်အောင် မြစ်ဆုံရွာတွင် နေထိုင်လျက်ရှိသော ရဝမ်တိုင်းရင်းသား မုဆိုးမရမ်းနော်သည် မေးရိုး၊ သွားများနှင့် နားထင်ရိုးကြီးများကိုအတိုင်းသားမြင်နေရပြီး မျက်လုံးနေရာမှာ သေဆုံးခဲ့ပြီ ဖြစ်လေသည်။


ကျန်ရှိသော ဘယ်ဘက်မျက်နှာသို့ပင် တဖြည်းဖြည်းကူးစက်လျက်ရှိပြီး နှလုံးတုန်လှုပ်ဖွယ်ရာ ဝေဒနာကို တမြည့်မြည့်ချင်း ခံစားနေရသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသတည်း။ ။

❖

*အောင်ခင်စိုး*

www.burmeseclassic.com

www.burmeseclassic.com



## ထို့ကြောင့် အနိစ္စသင်္ခါရဟု ခေါ်ကြလေကုန်သတည်း

<၁>

ယခု ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ဆန်းကြယ် အကြောင်းကိုမူ လောကီဖြစ်ရပ်ဆန်းကြယ်ဟု အမည်ပေးရမည်လား။

ဒါမှမဟုတ် သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ် ဆိုရမည်လား။

သည်လိုမှ မဟုတ်ပါမူ . .

လွန်စွာလျှို့ဝှက်နက်နဲသည့် တိုင်းရင်းဆေးပညာ၏ အစွမ်းပေပဲ ဟုဆိုသည်ကိုမူ စာဖတ်သူများသာ စဉ်းစားဝေဖန် ဆုံးဖြတ်ကြပါရန် အကြံပြုလိုပါပေသည်။

ကြုံတွေ့ခဲ့ရသည့်အဖြစ်က . .

တိုက်လည်းတိုက်ဆိုင်လွန်းလှသည်။

အံ့ဩဖို့လည်းကောင်းလှသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ၂

ပြီးခဲ့သည့် ခေတ်ကာလတုန်းက ဖြစ်၏။

ထိုစဉ်က ကျွန်ုပ်သည် ဘူမိဗေဒကျောင်းသားတစ်ဦးဖြစ်သည်။ တစ်နေ့ ကျွန်ုပ်တို့ ဘူမိဗေဒကျောင်းသားများ၊ ပထဝီကျောင်းသားများ၊ ရုက္ခဗေဒနှင့် ဇီဝဗေဒကျောင်းသားများသည် မြန်မာပြည်အရှေ့ပိုင်း တိုင်းရင်းသားဒေသတစ်ခုသို့ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းအတွက် ကထိကများ၊ လက်ထောက်ကထိကများနှင့်အတူ အုပ်ချုပ်သူများ၊ လိုက်ပါစောင့်ရှောက်သူများနှင့် ရောက်ရှိခဲ့ကြသည်။

ကျွန်ုပ်တို့ လုပ်ရမည့် လုပ်ငန်းရပ်များမှာ ဤဒေသဝန်းကျင်မှ မြေကြီး၊ ကျောက်တုံးကျောက်တောင်များကိုလည်းကောင်း၊ သဘာဝပေါက်ပင်များ၏သဘောနှင့် မျိုးပွားမှုများ၊ ရှားပါးသစ်ပင်ပန်းမန်များ၊ သက်ရှိသတ္တဝါများ၏ မျိုးပွားမှုနှင့် ပတ်ဝန်းကျင် သဟာဇာတအခြေအနေများကို အသေးစိတ် လေ့လာသုတေသနပြုရန်ဖြစ်၏။





ထိုအချိန်က..

ဝှင်းဒေသဝန်းကျင် မြစ်ချောင်းများမှာ ရွှေထွက်သည့်သတင်းလည်း ရ၏။ အချို့နေရာများမှာ အဖိုးတန်ဓာတ်သတ္တုကျောက်ပိုင်းအစများ ပေါ်နေသည်ကိုလည်း သဲလွန်စရ၏။

သို့နှင့် ဤအရပ်သို့ နှစ်ပတ်ခန့်မျှ လေ့လာသုတေသနပြုရန် စားရေရိက္ခာများ၊ အိုးခွက်ပန်းကန်နှင့် လုပ်ငန်းသုံးလိုအပ်သည့်ပစ္စည်းများကို ကားနှင့်တစ်တန်၊ ကုန်းကြောင်းတစ်တန်..။

တောင်ဆင်းတောင်တက်၊ လျှိုမြောင်များကိုဖြတ်၍ ရောက်ခဲ့ကြ၏။ တစ်ဖွဲ့လျှင် (၆) ဦးကျနှင့် ကျွန်ုပ်တို့အားလုံး (၂၄) ဦး၊ လုံခြုံရေးလိုက်ပါသူက (၅) ဦး၊ ပေါင်း (၂၉) ဦးတို့ နေ့ဝက်ခရီးခန့် နှင်ပြီးသောအခါ ချည်မှုန်းချက်ဝန်းကျင်သို့ မြေပုံညွှန်းအရ ရောက်ခဲ့ကြလေသည်။

သည်မှာ အဖွဲ့ခေါင်းဆောင် ဆရာကြီးဦးချစ်မြကို ဦးဆောင်ပြီး လုံခြုံရေးအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ သားရဲတိရစ္ဆာန်များဘေးရန်မှလည်း ကင်းဝေးပြီး သုံးရေ သောက်ရေနှင့် နေထိုင်လို့အဆင်ပြေမည့် နေရာတစ်ခုကို ရွေးချယ်၍ နေရာချ၊ ရှင်းလင်းရေး လုပ်ကြရလေသည်။

ဆရာကြီးဦးချစ်မြတို့ ရွေးချယ်သည့်နေရာသည် တောအုပ်ကြီးအလယ်ဟုလည်း ဆိုနိုင်၏။ အနီးမှာ ကြည်လင်သန့်ရှင်းသော ချောင်းရေစီးနေ၏။ ခပ်လှမ်းလှမ်းမှာ ရေတံခွန်ငယ်တစ်ခုလည်း မြင်နေရသည်။

မြေပြင်အနေအထားကား..

ချုံဖုတ်ကြီးငယ်များနှင့်အတူ ကွက်လပ်လိုနေရာကလေးလည်း ဖြစ်နေ၏။ အဝေးအနီးမြင်ကွင်းကို လှမ်းအကဲခတ်၍ ရ၏။

သို့နှင့်..

ကျွန်ုပ်တို့ အမျိုးသားယောကျ်ားသား ကျောင်းသားကြီးများက



www.burmeseclassic.com

www.burmeseclassic.com



ဓားကိုယ်စီ၊ ပေါက်တူးပေါက်ဆွန်းကိုယ်စီနှင့် ချုံများ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းကြ၏။

ကျင်းချိုင့်များကို နီးရာကျောက်တုံး၊ မြေကြီးများနှင့်ဖို့၍ မြေညှိကြ၏။

အမျိုးသမီးအချို့က ဆရာမများနှင့် ချက်ရေးပြုတ်ရေးကို စီစဉ်ရန် ပြင်ဆင်ကြ၏။

နှစ်နာရီခန့်အကြာ ချွေးဒီးဒီးကျ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်နေကြသည်။

နောက်ဆုံး ချုံပိုင်းကြီးတစ်ခုကို ရှင်းလင်းလိုက်သောအခါ ချုံထဲမှ ဂူလို အရာနှစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

အုတ်ဂူနှစ်ခုဖြစ်၏။

နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီဖြစ်ပုံရ၏။ အုတ်ဂူနှစ်ခုသည် ရေညှိများ၊ သစ်ပင်များကပ်၍ အချို့နေရာမှာ ကျိုးပဲ့ကြေစပြုနေ၏။

ဂူနံဘေးမှာ ပန်းကွက်များဖော်ထားသည်ကိုလည်း တွေ့ရ၏။ ဂူရှေ့မှာ မထင်မရှားအမည်နှစ်ခုကိုလည်း ပဲ့နေသပြင် ခပ်ရေးရေးမြင်ရ၏။ ဂူပေါ်မှာ အိုးလုံးသဏ္ဌာန်လုပ်ထား၏။

''ဂူနှစ်ခုပါလားကွယ့်''

''ဘယ်လိုလုပ်ရမလဲဆရာ''

''ထားလိုက်ပါ၊ ကြည့်ရတာ ဒီနေရာဟာ သချိုင်းဟောင်းလား၊ ဒါမှမဟုတ် ရှေးလူတွေနေထိုင်ခဲ့တဲ့ ကိုယ်ပိုင်အိမ်နေရာရပ်ဝန်းလားဆိုတာ အချိန်ရမှ လေ့လာကြတာပေါ့။ အချိန်ရတုန်း ရွက်ဖျင်တဲတွေ ထိုးကြရအောင်ကွယ့်''

သည့်နောက် ၎င်းအုတ်ဂူဟောင်းနှစ်လုံးကို ကွင်းချန်ထားပြီး





ရွက်ဖျင်တဲငါးလုံး ထိုးလိုက်ကြသည်။

ရဲဘော်များအကူအညီနှင့် ဝါးများကိုခုတ်ပြီး ထိုင်ရန် ကွပ်ပျစ်ကလေး လေးခုကိုလည်း ဆောက်လိုက်ကြသည်။

ကိစ္စဝိစ္စများ ပြီးသောအခါ ဆရာမများနှင့် ကျောင်းသူများချက်ပြုတ်ထားသည့် အသင့်ပြင်ထမင်းဗိုင်းမှာ အားရပါးရ ဝင်စားလိုက်ကြရကား ပင်ပန်းလို့ပဲလား မသိ၊ စားလို့ကောင်းလိုက်ကြသည့်ဖြစ်ခြင်း။

စားပြီးသည်နှင့် အချို့က ကွပ်ပျစ်များပေါ်မှာ ထမင်းလုံးစီပက်လက်လှန်ကြ၏။

အမျိုးသမီးအချို့က ရွက်ဖျင်တဲအတွင်းဝင်၍ စုပေါင်းစကားပြောနေကြ၏။ အချို့က ချောင်းထဲသို့ဆင်း၍ ရေချိုးနေကြလေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ‹၃›

ညဘက်ရောက်သောအခါ ဂီတဝါသနာပါသူ ကိုအောင်လင်းမင်းက သူ့တယောပြားလေးကိုယူ၍ အုတ်ဂူတစ်ခုပေါ်မှာထိုင်ပြီး ယမုံနာသီချင်းကို သီဆိုနေ၏။

လရောင်က ကောင်းကင်မှာ ပဝါဖြန့်ထား၏။ လေတိုးသံနှင့်အတူ တောပန်းရနံ့များက ကြိုင်နေသည်။

ကျွန်တော်တို့ လူငယ်များက အောက်မြေပြင်ဝန်းကျင်မှာထိုင်ပြီး ရူပဗေဒကျောင်းသားကြီး ကိုအောင်လင်းမင်း၏ တယောသံနှင့် ကြေကြေကွဲကွဲသီချင်းသံကို နားစွင့်ရင်း အသံမှာ နစ်မျောနေကြသည်။

ယမုံနာသီချင်း ပြီးသွားသောအခါ ဘူမိဗေဒကျောင်းသား ကိုရွှေကြည်က..

"ကိုလင်း.."

"ခင်ဗျာ.. ကိုရွှေကြည်"





"ကိုအံ့ကြီးသီချင်းများ မရဘူးလားခင်ဗျ"

"ဘယ်သီချင်းလဲ ကိုရွှေကြည်"

သည့်မှာ ဇီဝဗေဒကျောင်းသား ကိုစိန်ကျော်မြိုင်က..

"ကိုရွှေကြည်.. ရွှေဘိုသနပ်ခါး ကောင်းတယ်ဗျ"

"ဘာကောင်းတာတုံး ကိုစိန်ကျော်မြိုင်"

"ဟိုမှာလေဗျာ.. ကျုပ်တို့ရန်ကုန်သူတွေ တောထဲတောင်ထဲရောက်တော့ မိတ်ကပ်မလိမ်းနိုင်ကြတော့ဘူး။ ခြင်ဒဏ်၊ နေဒဏ်၊ လေဒဏ် ခံနိုင်အောင် ရွှေဘိုသနပ်ခါးခဲတွေ လိမ်းနေပြီလေဗျာ"

"ဟာ.. ဟုတ်တယ်ဗျို့။ သီသီဝင်းကို ကြည့်စမ်း။ သနပ်ခါးအကွက်ကျားကြီးနဲ့"

"သီသီဝင်းတင်လားဗျ။ ရိုစ်မေရီ ကပြားမ,လေးကို ကြည့်ဦး။ သနပ်ခါးကို ဖုံနေတာပဲ"

"ရက်စ်အောရိုက်.. ဗဲဒီးဂွတ် မိုင်ဘရားသား ကိုလင်း။ ရွှေဘိုသနပ်ခါးကိုပဲ ဆိုတီးလေး လုပ်ပါခင်ဗျ။ အဟဲ.. ဟဲ.."

"ကောင်းပါပြီဗျာ။ ကိုင်း.. ရွှေပွဲလာဧည့်ပရိသတ်များ တောင်းဆိုချက်အရ ကျွန်တော် နိုင်ငံကျော်အဆိုတော် အလကားကျော်စွာ ကိုအောင်လင်းမင်းက သဒ္ဒါအသံဖြင့် ယခုလိုဖျော်ဖြေပါမတဲ့ခင်ဗျာ။

...အစကတော့××ဖြူဖြူ×××"

"ဘာတဲ့တုံး ကိုလင်းရေ.. လင်းရေ.."

"မင်းမင်းတဲ့လား.."

"ညိုသွားပြီ×××"

"ပုပ်ခါနီးပြီကိုး ဆရာလင်းရဲ့။ အဟဲ.."

"ဟား.. ဟား.. ဟား.. ကိုရွှေကြည်ကတော့ လှုပ်ပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"...ခုတော့××ညို့သွားပြီ×××"

"မကြာခင် မညိုးပါတော့မည်ခင်ဗျား"

"ဝါး..ဟား..ဟား..ဟား.."

"...ပျိုမှားပါပြီရှင်××ခေါ်လာမိတယ်×××"

"ကျွန်တော်တို့ ဆရာမများမှာ တာဝန်ရှိတာကိုးခင်ဗျ"

"ဆရာကြီးက အဓိကပေါ့ခင်ဗျာ"

ကျွန်တော်တို့အုပ်စုရဲ့ တဝါးဝါးအသံနှင့် တယောသံ၊ အဆိုသံများကြောင့် ဆရာမအချို့နှင့် ပါးကွက်ကျားကျောင်းသူအချို့က ရွက်ဖျင်တဲများမှ ထွက်၍ အလန့်တကြားကြည့်ကြ၏။

"ကိုရွှေကြည်ကြီးတို့အုပ်စု ဆရာမ"

"ဆိုနေတာ ဘယ်သူလဲဟဲ့"

"အာပြဲအောင်လင်းမင်း ဆရာမ"

"ကောင်းလိုက်တာဟယ်။ ငှက်ဆိုးထိုးသလိုပဲ"

"ဟား..ဟား..မှား.."

"ခစ်..ခစ်..ခစ်.."

"အဲဒီလိုလည်း မမြှောက်စားကြပါနဲ့အေ။ ရွှေပြည်တော်ကြီးနဲ့ ဝေးနေတုန်း ဒီမောင်းကွဲထုသံများကိုပဲ မဟာဂီတသံအဖြစ် နားဝိတ်ပြီး သည်းခံကြတာပေါ့"

သည်မှာပဲ တက္ကသိုလ်အနုပညာအသင်းကြီးရဲ့ အော့ကြောလန် အာပြဲဘွဲ့ရ ကိုအောင်လင်းမင်းသည် ရွက်ဖျင်ဝမှ တွတ်ထိုးလှမ်းကြည့်မဲ့ရွဲ့ဟားတိုက်ရယ် လုပ်နေကြသော အမျိုးသမီးအုပ်စုကို လှမ်းကြည့်ပြီး..

"အင်းလျားရေ××တစ်စည်လောက်တော့×××လိုချင်ပါတယ်××ဝယ်ချင်ပါသူ×××"





"ဘာလုပ်ဖို့များပါလိမ့်ခင်ဗျ။ အမိန့်ရှိပါ ဆရာပြုရယ်"

"ဘူမိဗေဒသူတွေ××ရေခေါ်ချိုးမယ်××တစ်မျိုးနော်လှအောင်××မိုးပြိုကျသူ×××"

"မိုးပေါ်ကျသူပါ ကိုအာပြဲရဲ့"

သည်မှာ ဘူမိဗေဒကျောင်းသူ ပါးကွက်ကျားနှင့် သီသီဝင်းက..

"ကြည့်စမ်း..အကုသိုလ်ကောင်တွေ။ မိုးပြိုကျသူတဲ့"

"အင်းလျားရေကိုယူ×××အင်းလျားရေကိုယူ×××"

"အင်းလျားရေ မရရင် ဘယ်ရေကို ယူရမလဲ ကိုရွှေကြည်"

"သာကေတ (၁၃) ရပ်ကွက် ရေအိုင်က ရေကို နှိုက်ဘူးနဲ့ထည့်"

"ဝါး..ဟား..ဟား..ဟား.."

"ရှယ်ရေပဲဗျ"

"..မီးရထားနဲ့တင်မလို့××ကြံရွယ်×××တန်ဆာခမှာ××သုံးရာလောက်တော့××ယူမှာကေန်×××ကြုံကြုံဖန်ဖန်ရုန်ကုန်သူ×××မန္တလာမြင့်တို့ရုန်ကုန်သူ×××တောထဲသွားလို့××ပွေးဝဲ××ဗလပျစ်××ထူ××××"

ကျောင်းသူများသည် ဟာသလုပ်၍ ဆိုနေသည့်သီချင်းကို နားစွင့်ရင်း အချင်းချင်း လက်ကုတ်၍ ရယ်ကြ၊ မျက်စောင်းထိုးကြသည်။

"ရွှေဘိုသနပ်ခါးတုံးများ××သီသီလိမ်းဖို့ယူ×××"

"ကာလနာ..သီချင်းဆိုတာ ကောင်းကောင်းမဆိုဘူး။ ငါ့ကိုရိနေတယ်"

"ညည်းအချစ်တော်ကြီးကိုးဟဲ့"

"သွားပါ..။ ဒီ တက္ကသိုလ်အာပြဲကို"

"ခုတော့ သွားပါပေါ့ သီသီရယ်။ ကွယ်ရာကျမှ ကိုကိုပြဲ..ကိုကိုပြဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ကဲ..ကဲ..မိန်းမယုတ်တွေ"

"အား..အား..နာတယ်..နာတယ်..။ ကိုကိုအာရေ.."

"ကိုင်းဟာ..ကိုင်း.."

"အား..အာ..အ.."

"...ဘယ်လိုအသားမည်းမည်း××ဝါဝါညက်ညက်ဖြူ××× ပုဖွန်တောင်××သုဝဏ္ဏသူနဲ့××ဒလအံ့ကြီးသူ×××ရွှေဘိုသနပ်ခါးလိမ်းကြရင် ဖြင့်××အစိမ်းသရဲမ,နှင့်တူ×××ကြဲကြဲဖန်ဖန်××ရန်ကုန်သူ×××သီသီမြင့် တို့××ရေကျော်သူ×××တောထဲရောက်လို့××ပွေးဝဲပလပ်ပျစ်××တူ××××"

"ဖြောင်း..ဖြောင်း..ဖြောင်း.."

"ရှီ..ရှီ..ရှီ.."

"ဘဲရိုးဂွတ်ဗျာ..ရှီ.."

"နိုတ်စ်ဝမ်း ဆရာပြီ..နိုတ်စ်ဝမ်း..လုပ်ပါဗျို့"

သည်မှာ ရေကျော်သူ မသီသီဝင်းက ဒေါ်များဖောင်းပြီး ခဲနှင့်ပစ်မည်လုပ်၍ ရှိစ်မေရီတို့အုပ်စုက မနည်းတားကြရ၏။

သည်လိုနှင့်ပဲ..

လသာညလေးသည် ရယ်သံများ၊ ရွဲ့သံများ၊ ပြောင်သံများဖြင့် ရွှန်းလက်စေစည်ပြီး ပျော်စရာညတစ်ညကို ကုန်ဆုံးလွန်မြောက်ခဲ့ရလေသည်။

❀ ❀ ❀

<၄>

မိုးလင်းသောအခါ ပြဿနာက စတော့သည်။

အဆိုတော် တက္ကသိုလ်အားပြီခေါ် တယောကိုအောင်လင်းမင်း တစ်ယောက် ပါးစပ်ကြီးရောင်ကိုင်း၍ ခေါင်းကိုက်ပြီး အိပ်ရာမှ မထနိုင်။ သေပါပြီဗျူနှင့် အော်ဟစ်နေရသည်။

အစပထမတော့ နောက်ပြောင်နေသည်မှတ်၍ မည်သူကမှ အရေးမလုပ်ကြ။ နောက်ဆုံး မျက်ရည်လည်ရွှဲဖြစ်နေသည့် ကိုအောင်လင်းမင်းကို ဝိုင်းကြည့်လိုက်တော့ ပါးစပ်ကြီးသည် ဝက်နှုတ်ခမ်းလို ကားလန်ပြီး ရောင်ကိုင်းနေသည်ကို ထူးဆန်းစွာမြင်လိုက်ကြပြီး စိုးရိမ်သွားကြ၏။

သို့နှင့်..

ဆရာဝန်ရောက်လာပြီး မေးမြန်းကုသရတော့သည်။

"ဘာကောင်ကိုက်လို့လဲ"

"မသိဘူး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပထုပ်ပနီကိုက်ရင်လည်း အဲဒီလိုရောင်တတ်တယ်"

"ပသန်များ ကိုက်လို့လားကွာ ကိုလင်းရ"

"ခေါင်းအရမ်းကိုက်တယ် ဆရာ"

သို့နှင့် ဆရာဝန်က အကိုက်အခဲပျောက်ဆေးနှင့် အရောင်ကျဆေး ပေးခဲ့ရ၏။

ထိုနေ့က ကိုအောင်လင်းမင်းကို စုရပ် ရွက်ဖျင်တဲမှာပဲ ထားခဲ့ရသည်။ မသီသီဝင်းတို့အုပ်စုကား ငှင်းသတင်းကိုကြားသော် ဝမ်းသာ၍ မဆုံး။

"ဘာကောင်ကိုက်လို့တဲ့လဲ မသီသီ"

"ဆင်နှင်းလို့လို့ ကြားတာပဲ"

"ဟဲ့.. မိန်းမ မိသီ။ ဆင်နှင်းရင် သေပြီး ပြားနေမှာပေါ့ဟယ်"

"ငါကြားတော့ တစ်မျိုးဟဲ့"

သည်မှာ ဘူမိဗေဒကျောင်းသူ မကျော့ကျော့ရှိန်းက ဝင်ပြော၏။

"နင်က ဘယ်လိုကြားလို့လဲ မိကျော့ရယ်.. ဟင်၊ လုပ်ပါဦးဟဲ့"

"ဂေါ်ဇီလာ တုပ်တာတဲ့"

"ဟော.."

"ဟား.. ဟား.. ဟား.. ဟား.. ဂေါ်ဇီလာတုပ်တာ.."

"အေး.. ဂေါ်ဇီလာအမ.. တဲ့"

"ဟား.. ဟား.. ဟား.. ဟား.."

"ခစ်.. ခစ်.. ခစ်.. ခစ်.."

"အဟတ်.. အဟတ်.. ဖြစ်မှဖြစ်ရပလေ အာပြဲရယ်။ ရန်ကုန်ပြန်ရောက်ရင် ဒီကိစ္စ မှန်ပြောင်းကျာနယ်နဲ့ မျက်လုံးကျာနယ်ကို ပို့ကိုပို့ရမယ် ဟော့.. အဟတ်.."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ဆိုရလျှင် ကိုအောင်လင်းမင်း ထမင်းမျှ မစားနိုင်။ နှစ်ရက်တိတိ ခေါင်းကိုက်ဝေဒနာကြီးကို ပြင်းထန်စွာခံစားရလေသည်။

ဗုဒ္ဓဟူးနေ့ညနေက အဖြစ်က ပို၍အံ့ဩစရာကောင်းနေပြန်၏။ ကိုရွှေကြည်တစ်ယောက် ညနေစာထမင်းကို ခါတိုင်းလို အုပ်စုဖွဲ့ အတူ မစားဘဲ ကဲ၍ အုတ်ဂူပေါ်မှာ သွားစား၏။

စားနေတုန်းရှိသေးသည်။

လက်ထဲက ထမင်းပန်းကန်ကို တစ်စုံတစ်ဦးက ပုတ်ချလိုက်သလို ခံစားရပြီး ထမင်းပန်းကန် လွင့်စဉ်သွားခဲ့၏။

သို့နှင့် ထမင်းပန်းကန်ကို ကုန်းကောက်ရန် ပြင်လိုက်၏။ သူ့နောက်ကျောကို တစ်စုံတစ်ဦးက တွန်းလိုက်သကဲ့သို့ ခံစားရ၍ နောက်ပြန်ကြည့်လိုက်တော့ ဘယ်သူမှမရှိ။

တစ်ယောက်ယောက်နောက်နေသည်မှတ်၍ ဂူနှစ်လုံးဝန်းကျင်ကို အနှံ့လိုက်ရှာသော်လည်း သူငယ်ချင်းတစ်ယောက်မှ မရှိ။

ကိုရွှေကြည် ဖြစ်စဉ်ကို အံ့ဩပြီး စဉ်းစားနေစဉ်..

ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းသော အပုပ်နံ့ကြီး ဂူဝန်းကျင်မှ ပေါ်လာ၍ တဝေါ့ဝေါ့ထိုးအန်ပြီး ပြေးခဲ့ရ၏။

ကိုရွှေကြည်က ဖြစ်ကြောင်းကုန်စင်ကို သူငယ်ချင်းများအား ပြန်ပြောပြသောအခါ မည်သူကမျှ မယုံကြ။ ကိုရွှေကြည်မျက်နှာပြောင်နေသည်ဟု ထင်ကြ၏။

နောက်ဆုံး ကိုရွှေကြည် ကျိန်တွယ်၍ပြောသောကြောင့် လိုက်ကြည့်ကြသောအခါ ဂူနံ့ဘေးတွင် ထမင်းနှင့်ဟင်းများ ပြန့်ကျဲနေသည်ကို မြင်ရ၏။

အပုပ်နံ့ကိုမူ မည်သူမှ မရကြ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကိုရွှေကြည်ကို မဟုတ်ကဟုတ်က ပြောရကောင်းလားဟု ဝိုင်းဝန်းဝေဖန် ပြစ်တင်ကြ၏။

ညအိပ်သောအခါ သန်းခေါင်ယံခန့်မှာ ကိုရွှေကြည် အလန့်တကြား ထ၍အော်တော့သည်။

"ရွှေကြည်. . ရွှေကြည်. . ဘာဖြစ်လို့လဲ"

"ငါ့ကို. . ငါ့ကို. . နှင်ထုတ်နေတယ်. . နှင်ထုတ်နေတယ်. ."

"ဘယ်သူနှင်လို့လဲ။ ဟောကောင်. . မင်းဘာယောင်နေတာလဲ ဟင်"

"ငါ့ကို. . ငါ့ကို. . နှင်လွှတ်နေတာ"

"ဘယ်သူနှင်ရမှာတုံး။ ထထိုင်စမ်း"

"ဟူး. . ဘုရား. . ဘုရား. ."

"ဘာတွေ အိပ်မက်မက်လို့လဲ ရွှေကြည်ရာ"

"ငါ့ကို အိပ်မက်ထဲမှာ လူတစ်ယောက် အသားဖြူဖြူ ရွှေရောင်အကျီနဲ့. .။ သူ့နား မလာနဲ့ ခု ပြန်သွား မင်းတို့ မပြန်ရင် ငါ့အကြောင်း သိမယ်ဆိုပြီး တအားတွန်းလွှတ်နေတာ။ လူကလည်း သန်လိုက်တာ ကိုမြရှိန်ရာ"

"အိပ်မက်ပါကွာ. .။ ကိုင်း. . ပြန်အိပ်. . ပြန်အိပ်. ."

ကိုရွှေကြည် ချွေးများကို အဝတ်နှင့်သုတ်ပြီး ရေတစ်ခွက်သောက်ကာ ပြန်အိပ်ခဲ့သည်။ သို့သော် မကြာခင် ထအော်ပြန်သည်။ ထိုညက ကိုရွှေကြည် အိပ်မက်မှ လန့်နိုးအော်နေ၍ သူငယ်ချင်းများ ကောင်းစွာမအိပ်ရတော့။

နံနက်မိုးလင်းသောအခါ ကိုရွှေကြည်ကို ပုခက်နှင့်ထမ်း၍ ဟိုးအဝေး မြို့ဆေးရုံအရောက် ပို့လိုက်ရတော့သည်။





သူ မိုးလင်းသည်နှင့် အဖျားများတက်ပြီး ကယောင်ကတမ်းများအော်သည်။ ထခုန်သည်။ ပြေးသည်။ တွေ့ရာပစ္စည်းများကို ပေါက်ခွဲလွှင့်ပစ်သည်။

ဘယ်လိုမှ ထိန်းချုပ်လို့မရ။ ဆရာဝန်က ငှက်ဖျားရောဂါဟု သံသယဝင်သည်။ ထိန်းလို့မရသည့်အဆုံး အစောင့်အရှောက်နှင့် ပုခက်လုပ်ပြီး မြို့ဆေးရုံအရောက် ပို့လိုက်ရလေသည်။

ဟော. . ကိုအောင်လင်းမင်း ရောဂါဖောက်ပြန်သည်။

ခေါင်းကိုက်ရောဂါ၊ နှုတ်ခမ်းရောင်သောရောဂါ ပျောက်ပြီးနောက် ၎င်းအုတ်ဂူပေါ်မှာထိုင်၍ တယောထိုး၊ သီချင်းဆိုပြန်သည်။ အဲဒီမှာ စည်းတီးလုပ်သူက အောင်ကိုရှိန်း. .။

အောင်ကိုရှိန်းကား ကိုအာပြဲ(ခေါ်)ကိုအောင်လင်းမင်းရဲ့ တပည့်၊ သူကလည်း အာပြဲထံမှ အဆိုသီချင်းပညာ ယူနေသူ။

ညဦးပိုင်းလေးမှာ သူတို့ ဆိုတီးနေကြ၏။

ပထမ ရပ်ကြီးသူ့သီချင်းကို ဆိုတီးကြ၏။

၎င်းနောက် တေးဘုမ္မာသီချင်းကို ဆိုနေစဉ် ဂူပေါ်မှပြုတ်ကျပြီး ဇက်လည်သွားရာ ပြန်တည့်လို့မရ။

သူ့တပည့် အောင်ကိုရှိန်းလည်း မည်းမည်းကြီးတွေ့ရသည်ဆိုပြီး လန့်အော်၍ ပြေးတော့သည်။

နောက်ဆုံး. .

အောင်လင်းမင်းကိုလည်း မြို့ဆေးရုံသို့ အထမ်းနှင့် ပို့လိုက်ရ၏။ သို့နှင့် တာဝန်ရှိသူများက အတူရှိခဲ့သူ အောင်ကိုရှိန်းကို ခေါ်စစ်မေးမြန်းရသည်။

"မင်း. . အောင်လင်းမင်းကို တွန်းချလိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့နိုင်ချပါဘူး ဆရာ။ သူ တယောထိုးရင်းကနေ ငိုက်ခနဲ ပြုတ်ကျသွားတာပါ"

"ဒါဆို.. မင်းမြင်ရတဲ့ ညည်းမည်းကြီးဆိုတာ ဘာလဲ။ ပြော.."

"ဂူပေါ်မှာပါဆရာ"

"ဘယ်ဂူပေါ်မှာလဲ"

"ကျွန်တော်တို့နှစ်ဦး ထိုင်နေတဲ့နံဘေးက ဂူပေါ်မှာပါ"

"ဘာကောင်ကို မြင်ရလို့လဲ"

"မည်းမည်းကြီးဆရာ.. ငုတ်တုတ်ကြီး။ ဘာမှန်း မသိရဘူး လရောင်နဲ့ မြင်လိုက်ရတာ"

"မင်းတို့ထဲက တစ်ယောက်ယောက် မဖြစ်နိုင်ဘူးလား"

"မဟုတ်ပါဘူး ဆရာ။ ကြည့်နေတုန်း ခုန်ဆင်းပြီး ပျောက်သွားတာပါခင်ဗျာ"

"သတ္တဝါတစ်ကောင်ကောင် နေမယ်နဲ့ တူပါရဲ့ကွယ်"

နောက်ဆုံး သည်လိုပဲ နိဂုံးချုပ်လိုက်ရတော့သည်။ နောက်နေ့များမှာ အောင်ကိုရှိန်းကို ၎င်းအုတ်ဂူပေါ် သွားထိုင် သီချင်းဆိုရအောင်ဟု ခေါ်လျှင် အံကြောက်အကန်ငြင်းတော့သည်။

အတင်းခေါ်ခဲ့ခေါ်လျှင် အော်၍ပြေးတော့၏။

အချို့က သည်အုတ်ဂူနှစ်ခုကြောင့်ပဲနေမှာဟု ဆိုကြ၏။

"ဘာဖြစ်လို့လဲ ကိုရဲမြင့်"

"သရဲများ ခြောက်ရော့သလား မသိဘူး။ ဒီနေရာက ဂူရှိနေတော့ သချိုင်းသဘောမျိုး ဖြစ်နေသလိုပဲလေဗျာ"

"တောခြောက်၊ တောမှောက်တာမျိုးရောဗျာ"

"ကျုပ်တို့က အမဲလိုက်နေတာ မဟုတ်ဘူးဗျ။ လေ့လာရေး





သုတေသနလုပ်ငန်း လာလုပ်နေတာ"

"ဒါဖြင့် ဘာဖြစ်လို့ ဒီနေရာမှာ တစ်ယောက်ပြီးတစ်ယောက် တစ်ခုမဟုတ်တစ်ခု ရောဂါဆန်း အဖြစ်ဆန်းတွေ ဖြစ်နေကြသလဲ"

"ဒါတော့ စောင့်ကြည့်လေ့လာရမှာပေါ့ ကိုညိုမောင်ရာ"

သည်မှာ ကျွန်ုပ်က အကြံတစ်ခု ပြုလိုက်သည်။

"ဒီလိုလုပ်ကြည့်ကြမလား"

"ဘယ်လိုလဲ ကိုညို"

"ညနေကျရင် ကျုပ်တို့အားလုံး ဒီဂူနှစ်ဂူပေါ်မှာ ထမင်းစုစား ကြည့်ကြမယ်"

"အဲဒီတော့ ဘာဖြစ်လာမှာလဲဗျ ကိုညိုရ"

"ဒီအုတ်ဂူနှစ်ခုကြောင့်များ တစ်ခုခု ထူးထူးခြားခြားဖြစ်တာ ဟုတ်၊ မဟုတ် သိချင်လို့ပါ"

"ဆိုင်တော့ မဆိုင်ပါဘူးဗျာ။ စမ်းသပ်ချင်ရင်တော့ စမ်းကြည့် ကြတာပေါ့"

● ● ●

www.burmeseclassic.com

www.burmeseclassic.com

## ‹၅›

ညနေ ထမင်းစားချိန်ရောက်သောအခါ..

ကျွန်ုပ်အပါအဝင် ကိုချစ်အောင်၊ ပါပုလေး၊ မြရှိန်နှင့် သျှင်နေမင်းတို့လေးဦးသည် ထမင်းပန်းကန်များယူ၍ အုတ်ဂူနှစ်ဂူပေါ်မှာ ထမင်းစားကြ၏။ နီးရာသစ်ပင်များမှာ တို့စားလို့ရမည့် အသီးအရွက်များကိုခူး၍ တို့စရာလုပ်ပြီး စားကြ၊ ပြောကြ၊ ရယ်ကြ၊ နောက်ပြောင်ကြ။

အုတ်ဂူပေါ်မှာ ညောင်ပင်ကြီးတစ်ပင်က အုပ်ကိုင်း၍ကျနေရကား အရိပ်အာဝါသလည်း ကောင်းလှပေ၏။

သို့ကလို ထမင်းစားနေစဉ်..

“ဝုန်း..ဝုန်း”

“ဖြုံး..ဖြုံး..”

“ဟ..ဘာလဲဟ”

“ဟ..ဟ..ဘာတုံးဟ”





ကျွန်ုတော့်ဦးခေါင်းအထက်မှ ညောင်ကိုင်းသည် တဝုန်းဝုန်းလှုပ်ပြီး ညောင်ရွက်များကြွေ၍ကျလာလေရာ ညောင်ရွက်များသည် ကျွန်ုပ်တို့ထမင်းပန်းကန်များပေါ်သို့ များစွာကျလာခဲ့၏။

ညောင်ရွက်များနှင့်အတူ..

ခါချဉ်များ၊ ပုရွက်ဆိတ်အနီကောင်များ၊ ပသန်လိုကောင်များ ကိုယ်ပေါ်သို့ကျလာပြီး ဝိုင်းကိုက်ရကား..

အချို့ မျက်နှာ၊ နားရွက်၊ နှာခေါင်း၊ ပါးစပ်များ ရောင်ကိုင်းပြီး အများတကာ်သလို ဖြစ်ကုန်ကြ၏။

အချို့ မျက်စိများအကိုက်ခံရပြီး ပိတ်သွား၏။

ဆရာ၊ ဆရာမများလည်း အံ့ဩလို့မဆုံး။ ဆရာဝန်လည်း လွန်စွာအလုပ်ရှုပ်သွားခဲ့ကြသည်။

လုံခြုံရေးအမှုထမ်းများက ညောင်ပင်ပေါ်နှင့် ညောင်ပင်ဝန်းကျင်ကို လိုက်ရှာကြသည်။

မျောက်များလား၊ ဝက်ဝံလား၊ အခြားသားကောင်များ ညောင်ပင်ပေါ် ရောက်နေလို့လား..။

ဘယ်လိုရှာရှာ ညောင်ပင်ပေါ်မှာ ဘာသတ္တဝါမှ မရှိ။

ညဘက်ရောက်သောအခါ ကျွန်ုပ်တို့ငါးဦး ဝမ်းဗိုက်များ ရစ်နာလာပြီး ဝမ်းများလျှောတော့သည်။

အနားမနေရအောင်ကိုသွားလွန်း၍ ဆရာဝန်လည်း မနိုင်မနင်းဖြစ်တော့သည်။ ဝမ်းပိတ်ဆေးများတိုက်ကျွေး၊ ဓာတ်ဆားရေများ တိုက်သည့်ကြားမှ လူလေးဦး ခပ်မျော့မျော့ဖြစ်နေသောအခါ..

ရှေးလူများ ထုံးစံအတိုင်း..

အရှေးပေါ် စောင်ပုခက်များလုပ်၍ ရှိသည့်လူအင်အားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း လက်နက်ကိုင်အစောင့်များဖြင့် တောလမ်းခရီး၊ တောင်လမ်းခရီးကို ဖြတ်ပြီး မြို့ဆေးရုံသို့ ပို့လိုက်ရ၏။

ဆေးရုံမှာ နာမည်ကြီးနေ၏။

ဆေးရုံသို့ အရေးပေါ်ရောက်သည့် လူနာများမှာ ကျွန်တော်တို့ ရန်ကုန်က လာခဲ့ကြသည့် သုတေသနလေ့လာရေးအဖွဲ့ဝင်များ ဖြစ်နေသောကြောင့် ဖြစ်၏။

နောက်နေ့သို့ ရောက်သောအခါ..

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ၎င်းအုတ်ဂူနှစ်ခုပေါ်မှာ ထမင်းစားခြင်း၊ သီချင်းဆိုခြင်း၊ အပျင်းပြေသွားရောက်အိပ်စက်စကားပြောခြင်းများ မပြုလုပ်ရန် အုပ်ချုပ်သူများက သတိပေးစကား ပြောထားရသည်။

ဒါ့အပြင်..

သုံးနေကျ ချောင်းရေမှအပ ကျန်ရေအိုင်၊ ရေကန်၊ ရေတွင်း၊ ကျောက်ခွက်ရေများမှ ရေကို အသုံးမပြုရန်နှင့်..

တောနီးဝန်းကျင်မှ သစ်သီး၊ သစ်ရွက်၊ သစ်ဖုများ၊ အကောင်ပလောင်များကို အသိမပေးဘဲ၊ မပြဘဲ မစားသုံးကြရန် သတိပေးတားမြစ်ကြရ၏။

ဆေးရုံမှာသုံးရက်နေပြီးနောက် ကျွန်ုပ်တို့ လုပ်ငန်းခွင်သို့ ပြန်ရောက်သောနေ့မှာပဲ..

အသက်ခုနစ်ဆယ်ခန့်ရှိသော တိုင်းရင်းသားအဘိုးအိုတစ်ဦး ကျွန်ုပ်တို့စခန်းချရာနေရာသို့ တုတ်ကောက်တောင်ဝှေးကြီးထောက်၍ ရောက်ရှိလာခဲ့၏။

"အဘ.. ဘယ်အရပ်ကို သွားမလို့ပါလဲခင်ဗျာ"

လုံခြုံရေးဝန်ထမ်းများက တောကြီးမျက်မည်းထဲ အသက်အရွယ်





ကြီးရင့်လှသည့် အဘိုးအိုတစ်ဦး အဖော်မပါ၊ လက်နက်မပါ ရောက်လာ၍ တာဝန်အရ မေးရ၏။

"ဒီစခန်းကို လာခဲ့တာပါ လူကလေးတို့ရယ်"

"အဘိုးအမည် ဘယ်လိုခေါ်သလဲခင်ဗျ"

"ဦးဖားမွန်လို့ ခေါ်ပါတယ်"

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"လူကြီးတစ်ဦးဦးနဲ့ တွေ့ချင်လို့ပါ။ ပြောစရာစကားများ ရှိလို့ပါ"

သည်လိုနှင့် အုပ်ချုပ်သူဆရာကြီးထံသို့ ရောက်ခဲ့၏။

"ဘကြီး.. ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ"

ဆရာကြီးက သည်စခန်းမှာ သူ့ဆွေမျိုးသားချင်းများ ပါလာမှန်းကြား၍ ရောက်ရှိလာသည်ဟု ယူဆပြီး မေး၏။

"လူလေးက ဒီစခန်းရဲ့ အကြီးအကဲလား"

"ဟုတ်ပါတယ်ခင်ဗျ။ ဘာကိစ္စရှိလို့ပါလဲ"

"လူလေးတို့စခန်းမှာ ခုတလော ထူးဆန်းတဲ့ရောဂါဝေဒနာများ ဖြစ်ပြီး ဆေးရုံတင်ရတဲ့သတင်းကို ကြားလို့ ရောက်လာရတာပါ"

"အဘက ဘယ်အရပ်ဒေသကပါလဲ အဘ"

"အဘ လွန်ခဲ့တဲ့အနှစ်ငါးဆယ်လောက်က ဒီဝန်းကျင်တစ်ဝိုက်မှာ နေထိုင်ခဲ့ဖူးပါတယ်"

"ဪ.. ဟုတ်ကဲ့ခင်ဗျ။ ဒါနဲ့ အဘရဲ့အလုပ်အကိုင်ကရော ဟင်"

"တစ်သက်လုံး ဓာတ်ဗိန္ဒော၊ တိုင်းရင်းဆေး၊ ပယောဂကုသတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါတယ်။ အခု ဒီကနေ ငါးမိုင်ကျော်ဝေးတဲ့ (....) ရွာကြီးမှာ နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့.. ဆက်ပြောပါ အဘ"

"လူလေးတို့လူတွေ ဒီမှာ ဘယ်လိုစပြီး ဖြစ်ပျက်နေတယ်ဆိုတာကို အသေးစိတ်ပြောပြပါ လူကလေး"

သို့နှင့် အုပ်ချုပ်သူဆရာကြီးက သည်နေရာကို ရောက်လာရသည့် ကိစ္စမှသည် အုတ်ဂူရှိသောကွက်လပ်မှာ ခေတ္တနေထိုင်ကြရာမှ မမျှော်လင့်ဘဲ ၎င်းအုတ်ဂူနှစ်ခုနှင့် နွယ်စပ်၍ ရောဂါဝေဒနာခံစားရပြီး အိပ်မက်ဆိုးများ၊ အမြင်ဆိုးများ မြင်မက်ကြကာ..

ခေါင်းကိုက်ရောဂါ၊ ဖျားနာရောဂါ၊ ထိတ်လန့်ရောဂါ၊ အိပ်မပျော်ရောဂါနှင့် ဝမ်းလျှောရောဂါများအပြင် အမြင်မှောက်နေသည့် သဘာဝလွန်ဖြစ်ရပ်ဆန်းများအကြောင်းကို မယုံရဲယုံရဲနှင့် ရှင်းပြလိုက်လေသည်။

"လူလေးဆရာကြီး.."

"ခင်ဗျာ အဘ"

"အဲဒီနေရာကို ခေါ်သွားလိုက်ပို့ပေးနိုင်မလား"

"ဘယ်နေရာလဲ အဘ"

"အုတ်ဂူနှစ်ဂူနေရာကိုပါ"

"ဟုတ်ကဲ့.. လိုက်ခဲ့ပါ အဘ"

သို့နှင့် အဘိုးအိုကြီးသည် အုတ်ဂူနှစ်ဂူရှိရာသို့ ရောက်ခဲ့လေ၏။ ဦးစွာ သူသည် ပတ်ဝန်းကျင်ကို လှည့်လာကြည့်ရှု၏။

ပြီးနောက် သက်တမ်းရင့်ညောင်ပင်ကြီးကို လှမ်းကြည့်၏။

ပြီး.. အုတ်ဂူနှစ်ခုကို အနီးကပ်၍ စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ပြီး ဂူရှေ့မှ စာများကို ငုံ့၍ ကပ်၍ ဖတ်နေ၏။

ကြည့်ရသည်မှာ..

အသက်ကြီးသော်လည်း အမြင်အာရုံကောင်းပုံရ၏။





ရဲစွမ်းသတ္တိနှင့်လည်း ပြည့်ပုံရ၏။ သည်လို ခရီးကြမ်းနေရာကို အဖော်မပါ တစ်ယောက်တည်းလာရဲသည်ကို ကြည့်ခြင်းအားဖြင့်လည်း သိသာသည်။ ဒါ့အပြင် ကျွန်ုပ်တို့ပင် လမ်းပြနှင့် လာခဲ့ရသည့်ခရီးကို သူ တန်းတန်းမတ်မတ် အရောက်လာနိုင်သည်ကလည်း ထူးခြားသည့် စေတနာနှင့် ရည်ရွယ်ချက် ရှိရမည်ဟု ကျွန်ုပ်တို့ခန့်မှန်းကြလေ၏။

အဘိုးအိုသည် ဂူနှစ်ခုပေါ်မှ ဝိုးတဝါးစာတန်းနှစ်ခုကို ဖတ်ပြီး ခေါင်းညိတ်လေ၏။

"ဘယ်လိုထူးခြားဖြစ်စဥ် ရှိပါသလဲ အဘ"

"လူလေးတို့ ဆရာကြီးတို့ ဒီဝန်းကျင်မှာ ကြာဦးမှာလား"

"ဟုတ်ကဲ့.. ကြာပါဦးမယ်ခင်ဗျာ။ ဘာဖြစ်လို့လဲဟင်"

အဘိုးအိုသည် ဂူနှစ်ခုကို အာရုံစိုက်၍ ကြည့်ပြီးနောက်..

"ဒီအုတ်ဂူနှစ်ခုကို ဖျက်လိုက်စမ်းကွယ်"

"ဘာဖြစ်လို့"

"အဘ မသက်သာလို့ပါ"

"ဗျာ.. ဘယ်လိုမသက်သာလို့လဲ အဘရဲ့"

"ဒီအုတ်ဂူနှစ်ခုကို ကျုပ်လက်နှစ်ဖက်နဲ့ လုပ်ခဲ့တာပဲ"

"ဟင်.."

"အဲဒီ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ကျုပ်တို့ ဒီဂူထဲက လူသေနှစ်လောင်းကို ထူးဆန်းလျှို့ဝှက်တဲ့ ဓာတ်ဆေးပညာအစီအရင်နဲ့ စီရင်ပြီး အုတ်ဂူသွင်းခဲ့တယ်"

"ဟုတ်ရဲ့လား အဘရယ်"

ကျွန်ုပ်တို့ဆရာကြီးက အဘိုးအိုကို စိတ်မနှံ့သူဟု ယူဆ၍လား မသိ။ ဟုတ်ရဲ့လားအဘရယ်ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် လူလေးဆရာကြီး။ သူတို့နှစ်ဦးရဲ့ အလောင်း နှစ်ခုမှာ ဟောဒါက ယောကျ်ားအလောင်း။ နာမည်က ရွှန်းဝဏ္ဏတဲ့။ ဟိုဘက်အုတ်ဂူက မိန်းကလေးအလောင်း။ အမည်က မယ်ဟေမာတဲ့။ သူတို့ကို တစ်နေ့တည်း၊ တစ်ချိန်တည်း မှန်ခေါင်းနဲ့ထည့်၊ တိုင်းရင်းဆေး ဝါး ဆေးရည်များနဲ့ ကျုပ်ကိုယ်တိုင်ဖော်စပ်လိမ်းကျံလူးသုပ်ပြီး မြှုပ်နှံ ဂူသွင်းခဲ့တာ"

"အခု ဘာကြောင့် သူတို့ဂူကို ဖျက်ရမှာလဲ အဘရဲ့"

"ကျုပ်တို့ တာဝန်ယူလုပ်ခဲ့တဲ့အလုပ် မှားသလား၊ မှန်သလား သိချင်တာကတစ်ပိုင်း။ အဲဒီလုပ်ရပ်ရဲ့ နောက်ဆက်တွဲ သဘာဝလွန်ဖြစ်ရပ် ဆန်းတွေနဲ့ ဆက်စပ်မှု ရှိ၊ မရှိလည်း သိချင်လို့ပါ။ ကိုင်း.. ဖျက်ပါ"

"ကျွန်တော်တို့ မလုပ်ရဲဘူး အဘ"

"အိမ်း.. ဒါလည်း ဟုတ်ပေတာပဲ။ ကိုင်း.. ကျုပ်ကို ဆောက်ရယ်၊ တူရယ်၊ ဓားမရယ် ခဏပေးကြပါ"

ကျွန်ုပ်တို့ ဆရာကြီးကား ယုံသည်လည်း မဟုတ်၊ မယုံသည်လည်း မဟုတ်။ ကိုယ်နှင့်တိုက်ရိုက်မဆိုင်သည့် အသုဘကဲ့သို့သော ကိစ္စမျိုး..။

တစ်နည်း..

လုပ်ကောင်း၊ မလုပ်ကောင်း နားလည်ရခက်သည့် ကိစ္စကြီးဖြစ်၍ မလုပ်ပါရစေနဲ့ဟု ငြင်းပယ်လိုက်တော့ အဘိုးအိုက သူကိုယ်တိုင်ဖျက်၍ ကြည့်မည်ဟု ဆို၏။

ဤဂူကို သူ့လက်နှင့် လုပ်ခဲ့တာတဲ့။

ဒါဖြင့် သည်နေရာ၊ သည်အရပ်သည် လွန်ခဲ့သည့် အနှစ်လေးငါးဆယ်က သချိုင်းကုန်းလား၊ ကိုယ်ပိုင်ခြံမြေလား။ ယခုလို တောကြီး





မျက်မည်းပဲလား။

ကျွန်ုပ်တို့က ပေါက်ချွန်း၊ ပေါက်ပြား၊ ရူး၊ ဆောက်များ ထုတ်ပေးလိုက်သောအခါ တူးခြားသောအဘိုးအိုသည် အုတ်ဂူကစ်လုံး၏ အပေါ်ယံအုတ်များကို ဆောက်စူးနှင့် တစ်ချပ်ချင်း ခွာလေသည်။

တစ်နာရီခန့်ကြာသောအခါ..

ဂူတစ်လုံးပွင့်သွားပြီး ခေါင်းတစ်လုံးကို ကျွန်ုပ်တို့အားလုံး မြင်လိုက်ရသည်။

အလို.. ခေါင်းကား သစ်သားခေါင်းမဟုတ်။

မှန်ခေါင်းပါကလား။

ငုံ့ကြည့်လိုက်သောအခါ ပို၍အံ့ဩစရာဖြစ်ရပ်များကို ကျွန်ုပ်တို့ မြင်လိုက်ရသည်။

မှန်ခေါင်းထဲမှာ လူတစ်ယောက် ပက်လက် စန့်စန့်ကြီး အိပ်နေသည့်အတိုင်းရယ်..။

"အဘ.."

"ဟော.."

"သူ.. သူ.. အိပ်ပျော်နေတာလားဟင်"

"မဟုတ်ဘူး..။ သေဆုံးနေတာ"

"ဗျာ.. ဟုတ်ရဲ့လား အဘရယ်။ ကြည့်ပါဦးခင်ဗျ"

"သူသေခဲ့တာ အနှစ်ငါးဆယ်ကျော်ရှိပါပြီ လူကလေးတို့"

"ခင်ဗျာ.."

"ဟယ်.. အိပ်နေတဲ့အတိုင်းပဲ"

ထိုင်းနောက် ကျွန်ုပ်တို့လူငယ်များအကူအညီကို ရယူ၍ မှန်ခေါင်းကို မြေပြင်သို့ ရွှေ့ချလိုက်ကြသည်။ မှန်ခေါင်းထဲမှာ အသက်သုံးဆယ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်အလောင်းတစ်လောင်း။

ရုပ်ရည်က သန့်ပြန့်၏။ ဝတ်ကောင်းစားလှများ ဆင်ထား၏။ ပကတိ လူသားစင်စစ် အိပ်ပျော်နေသည့်အတိုင်း။ မျက်စိနှစ်လုံးက မျက်လွှာချပိတ်လျှက်။ မပုပ်မသိုးသေးပါကလား။

"အဘ နောက်တစ်ဂူကို ဖွင့်ကြည့်ဦးမယ်။ ပြီးမှ ဒီဇာတ်လမ်းကို ပြောပြမယ်"

သည့်နောက် အဘိုးအိုက နောက်တစ်ဂူကို ဖွင့်ပြန်သည်။ ဂူ ပွင့်သွားသောအခါ မှန်ခေါင်းတစ်ခု ထပ်၍ပေါ်လာပြန်သည်။ မှန်ခေါင်းကို ဆွဲထုတ်ယူချ၍ ကြည့်လိုက်တော့..

အထဲမှာ အလွန်ချောမောလှပသည့် အသားဖြူဖြူ အသက် နှစ်ဆယ့်ငါးနှစ်ခန့် မိန်းကလေးတစ်ယောက်။ သူလည်း ဟိုမှန်ခေါင်းထဲက ယောကျ်ားကဲ့သို့ အိပ်ပျော်နေဘိအလား။ သူမလည်း လွန်ခဲ့သည့် အနှစ် ငါးဆယ်ကပဲ သေဆုံးခဲ့သည်ဟု ဆို၏။

ကျွန်ုပ်တို့ သုတေသနပြု လေ့လာရေးအဖွဲ့ဝင်များသည် တော ကြီးမျက်မည်းအလယ်တွင် အုတ်ဂူထဲမှ မသိုးမပုပ် လူပကတိအိပ်နေသည့် အတိုင်း ရှိနေသော မှန်ခေါင်းသွင်းရုပ်အလောင်းနှစ်ခုကိုကြည့်ပြီး လွန်စွာ အံ့သြတုန်လှုပ် ချောက်ချားနေကြသည်။

"အဘ.."

"ခင်ဗျာ..ဆရာကြီး"

"ထူးဆန်းလှချည်လား အဘရယ်။ အနှစ်ငါးဆယ်ကျော်နီးပါး မသိုးမပုပ်တဲ့ လူရုပ်အလောင်းကို ကျွန်တော်တို့ ဒီတစ်ခါပဲ မြင်ဖူးပါတယ် ခင်ဗျာ"

"ဆရာကြီးတို့ လောကဓာတ်သိပ္ပံဆေးပညာမှာ လူ့ကို အချိန်





အတန်ကြာ မသိုးမပုပ်အောင်လုပ်တဲ့နည်း ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့.. ရှိပါတယ်ခင်ဗျ"

"ဆရာကြီးသိသလောက် ရှင်းပြပါလား"

"ရှေးအခါတုန်းက အီဂျစ်ပြည်မှာ ရှင်ဘုရင်များ၊ မိဖုရားများ နတ်ရွာစံရင် တိုင်းရင်းဓာတုဆေးရည်စိမ်ပြီး ကျပ်စည်းကြပါတယ်။ ကြာ ရှည်ခံ မသိုးမပုပ်ရအောင်လို့ပါ။ ပြီးမှ တြိဂံပုံ ကျောက်တုံးပိရမစ်ဂူကြီး များနဲ့ မြှုပ်နှံကြပါတယ်။ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော် သုံးထောင်လောက်ကပါ။ အဲဒီပိရမစ်များကို အခုဖွင့်ကြည့်လိုက်တော့ အဝတ်နဲ့ကျပ်စည်းထားတဲ့ ရုပ်အလောင်းများကို အထင်အရှား တွေ့ကြရ ပါတယ်"

"ဘယ်လို ထူးခြားတာ တွေ့ရသလဲ ဆရာကြီး"

"ငါးခြောက်များလို ခြောက်သွေ့ပြီး တောင့်နေတာမျိုးပါ"

"ဒါပဲလား ဆရာကြီးခင်ဗျား"

"ရှိပါသေးတယ် အဘခင်ဗျား။ မျက်မှောက်ခေတ်သိပ္ပံဆေး အတတ်ပညာ တိုးတက်လာတော့ လူ့ကို ရက်ရှည် အတန်ကြာ မသိုးမပုပ် အောင် ခေတ်မီဆေးရည်သွင်းပြီး စီမံလာကြပါတယ်"

"ကြာရှည်ရော ခံရဲ့လား"

"သိပ်တော့ မခံပါဘူး။ သူ့ဆေးရဲ့အာနိသင် ပြယ်ချိန်နီးရင် ဆေးရည်ပြန်ထိုးသွင်းရပါတယ်။ နောက်တစ်မျိုးက သားကောင်ငယ်များ၊ ထူးခြား အသက်မဲ့ သန္ဓေသားလောင်း၊ သားငယ်များ ခန္ဓာကိုယ်ပစ္စည်း များကို မသိုးမပုပ်အောင် ဆေးရည်စိမ်တဲ့နည်းပါ။ ဒါက ဆေးကျောင်း သားများ၊ တိရိစ္ဆာန်ဆေးကုဆရာဝန်များနဲ့ ဇီဝဗေဒကျောင်းသားများ အတွက် ရည်ညွှန်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို လူ့ပကတိအတိုင်း နှစ်ကြာရှည်စွာခံတာမျိုး ဒီမှာတွေ့ဖူးပါသလား ဆရာကြီးခင်ဗျာ"

"မှန်ရာပြောရရင် ဒါ ပထမဦးဆုံးအကြိမ်ပါပဲ အဘခင်ဗျာ"

"အင်း.. ဟုတ်မှာပေါ့.. ဟုတ်မှာပေါ့.."

"အဘ.."

"ခင်ဗျား.."

"ကျွန်တော်တို့အားလုံး လွန်စွာအံ့သြနေကြပါတယ်၊ ဒီဖြစ်ရပ်ဆန်းကြယ်အကြောင်းကို သိခွင့်ရရင် သိပါရစေ အဘ"

"အိမ်း.. ကျုပ်လည်း အဲဒါကို သိချင်လို့ ဒီနေရာကို အသက်ကြီးမှ စွန့်စွန့်စားစား ကြားကြားချင်း လာခဲ့ရတာပဲ၊ ဖြစ်ရပ်ဇာတ်ကြောင်းက ဒီလိုပါ ဆရာကြီးတို့ခင်ဗျား.."

❀ ❀ ❀

## ‹၆›

လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်က သည်နေရာဝန်းကျင်မှာ ရွာကြီးတစ်ရွာရှိခဲ့တယ်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေချိန်ပေါ့။ ကျုပ်အမည်က ဦးဖားမွန်တဲ့။ တိုင်းရင်းဆေးဆရာတစ်ဦးပါ။

ကျုပ်ရဲ့ဆရာများက မင်းတုန်းမင်းနဲ့ သီပေါမင်းဘုရားတို့ရဲ့ နန်းတွင်းသမားတော် အကျော်အမော်များဖြစ်တဲ့ ဆရာပိုကြီးနဲ့ ဆရာခိုကြီးတို့ပါ။

ကျုပ်ဆရာသခင်များက လူသေအလောင်းများ ကြာရှည်ခံမယ့် ဆေးပညာအတတ်ကို လျှို့ဝှက် အထူးပြုလေ့လာခဲ့ကြတယ်။

မင်းတုန်းမင်းတရားကြီးဟာ သူ့ရဲ့ တောင်နန်းမိဖုရားကြီး (အစ်မဝမ်းကွဲ) ကို လွန်စွာချစ်မြတ်နိုးတော်မူတယ်။ မိဖုရားကွယ်လွန်တော့ သူ့ပုံတူကို ထုဆစ်ပြီး သက်ရှိထင်ရှားရှိစဉ်ကအတိုင်း နန်းမတော်ဆောင်မှာ ရုံရွှေတော်များ၊ ပွဲတော်အုပ်ပါ တည်ပေးကြရတယ်၊ ယင်ထွင်းပေးရ

www.burmeseclassic.com



တယ်။ ဝတ်လဲတော်များ လဲပေးကြရတယ်။

ဆိုလိုတာက သူ့မိဖုရားကြီးကို မင်းတုန်းမင်းက အလွန်ချစ်မြတ်နိုးတော်မူတာကိုး။ အချိန်ရရင် မိဖုရားရုပ်တုနန်းဆောင်မှာပဲနေပြီး ရုပ်တုကို တစိမ့်စိမ့်ကြည့်ရှုတော်မူလေ့ရှိတယ်။

အဲဒီမှာ သမားတော်ကြီးများကို ငါ့မိဖုရား မသိုးမပုပ်ဘဲ လူပကာတိကဲ့သို့ ရှိနေရင် ကောင်းမှာပဲလို့ ညည်းတော်မူသတဲ့။ နောင်အခါ မြန်မာနန်းတွင်းသမားတော်ကြီးများဟာ လူသေကောင်ကို မသိုးမပုပ်စေနိုင်တဲ့ ဆေးအာတတ်ပညာကို ကွေးတောကြီးဆ ရှာဖွေခဲ့ကြတယ်။

ဒီလိုနဲ့ နယ်ချဲ့ကျွန်ဘဝကို ကျုပ်တို့တစ်နိုင်ငံလုံး ရောက်ရှိသွားခဲ့ကြတယ်။ ဒီအချိန်မှာ ဆရာသခင်များရဲ့ လမ်းညွှန်ချက်နဲ့ ကျုပ်တို့တပည့်များ လူသေကောင် မသိုးမပုပ် ကြာရှည်ခံတဲ့ ဆေးအတတ်ပညာကို နှစ်များစွာ စူးစမ်းရှာဖွေလုပ်ကိုင်ခဲ့ရာမှ ကျုပ်တို့လက်ထက်မှာ အဲဒီနည်းပညာကို တိုင်းရင်းဆေးနည်းနဲ့ လျှို့ဝှက်ဖော်စပ်တွေ့ရှိခဲ့တယ်။

လူကို မစမ်းသပ်ရဲသေးဘူး။

တိရစ္ဆာန်များကို စမ်းသပ်ပြီးပြီ။ အောင်မြင်တယ်။ အဲဒီအချိန်မှာ နယ်အုပ်ကြီး ဦးဝဏ္ဏရွှေလူရဲ့သား ဟောဒီ လူယောကျ်ားရုပ်အလောင်း မောင်ရွှန်းဝဏ္ဏဟာ ဟောဒီလူမိန်းမရုပ်အလောင်း မယ်ဟေမာနဲ့ ချစ်ကြိုက်ခဲ့ကြတယ်။

မယ်ဟေမာလေးက ချောတယ်။ ဒါပေမဲ့ ဆင်းရဲတယ်။ နယ်အုပ်ကြီးက သဘောမတူဘူး။ မပေးစားဘူး။

သူက မြို့အုပ်တစ်ဦးရဲ့ သမီးနဲ့ သူ့သားကို လက်ထပ်ထိမ်းမြားဖို့ စီစဉ်နေတုန်း..

မောင်ရွှန်းဝဏ္ဏက မယ်ဟေမာကို မြင်းနဲ့တင်ခိုးပြီး ဟော်





(.....) ရွာကို အရောက်ပြေးခဲ့တာပဲ။

နယ်အုပ်ကြီးရဲ့အမိန့်အရ သူတို့နှစ်ဦးကို တောနင်းပြီး လိုက်ရှာကြရော သူတို့နှစ်ဦးခမျာ အမျိုးအမည်မသိတဲ့ ရောဂါနဲ့ ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါပြီ။

မြန်မာလိုတော့ ပန်းဖျား၊ အပူရှပ်လို့ ခေါ်ရမှာပဲ၊ အဲဒါ အလောင်းနှစ်လောင်းကိုကြည့်ပြီး နယ်အုပ်ကြီး စိတ်ထိခိုက်ဝမ်းနည်းခဲ့ရှာတယ်။ ဒီသားတစ်ဦးပဲ သူတို့မှာ ရှိတာကိုး။

နောက်ဆုံး..

သူ့ရဲ့သမားတော်ကြီးဖြစ်တဲ့ ကျုပ်ကို ကောင်းမွန်စွာ သဂြိုဟ်ဂူသွင်းလိုက်ပါလို့ တာဝန်ပေးခဲ့ရော။

ဒီကလေးကို ကျုပ်လည်း ချစ်ခဲ့တာပဲ။

သူ့မိဘများလည်း ချစ်ခဲ့၊ သံယောဇဉ်ကြီးခဲ့တာပါပဲ၊ ကျုပ်လက်ပေါ်မှာ ကြီးခဲ့တဲ့ကလေးမို့ ကျုပ်သားလို ချစ်ခဲ့ရတယ်။ ဒီသံယောဇဉ်စိတ်နဲ့ ကျုပ် သူတို့နှစ်ဦးရဲ့အလောင်းကို ကျုပ်စမ်းသပ်ဖော်စပ်ထားတဲ့ တိုင်းရင်းဆေးဝါး ဆေးပညာအတတ်နဲ့ ဆေးစိမ်၊ ဆေးသွင်းစီရင်ပြီး ဟောဒီအရပ်မှာ ဂူသွင်းမြှုပ်နှံ သဂြိုဟ်ခဲ့ပါတယ်။

ဘယ်အဆင့်ထိ ကြာရှည်ခံမယ်ဆိုတာ ကျုပ်မသိခဲ့ရဘူး။ ဒီလိုနဲ့ လွတ်လပ်ရေးရပြီးချိန်နောက်ပိုင်း ဒီဝန်းကျင်မှာ အိမ်ရာများ မရှိတော့ဘူး။ မြို့ခြေကို ရောက်ကုန်ပြီး ဒီအရပ် တောကြီးမျက်မည်းဖြစ်ခဲ့ရတယ်။

ကျုပ်လည်း အခြားမြို့ရွာများမှာ ဆေးကုသရင်း အသက်အရွယ်ကြီးခဲ့ရတယ်။ ဒီမှာ မောင်တို့အဖွဲ့ ဒီအရပ်ကိုရောက်ပြီး ဂူနှစ်ဂူဝန်းကျင်မှာ အနေအထိုင်၊ အစားအသောက်၊ အပြုအမူ မသင့်သည်များဖြစ်ပြီး တစ်ယောက်ပြီးတစ်ယောက် ရောဂါဆန်းများဖြစ်၊ ထိတ်လန့်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



၌ ကယောင်ချောက်ချား အိပ်မက်ဆိုးများနဲ့အတူ စိတ်ဝေဒနာရောဂါလို မျိုး ဖြစ်ပြီး ဆေးရုံရောက်ကုန်ကြမှန်း ကြားတာနဲ့ ဆက်စပ်မှုရှိမလားဆိုပြီး ရောက်ခဲ့တာပဲ။

ဒီရောက်တော့ ကျုပ် ထူးခြားချက်နှစ်ချက်ကို တွေ့ခဲ့ရတယ်။ တစ်အချက်က ဒီအုတ်ဂူပေါ်မှာ စားသောက်ပျော်ပါး ပြုမူသူများ ဝေဒနာဆိုးများ ခံစားရတယ်။

နှစ်အချက်..

ဂူကိုဖွင့်လိုက်တဲ့အခါ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်ခန့်က ကျုပ် ကိုယ်တိုင် တိုင်းရင်းဆေး၊ လောကီဆေး အစီအရင်ပညာရပ်နဲ့ စီရင်မြှုပ်နှံ မှန်ခေါင်းသွင်းထားခဲ့တဲ့ ရုပ်အလောင်းနှစ်ခုက နှစ်ပေါင်းကြာရှည် မသိုး မပုပ် ဖြစ်နေဆဲပဲဆိုတာကို ကျုပ် အခု အံ့သြစရာကောင်းအောင် သိခဲ့ရ တယ်။

ဟောဒီမှာကြည့်..မောင်တို့။

ဒါ..အင်္ဂလိပ်အစိုးရမပြေးခင်တုန်းက ရိုက်ကူးထားတဲ့ မောင် ရွှန်းဝဏ္ဏနဲ့ မယ်ဟေမာရဲ့ ဓာတ်ပုံနှစ်ပုံပဲ"

ကျွန်ုပ်တို့အားလုံးသည် ထူးဆန်းသော အဘဆေးဆရာကြီး ထုတ်ပြသည့် အဖြူအမည်းဓာတ်ပုံနှစ်ပုံကို လက်ဆင့်ကမ်း၍ ကြည့်လိုက် သောအခါ..

ဓာတ်ပုံထဲက ရုပ်သွင်များနှင့် မှန်ခေါင်းထဲက သက်မဲ့လူသား နှစ်ဦး၏ ရုပ်သွင်သည် တပ်အပ်သေချာ တူညီနေသည်ကို တွေ့မြင်ကြပြီး ပို၍အံ့သြကြရပေသည်။

"အခု..အဘဆရာကြီး ဘယ်လိုစီစဉ်ဆောင်ရွက်ပါမည်လဲ ခင်ဗျာ"





"ကျုပ် ဒီမှန်ခေါင်းနှစ်ခုကိုဖွင့်ပြီး သူတို့ကို မီးသင်္ဂြိုဟ်မယ်"

"ဗျာ.."

"ဘာလို့လဲဟင်"

"ဘာလို့လဲဆိုတော့ ဒီလွန်ခဲ့တဲ့အနှစ်ငါးဆယ်က ရုပ်အလောင်း နှစ်ခု မသိုးမပုပ်ရှိနေတာကို သူတို့အဆွေအမျိုးများသိရင် ဒီနေရာကို အပြေးရောက်လာကြည့်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ကုန်ကြမယ်။

လူစုလူဝေးနဲ့ အုတ်အော်သောင်းတင်းဖြစ်ပြီး နောက်ဆုံး ဒီဆေး အတတ်ကို ဘယ်သူတတ်သလဲ၊ စီရင်နိုင်သလဲ မေးကြမယ်။

ကျုပ်မှန်းသိရင် သေသူရှိခဲ့ပါက ဒီလိုပဲ မသိုးမပုပ်အောင် လာဘ်လာဘများပေးပြီး လုပ်ခိုင်းကြမယ်။ အဲဒီကမှတစ်ဆင့် အသက် သွင်းလို့ရရင် သွင်းပေးပါလို့ တစ်ဆင့်တက်ပူဆာလာကြမယ်။ ကျုပ်မှားပါ တယ်"

"ဘာဖြစ်လို့ မှားရပါသလဲခင်ဗျာ။ ဒါ..အလွန်ဆန်းကြယ်တဲ့ ဆေးအတတ်ပညာ မဟုတ်ဘူးလား ဆရာကြီးခင်ဗျား"

"မှန်ပါတယ်။ အလွန်ဆန်းကြယ်ပြီး အံ့သြစရာကောင်းတဲ့ ဆေးအတတ်ပညာပါ။ သို့သော် ကျုပ်တို့ ဘုရားဟော တရားဓမ္မအဆို အမိန့်နဲ့ ဆန့်ကျင်နေတယ်"

"ရှင်းပါဦး ဆရာကြီးခင်ဗျား"

"ကျုပ်တို့ဗုဒ္ဓဘုရားရှင်က လူ့သတ္တဝါမှန်ရင် အနိစ္စ အမြဲမရှိလို့ ဆိုခဲ့တယ်။ ဟောကြားခဲ့တယ်။ ဥပါဒ်ဌီဘင် တည်တယ်။ ဖြစ်တယ်။ ပြီး ရင် ပျက်ရမယ်။ ပျိုပြီးရင် အိုရမယ်။ အိုပြီးရင် နာရမယ်။ နာပြီးရင် သေရမယ်။ သေပြီးရင် အနိစ္စသခါရသဘောအရ ရုပ်ခန္ဓာသည် ပုပ်ပွကြ ၍ မြေကြီးဩဇာ ဖြစ်ကိုဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဘုရားရှင်ရဲ့ အနိစ္စသင်္ခါရတရားအလိုကို နားလည်မှ နောက်ဘဝသစ် သံသရာမလည်ဖို့ ဒါန၊ သီလ၊ ဘာဝနာအမှုကို ပြုလုပ်ကြမယ်။

ဒီအသိ၊ ဒီအလိုကို ဆန့်ကျင်ပြီး သေသူကို မသိုးမပုပ်အောင် လုပ်လို့ရတော့ ဒီရုပ်ခန္ဓာကိုကြည့်ပြီး ဒါ..ငါ့သား၊ ငါ့မယား။ ငါ့လင်၊ ငါ့သမီးဆိုတဲ့ တဏှာအစွဲနဲ့ အနိစ္စသင်္ခါရကို အနိစ္စသင်္ခါရလို့ မမြင်ဘဲ မပျက်စီးသေးသော ဒီဆေးစိမ်အရုပ်မှာ နစ်မွန်းပြီး သံယောဇဉ်တွေ၊ တပ်မက်မှုတွေ ဖြစ်နေရင် တရားမရကြတဲ့ မိစ္ဆာဒိဋ္ဌိအများတွေနဲ့ သံသရာလည်နေကြမယ်။

ကျုပ်တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင် သူ့ရဲ့ ရွှေအဆင်းလို ရုပ်ခန္ဓာကို နောင်အရှည် ကိုးကွယ်အသိအမှတ်ပြုဖို့ ပကတိအတိုင်း တန်ခိုးစွမ်းအင်နဲ့ မထားရစ်ဘူး။ တေဇောဓာတ်နဲ့ မီးသဂြိုဟ်စေခဲ့တယ်။

ဒီလိုပဲ ရဟန္တာအရှင်သူမြတ်များလည်း သူတို့ရဲ့ သေလွန်ပြီးရုပ်ခန္ဓာကို တေဇောဓာတ်နဲ့လောင်ကျွမ်းစေခဲ့တာသည် တဏှာအစွဲ ဥပါဒါန်အဖြစ် မကျန်ရစ်အောင် လမ်းကောင်းလမ်းညွှန် ပြသသွားတာပဲ။

တိရစ္ဆာန်များအတွက် ပညာရပ်ဆိုင်ရာ အသုံးချဆေးစိမ်ပညာကို အခု ပညာရှင်တွေ တတ်မြောက်ကုန်ပါပြီ။

ဘုရားရှင်ရဲ့အလိုတော်နဲ့ ဆန့်ကျင်တဲ့ 'အနိစ္စသင်္ခါရ' ကို 'နိစ္စအသင်္ခါရ' ဖြစ်စေမယ့် ဒီပညာရပ်ကို ကျုပ် နောင်ဘယ်သောအခါမှ မလုပ်တော့ဘူး။ ကျုပ် အပါယ်ကို မသွားချင်ဘူး။ ဒီသေသူများရဲ့ အမျိုးအဆွေများလည်း သံယောဇဉ်ဥပါဒါန်အစွဲတဏှာနဲ့ လောကီသံသရာ လောကုတ္တရာသံသရာမှာ မလည်၊ မနစ်စေချင်ဘူး။

ကိုင်း.. ကျုပ် ခေါင်းဖုံးကို ဖွင့်မယ်။ အားလုံး နံဘေးကို





ဖယ်နေကြပါ"

ထူးဆန်း မြန်မာ့နန်းတွင်းဆေးပညာရှင်မျိုးဆက် တိုင်းရင်းဆေးပညာရှင်ကြီး အဘဦးဖားမွန်သည် ကျွန်ုပ်တို့အားလုံးကို နံဘေးသို့ဖယ်ရှားစေပြီးနောက်..

ဦးစွာ အမျိုးသားမှန်ခေါင်းမှ ပွဲညက် (ပွလျက်) ကော်များကို မီးနှင့်အပူပေး၍ ပျော်စေပြီးနောက် မှန်ခေါင်းကိုဖွင့်ချလိုက်သောအခါ..

"ဟာ.."

"ဟယ်.."

"ဟင်.."

"အလိုလေးဗျ"

အံ့ဖွယ်ဘနန်းတည်း။ မှန်ခေါင်းဖုံးပွင့်သွားသည်နှင့် မှန်ခေါင်းအတွင်းမှ လူပကတိအတိုင်းရှိနေသော ရုပ်အလောင်းသည် ပြင်ပလေနှင့် ချက်ချင်းတွေ့ထိကာ ဓာတုဓာတ်များပြောင်း၍ ချက်ချင်းရှုံ့ကျုံ့သွားသည်ကို ကျွန်ုပ်တို့ မျက်ဝါးထင်ထင် မြင်လိုက်ရ၏။

အဘဆေးဆရာကြီးကိုယ်တိုင် ယင်းဖြစ်စဉ်ကိုကြည့်ပြီး အံ့ဩနေ၏။ မိနစ်သုံးဆယ်ခန့်ကြာသောအခါ ပျော့နွမ်းနွမ်း အရိုးပေါ်အရေတင်ရုပ်..။

တစ်နည်း..

လေရှုံ့လေကုန်ပူဖောင်းလို ဖြစ်သွားသည်ကို ထူးဆန်းစွာ မြင်လိုက်ကြရလေသည်။

သည့်နောက် အဘဆေးဆရာကြီးက အမျိုးသမီးမှန်ခေါင်းကို စောစောကအတိုင်း မီးပေး၍ ဖွင့်လိုက်၏။ မှန်ခေါင်းဖုံးကို မြေသို့ချလိုက်သည်နှင့်..



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလေကြောင့်ပဲလား. .

မီးအပူရှိန်ကြောင့်ပဲလား မသိ။

ဓာတုဓာတ်များ ဖောက်ပြန်ပြောင်းလဲကာ ချက်ချင်းပိန်ရှုံ့ကျုံ့၍ အရိုးပေါ်အရေတင်မျှသာ ကျန်ရစ်သည်ကို တွေ့ရ၏။

စောစောက ချောမောလှပသော ရုပ်သွင်နှစ်ခုသည် ယခုအခါ ကမ္ဘာ့ဘုန်းအရိုးခြောက်နှင့် ဆင်ဆင်တူနေ၏။

စောစောက စွဲမက်စရာရှုပါရုံသည် ယခု စက်ဆုပ်စရာ အနိဋ္ဌာရုံ ဖြစ်ခဲ့ချေပြီ။

ဗုဒ္ဓက ဒါကို အနိစ္စသခါရ ဆိုခဲ့ခြင်းပေတည်း။

ဘယ်အရာမှ မမြဲပါကလား။

သည်မှာပဲ အဘဆေးဆရာကြီးက ကျွန်ုပ်တို့လူငယ်များကို မီးသင်္ဂြိုဟ်ရန် ထင်းခြောက်များ စုပိုင်းခိုင်း၏။

ကျွန်ုပ်တို့အားလုံးကလည်း တက်ညီလက်ညီနှင့် ထင်းတုံးများကို ရှာ၍ စုပုံလိုက်၏။

ပြီးနောက်. .

လူသေကောင် ကမ္ဘာ့ဘုန်းရုပ်နှစ်ခုကို ထင်းပုံနှစ်ပုံပေါ်မှာ မှောက်တင်လိုက်ပြီး ထင်းပုံကို မီးရှို့လိုက်သည်။

မကြာခင်. .

ထင်းမီးအရှိန်ညီးညီးအကြားမှာ ရုပ်ခန္ဓာအရိုးစုနှစ်ခုသည် ပြာအရိုးဘဝသို့ ရောက်သွားခဲ့လေသည်။

သည်မှာပဲ အဘဆေးဆရာကြီးက မီးတောက်မီးလျှံမီးခိုးများကို စူးစိုက်ကြည့်ရင်းမှ. .

"မောင်ဝဏ္ဏနဲ့ မယ်ပေမာရေ. .။ မင်းတို့ ရုပ်ဘဝကို မစွဲလမ်းကြပါနဲ့။ မင်းတို့အဝန်းအဝိုင်းကို အထိမခံကြေပန်းကန် မဖြစ်ကြပါနဲ့တော့။ မင်းတို့နှစ်ဦး ဘဝကူးကောင်းဖို့ ဘုရားရှင်အလိုတော်ကျ သီလဝတ္တသီလနှင့် စင်ကြယ်သော ရဟန်းသံဃာများကို ပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်းများ မင်းတို့အတွက် အဘလှူဒါန်းပေးပါမယ်။ ရေစက်ချ၊ အမျှဝေရင်သာ ရောက်လေရာဘုံဘဝက သာဓုသုံးကြိမ်ခေါ်ပြီး အကျွတ်အလွတ်ဘဝသို့ ကူးပြောင်းရောက်ရှိကြပါစေ. ."





(မှတ်ချက်။ ။ ဤဝတ္ထုသည် ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံ၍ ဗုဒ္ဓအလိုကျ အနိစ္စသခါရဘဝကို ခံယူကျင့်သုံးနိုင်စေခြင်းအကျိုးငှာ ဖြူဖြင့်မွမ်းမံ ရေးဖွဲ့ရပါသည်။ ၎င်းဖြစ်စဉ်အသေးစိတ်ကို ကိုယ်တွေ့မျက်မြင်တွေ့ခဲ့သူလည်း ယနေ့တိုင် ရှိပါသေးသည်။

၎င်းအကြောင်းကို ပြောပြသည့် ကဗျာဆရာမ .....ဝိုင်အား အထူးကျေးဇူးတင်ရှိပါကြောင်း။)

❖

မောင်ညိုမှိုင်း (သန်လျင်)